# ချမ်းသာခြင်းနှင့် ကြွယ်ဝသောနှလုံးသား

ကြွယ်ဝသောနှလုံးသားမရှိလျှင် ဥစ္စာဓနချမ်းသာခြင်းသည် အကျည်းတန်သော လောဘဇောဖြစ်၏။

ကြွယ်ဝသော နှလုံးသားရှိခြင်းဆိုသည်မှာ စိတ်ကောင်း စေတနာကောင်း ရှိခြင်းဖြစ်သည်။ ဉာဏ်ပညာရှိခြင်း၊ ညီညွတ် မျှတသော စိတ်ထားရှိခြင်း၊ စိတ်သဘောထားကြီးမြတ်ခြင်း ဖြစ်သည်။

ကြွယ်ဝသော နှလုံးသားရှိသူသည် ပစ္စည်းဥစ္စာတို့ကို ရအောင်ရှာဖွေ၍ ရလာသောဥစ္စာဓနတို့ကို ဘဝနေထိုင်ရေးမှာ ကောင်းစွာ အသုံးချသည်။ စားသင့်သည်ကို စားသည်။ စုသင့်သည်ကို စုသည်။ ထပ်မံရင်းနှီးမြှုပ်နှံသည်။ သုံးသင့်သည်ကို သုံးသည်။ ပေးသင့်သည်ကို ပေးသည်။ လှူသင့်သည်ကို လှူသည်။ ဥစ္စာဓနချမ်းသာသည်နှင့်အညီ တင့်တင့်တယ်တယ်ရှိသည်။ ဂုဏ်ကျက်သရေပြည့်စုံသည်။

ကြွယ်ဝသောနှလုံးသားမရှိလျှင် မိမိရှာဖွေ၍ရသော ဥစ္စာဓနကို ကိုယ်တိုင်လည်း မစားရက်၊ မသုံးရက်။ ပေးသင့်သည်ကိုလည်း မပေးရက်၊ လှူသင့်ပါလျက် မလှူရက်။ ငွေထုပ်ပိုက်ပြီး ငွေထုပ်ကြီးသည်ထက် ကြီးလိုသည်။ ရသည်ထက် ပိုရလိုသော လောဘဇောဖြစ်နေသည်။ ဥစ္စာဓနချမ်းသာသော်လည်း တင့်တင့်တယ်တယ်မနေနိုင်။ မပေးနိုင်။ မလှူရက်မို့ ဂုဏ်ကျက်သရေပြည့်စုံခြင်းလည်း မရှိ။ ဥစ္စာမာန်၊ ဥစ္စာ ဇောနှင့် ဥစ္စာလောဘတက်ပြီး အကျည်းတန်နေသည်။

ဘုရားရှင်လက်ထက်တော်က မစ္ဆရိယ ကောသိယ သူဌေးကြီးသည် ကုဋေရှစ်ဆယ် ကြွယ်ဝပါလျက် မပေးရက်၊ မကမ်းရက်၊ မိမိကိုယ်တိုင်ပင် မစားရက်၊ မသောက်ရက် နှမြောတွန့်တိုလျက်ရှိသည်။

တစ်နေ့တွင် သူဌေးကြီးသည် ဘုရင့်ထံခစားရာမှ အပြန်တွင် ကျေးရွာသားတို့ မုန့်အိုးကင်းကပ်လုပ်စားသည်ကို တွေ့မြင်ရ၍ စားချင်သော ဆန္ဒ ပြင်းပြစွာဖြစ်ခဲ့ရသည်။ သို့သော် မိမိက စားချင်သည်ပြော၍ မုန့်လုပ်လျှင် ဇနီးနှင့်တကွ မိသားစုပါစားကြလျှင် အကုန်အကျများမည်ကို စိုးရိမ်သည်။ ထို့ကြောင့် ဘာမျှမပြောဘဲ မျိုသိပ်သည်းခံနေရသည်။ သို့သော် စားချင်စိတ်က မေ့၍မရ။ ဖျောက်၍မပျောက်။ မုန့်အိုးကင်းကပ်ကို မြင်ယောင်ပြီး စိတ်ဆင်းရဲစွာ ငေးမောတွေးတောနေရသည်။

သူဌေးကြီး အမူအရာပျက်ယွင်းနေသည်ကိုမြင်သော သူဌေး ကတော်က အကြောင်းကိုမေးမြန်းရာ နောက်ဆုံးတွင် မတတ်သာမှ မုန့်အိုး ကင်းကပ်စားလို၍ဖြစ်ကြောင်း၊ အများအပြားလုပ်လျှင် အကုန်အကျ များမည်စိုး၍ မျိုသိပ်နေရကြောင်း ပြောကြားသည်။

သူဌေးကြီး၏အကြောင်းကိုသိသော သူဌေးကတော်က မည်သူ့ကိုမျှ မကျွေးရအောင် သူဌေးကြီးတစ်ယောက်စာအတွက် ဘုံခုနစ်ဆင့်မှာ တက်၍ မုန့်အိုးကင်းကပ်လုပ်ပေးရသည်။ မည်သူမျှတက်မလာနိုင်အောင် ဘုံခုနစ်ဆင့် တံခါးများကို ပိတ်ထားရသည်။

ကုဋေရှစ်ဆယ် ချမ်းသာသော်လည်း ကြွယ်ဝသော နှလုံးသားမရှိ၍ ကျေးရွာသား ဆင်းရဲသားတို့လောက်မျှ လွတ်လပ်ပျော်ရွှင်စွာ စားသောက် နိုင်ခွင့်မရဖြစ်သည်။ အကျည်းတန်သော လောဘဇောဖြစ်၏။

ကျွန်တော်နှင့် ရပ်ကွက်တစ်ခုတည်းမှာ အတူနေခဲ့ဖူးသော အဒေါ်ကြီးတစ်ယောက်သည် ကုန်စုံဆိုင်ကြီးကို ပိုင်ဆိုင်၍ ချမ်းသာ ကြွယ်ဝသူဖြစ်၏။ သို့သော် အလွန်ကပ်စေးနှဲသည်။ မည်သူ့ကိုမျှ မပေးရက်၊

မကျွေးရက်။ လှူဒါန်းခြင်းလည်းမရှိ။ ဈေးဝယ်သူများအပေါ်မှာလည်း အလွန်တွန့်တိုသည်။ သူ့ဆိုင်မှာကူရောင်းသော တူ၊ တူမများကိုလည်း ယူ၊ နိုးနိုး၊ ခိုးနိုးနိုးနှင့် စိတ်မချ။ သူ့ဝမ်းကိုပင် မသထာ၊ တူ၊ တူမများကို ကျွေးရသည်လည်း မသထာ။ တူ၊ တူမများ သူ့ကို စွန့်ခွာသွားကြသည်။ အကူအငှားထားလျှင်လည်း မယုံကြည်၊ စိတ်မချ။ နောက်ဆုံးမှာ အထီးကျန် အဖြစ်နှင့် သေဆုံးသွားရသည်။ ရွှေနှင့်ငွေများစွာကျန်ရစ်သည်။ သူ့ကို ရပ်ကွက်ထဲက ကြွေကန်စေ့သူဌေးမကြီးဟု ခေါ်ကြသည်။ သူ ချမ်းသာသော ငွေများမှာ ကလေးများကစားရာတွင် ကြွေကန်စေ့ကို ငွေ အဖြစ်အသုံးပြုသည်နှင့် တူသည်။ သူ့ငွေများသည် သူ့လက်ထဲမှာ အသုံးမဝင် တန်ဖိုးမရှိသော ကြွေကန်စေ့များသာ ဖြစ်ကြသည်။

သူ ကွယ်လွန်သောအခါ သူ၏ အိမ်၊ ဆိုင်နှင့်တကွ ရွှေငွေများမှာ သူမကျွေးချင်၊ မပေးချင်သော တူ၊ တူမများလက်သို့ပင် ရောက်သွားသည်။

ထိုနည်းတူပင် ကျွန်တော့်မိတ်ဆွေ ဆရာဝန်တစ်ယောက်က သူ၏ အဒေါ်အကြောင်း ပြောပြသည်။ သူ့အဒေါ်သည် မိဘအစဉ်အဆက်ကပင် ချမ်းသာခဲ့၏။ သူ၏ခင်ပွန်းကလည်း ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်သည်။ များစွာပင် စုမိဆောင်းမိသည်။ ရွှေမဟုတ်၊ ငွေမဟုတ်၊ စိန်ဝါသနာပါသူ ဖြစ်၍ စိန်များစွာစုခဲ့သည်။

အိမ်ကြီး အိုဟောင်းနေသည်ကိုလည်း မပြင်၊ မော်တော်ကားလည်း ဝယ်မစီး၊ စိန်များကို မထိရက်၊ မတို့ရက် မက်မောစွာ သိမ်းဆည်းထားသည်။ မကျန်းမာ၍ ငွေလိုသည်ပင် စိန်တို့ကို မထုခွဲရက်။ အသက်ကို အသေခံသည်။

သူကွယ်လွန်သောအခါကျမှ မီးခံသေတ္တာထဲမှာ စိန် များစွာထွက်လာသည်။ သူ၏စိန်များမှာ သူ့အတွက် ဘာမျှအသုံးတန်ဖိုး မရှိခဲ့ပါ။ ပုလင်းကွဲများပင် ဖြစ်ပါသည်။

ထိုစိန်များကို တန်ဖိုးဖြတ်သောအခါ သိန်းပေါင်း ထောင်ပေါင်း များစွာ တန်နေပေသည်။ သို့သော် ကောင်းမွန်ပျော်ရွှင်စွာ တင့်တင့် တယ်တယ်နေထိုင်မသွားနိုင်ခဲ့ပါ။ သူသည် စိန်ဆိုသောဥစ္စာများကို မက်မောသော လောဘဇောကြောင့် စိတ်ထားမူမမှန်ဖြစ်သွားလေသလား ဟုပင် သနားစရာဖြစ်ရသည်။

ကြွယ်ဝသော နှလုံးသားရှိမှ ဥစ္စာဓနချမ်းသာခြင်းသည် ကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် တင့်တယ်၏။

ကြွယ်ဝသောနှလုံးသားမရှိလျှင် ဥစ္စာဓနချမ်းသာသော်လည်း ကောင်းကျိုးချမ်းသာ မခံစားရ။ တင့်တယ်ခြင်းမရှိ။ အကျည်းတန်သော လောဘဇောသာဖြစ်နေ၏။

ဥစ္စာဓနချမ်းသာအောင် ရှာဖွေရမည်။ ချမ်းသာလျှင်လည်း ဥစ္စာဓန ကို ကောင်းကျိုးရှိစွာ အသုံးချတတ်သည့် ကြွယ်ဝသော နှလုံးသား ရှိရမည်။

◆ ◆ ◆

# ကြွားဝါခြင်း၏ရလဒ်

***ကြွားဝါခြင်းမှာ အထင်ကြီးခံရဖို့ဖြစ်၏။ သို့သော် ရရှိသည်က အထင်သေးခံရခြင်း ဖြစ်၏။***

ကြွားဝါရာတွင်လည်း ကြွားနည်းမျိုးစုံရှိပါသည်။ စကားနှင့် ကြွားသည်။ အဝတ်အဆင်နှင့်ကြွားသည်။ လက်ဝတ်လက်စားနှင့် ကြွားသည်။ အသုံးအဆောင် ပစ္စည်းနှင့်ကြွားသည်။ ဟန်ပန်လေသံနှင့် ကြွားသည်။ အခြားလည်း အခွင့်သင့်ရာနည်းမျိုးစုံစွာ ကြွားဝါကြပါသည်။

ပြောသင့်သောစကားပြောသည်မှာ ကြွားဝါခြင်း မဟုတ်ပါ။ မိမိအကြောင်းပြောတိုင်းလည်း ကြွားသည်မဟုတ်ပါ။ ပြောဖို့လိုလျှင် လိုအပ်သမျှ ပြောရမည်သာ။ 'ဆိုရေးရှိက ဆိုအပ်လှ၏' ဆိုသောစကားရှိသည်။ သတ္တိ၊ ဗလ၊ စွမ်းကာမကို၊ မပြမသိ၊ ပြမှသိ၏၊ သိမှကြောက်လန့်၊ ရိုသေခန့်၏' ဟူသောစကားလည်း ရှိပါသည်။

အချို့မှာ အလွန်ကြွားဝါချင်ကြသည်။ နေရာတိုင်းမှာ ဝါကြွားနေကြသည်။ ကြွားရသည်ကို ဝါသနာဖြစ်နေကြသည်။ 'မိမိကိုယ်ဖော် မသူတော်' ဆိုသကဲ့သို့ ကိုယ့်အကြောင်း၊ ကိုယ့်ဂုဏ်ကို ဖော်ပြနေကြသည်။

အဝတ်အဆင်၊ အသုံးအဆောင်နှင့် ကြွားသည်မှာ မမြင်လိုလျှင် မကြည့်ဘဲနေ၍ရသည်။ စကားနှင့်ကြွားသည်မှာ မကြားလိုလည်း ကြားနေရသည်။

တစ်ရပ်ကွက်တည်းမှာ အလွန်ကြွားဝါတတ်သူတစ်ဦးနှင့် နေခဲ့ရဖူးသည်။ သူလာလျှင် မိသားစုအားလုံး စိတ်ပျက်ကြသည်။ အကြွားစကားများကို မကြားချင်ဘဲ ကြားကြရသည်။ သူကလည်း ရောက်သည်နှင့် ကြွားသည်။ သူ့သမီး ဆရာမသွားလုပ်ရသည့်ရွာကြီးမှာ ဝေးသော်လည်း ရန်ကုန်လို မဟုတ်။ ဆရာ၊ ဆရာမကို အလွန်တန်ဖိုးထားကြောင်း၊ သူ့သမီးကတော့ အသင်အပြအကောင်းဆုံးဖြစ်၍ ပိုပြီးသဘောကျနေကြကြောင်း၊ သူ့သမီးနေရသောအိမ်ကြီးမှာ အလွန်ကောင်းကြောင်း၊ ကျောင်းသား မိဘများက လိုလေသေးမရှိ ဂရုစိုက်ကြောင်း၊ ဆန်၊ ဆီ၊ ဟင်းချက်စရာ ဘာမျှဝယ်မစားရကြောင်း အသေးစိတ်ကြွားပါသည်။

သမီးပြီးတော့ သား၏အလုပ်မှာ အရာရှိမဟုတ်သော်လည်း အရာရှိများထက်ပင် အရေးပါအရာရောက်နေကြောင်း ကြွားပါသည်။ သူကြွားသည်နှင့်ပင် သူ့သား ဒုက္ခဖြစ်လောက်သည်။

တောင်ကြီးသို့ အဝေးပြေးဘတ်စ်ကားနှင့်ခရီးသွားစဉ် ကလည်း ကားပေါ်မှာ အဒေါ်ကြီးတစ်ယောက်၏ အကြွားအဝါစကားများကြောင့် ခရီးသည်အားလုံး စိတ်ပျက်ကြရသည်။ တစ်လမ်းလုံး ကြွားသည်။ တစ်ကားလုံးနီးပါးကြားအောင် ကြွားသည်။ သူ့အိမ်မှာ ကားသုံးစီးရှိကြောင်း၊ တောင်တက်ခရီးမို့ အိမ်ကားမသုံးဘဲ အဝေးပြေးကားနှင့်လိုက်လာကြောင်း၊ သမီးကြီးက ကုမ္ပဏီမှာ လခသုံးသောင်းရကြောင်း၊ ဒုတိယသားက ဂျပန်သွားရန် စီစဉ်နေကြောင်း၊ တစ်လမည်မျှရ၍ တစ်နှစ် မည်မျှပို့နိုင်မှာဖြစ်ကြောင်း၊ နောက်သားတစ်ယောက်က အိမ်မှာပင် ကိုယ့်အိမ်ကားဖြင့် အနက်တက္ကစီဆွဲနေကြောင်း၊ တစ်နေ့ နှစ်သောင်းလောက်ရကြောင်း၊ အငယ်ဆုံးသမီးမှာလည်း ဘွဲ့ရပြီးဖြစ်၍ သူ့ဘကြီးရုံးမှာ လုပ်အားပေးနေကြောင်း၊ ဘကြီးက ညွှန်ချုပ်ဖြစ်၍ ကြိုက်သည့်နေရာပေါ်မှ အလုပ်ဝင်မှာ ဖြစ်ကြောင်း၊ ယခုသွားသည့် တောင်ကြီးမှာ သူ့မောင်ရှိကြောင်း၊ မြို့နယ်ရဲမှူး

ဖြစ်၍ သူ့မောင်နာမည်ကိုပြောလိုက်လျှင် အားလုံးကိစ္စပြီးကြောင်း ကြွားဝါနေပါသည်။

ကိုယ့်ထမင်းကိုယ်စား၍ အများမုန်းအောင် ပြုလုပ်နည်းထဲမှာ ကြွားဝါခြင်းသည် ထိပ်ဆုံးမှာ ရှိပါလိမ့်မည်။ ထို မိန်းမကြီးကို တစ်ကားလုံး စိတ်ပျက်ရွံ့မုန်းကြသည်။ အထင်သေးသောမျက်စိများနှင့်ကြည့်ကြသည်။ အထင်ကြီးအောင်ကြွားကာမှ အထင်သေးခံရခြင်းဖြစ်သည်။

အချို့က အဝတ်အဆင်နှင့် ကြွားသည်။ ကျူရှင်ဆရာ တစ်ယောက်သည် အတန်းချိန်တစ်ခါပြောင်းတိုင်း ကောင်းမွန်တောက်ပသည့် ပုဆိုးအင်္ကျီတစ်စုံလဲသည်ဟု သိရ၏။ ဆရာသည် အဝတ်အစားအမျိုးမျိုး လဲလှယ်၍ တောက်ပစွာ ကိုယ်ရောင်ပြနေရမည့် ပြဇာတ်မင်းသားမဟုတ်။ အသင်အပြကောင်း၍ စေတနာကောင်းခြင်းသာ ဆရာ၏ ဂုဏ်ယူစရာ ဖြစ်သည်။ အဝတ်အစားအမျိုးမျိုး လဲလှယ်ဝတ်ပြခြင်းသည် ကြွားဝါခြင်းသာ ဖြစ်သည်။ မလိုအပ်ဘဲ အပိုအလုပ်ရှုပ်သည့် သိမ်နုတ်မှုသာဖြစ်သည်။ ထိုသို့ လုပ်ပြခြင်းဖြင့် ကျောင်းသားတို့၏ အထင်ကြီးမှုကိုမရ။ အထင်သေး၍ သရော်လှောင်ပြောင်သည်ကိုပင် ခံရကြောင်း ကျောင်းသားများပြန်ပြောပြ၍ သိရ သည်။

စိန်၊ ရွှေ၊ ရတနာ လက်ဝတ်လက်စားဆိုသည်မှာ နေရာဌာန အားလျော်စွာ ဆင်ယင်တတ်လျှင် လူ၏ဂုဏ် ကျက်သရေကို တင့်တယ်စေ၏။ နေရာမရွေးဘဲ ရှိသမျှထုတ်ဝတ်ပြနေလျှင် ဝါကြွားရာကျ၏။ တင့်တယ်စေမှုအတွက် ရတနာကို ဝတ်ဆင်သည်မှာ အထင်သေးခံရခြင်း မရှိပါ။ ဝါကြွားလိုစိတ်ဖြင့် ပြုလျှင် မြင်သူများသိပါသည်။

အသုံးအဆောင်ပစ္စည်းနှင့်လည်း ကြွားကြသည်။ စီးကရက်သောက်ရာတွင် တန်ဖိုးကြီးသော ဇစ်ပိုမီးခြစ်နှင့်ကြွားသည်။ အမျိုးသမီးကြီးများက အကောင်းစားလက်ကိုင် အိတ်နှင့်ကြွားသည်။ အချို့က လူစည်စည်ရှိလျှင်

လက်ကိုင်ဖုန်းကိုထုတ်၍ ဆက်သည်။ လိုအပ်ချက်အရ အသုံးအဆောင် ပစ္စည်းများ အသုံးပြုခြင်းမှာ ကြွားဝါခြင်းမဟုတ်ပါ။ ကြွားဝါလို၍ လူမြင် အောင် ပြနေခြင်းသာ အထင်သေးစရာဖြစ်ပါ သည်။

အချို့မှာ ဟန်ပန်အမူအရာနှင့်ကြွားသည်။ ရင်ကော့လိုက်၊ ခေါင်း မော့လိုက်၊ လက်မထောင်လိုက် ဖြစ်နေသည်။ ဟန်တစ်ခါပြင် ရွှေစင် ဆယ်တင်းပုံမျိုးနှင့် မျက်နှာဟန်ပန်ကလည်း ဝင့်ဝင့်ကြွားကြွားဖြစ်နေသည်။

ဝါကြွားထောင်လွှားသူ၏ လေသံ၊ ဟန်ပန်အပြုအမူများသည် လေးနက်တည်ကြည်မှုပျက်နေသည်။ သေးနုတ်ပေါ့ပျက်နေသည်ကို သတိထားသင့်သည်။

လူတိုင်းပင် အနည်းနှင့်အများ ကြွားချင်ကြသည်။ ကြွားမိနေတတ် ကြသည်။ သူများကြွားလျှင် ကိုယ်မြင်သကဲ့သို့ ကိုယ်ကြွားလျှင်လည်း သူမြင် လိမ့်မည်။

ကြွားခြင်း၏ရည်ရွယ်ချက်မှာ အထင်ကြီးခံရဖို့ဖြစ်သည်။ ရသည်မှာ အထင်သေးခံရခြင်း ဖြစ်သည်။

နှိမ့်ချသည်မှာ အထင်ကြီးမခံချင်၍ဖြစ်သည်။ သို့သော် လူတို့သည် နှိမ့်ချသူကို လေးစားကြသည်။ အထင်ကြီးကြသည်။

မကြွားဝါခြင်းဖြင့် ဂုဏ်တင့်နိုင်ကြပါစေ။

◆◆◆

# မသိသည်ကိုသိ

"ငယ်တဲ့အရွယ်မှာ အားလုံးကို သိတယ်လို့ထင်တယ်။ လူလတ်ပိုင်းရောက်လာတော့ ငါမသိတာတွေအများကြီးရှိသေးတယ်လို့ နားလည်လာတယ်။ အသက်ကြီးပိုင်းရောက်လာတော့ ငါဘာမှမသိဘူးလို့ ခံယူဝံ့လာတယ်"

ဂရိတွေးခေါ်ပညာရှင်ကြီး ဆိုကရေးတီးက ပြောသည်။ 'ငါသိတာတစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ငါ ဘာမျှမသိဘူးဆိုတာပဲ'. . ဟူ၍။

'ဒါကတော့ အလွန်အမင်းပြောလိုက်တာပါပဲဗျာ။ နှိမ့်ချလွန်းတဲ့သဘောပါပဲ' ဟု ခပ်ငယ်ငယ်က ထင်ခဲ့မိသည်။ ပညာရှိကြီးကို အပြစ်မြင်စိတ်ပင် ဖြစ်ခဲ့မိသည်။

နောင် ကြီးလာမှ သဘောပေါက်လာသည်။ ကျွန်တော်တို့မသိသေးသည်မှာ များလွန်းလှ၍ ကျွန်တော်တို့သိထားသည်မှာ မပြောပလောက်အောင် နည်းလွန်းလှသည်။ ထိုနည်းနည်းပါးပါး သိသည်ထင်ထားသည်လေးပင် အသေအချာဆန်းစစ်လျှင် မှန်မှမှန်ပါ့မလားဟု စောဒကတက်စရာ များလှသည်။

နှစ်နှင့်နှစ်ပေါင်းလျှင် လေးရသည်ဆိုသောအသိပင် မသေချာပါ။ တစ်ခုက အနှုတ်နှစ်ဖြစ်နေလျှင် သုညဖြစ်သွားမည်။

တစ်ချိန်တစ်ခါက အမှန်ဟုထင်၍ အခိုင်အမာပြောခဲ့သည်များပင် ယခုအခါမှာ မမှန်ဟု သိမြင်လာရသည်။

ကျွန်တော်တို့ငယ်စဉ်က မျဉ်းဖြောင့်ဟု အသေအချာ သိခဲ့ပြောခဲ့သော မျဉ်းတစ်ကြောင်းကို အဖြောင့်အတိုင်း မရပ်မနား အရှည်ကြီး ဆက်ဆွဲသွားလျှင် မျဉ်းကုန်း၊ မျဉ်းကွေးကြီးတစ်ခု ဖြစ်နေလိမ့်မည်။ ကမ္ဘာကြီးက ခုံးနေ၍ လုံးနေ၍ပင်ဖြစ်သည်။

ကျွန်တော်တို့ အခိုင်အမာ သိခဲ့ပြောခဲ့သော မျဉ်းဖြောင့်ဆိုသည်ပင် မမှန်တော့ပါ။

ငယ်စဉ်က ကိုယ်တွေ့ခဲ့ဖူးသမျှ၊ ကြားဖူးသမျှ၊ ဖတ်ဖူးသမျှနှင့် ကိုယ့်ကိုယ်ကိုယ် သိပ်ထင်ခဲ့ကြသည်။

"ငါ့လာမပြောနဲ့။ ငါ အားလုံးသိတယ်" လို့ပင် မိုက်မိုက်မဲမဲ ပြောရဲခဲ့ကြသည်။ လူအတော်များများ ပြောမိနေကြသည်။ 'ငါက သိပ်သိတာ၊ ငါက သိပ်တတ်တာ၊ ငါမသိတာ ဘာမှမရှိဘူး' ဟူ၍. .။

တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပြောနေကြသည်။

သို့သော် ထိုလူသည် လူ့အကြောင်းကိုပင် ရေရေရာရာ ဘာမျှမသိ။ လူမည်သို့ဖြစ်လာသည်ကိုပင် အသေအချာမသိ။ လူ့အစဆိုလျှင် ပိုဆိုးသည်။ သိသည်ထင်သမျှ ငြင်း၍မဆုံးကြ။ သိပ်သိတာဟု ထင်နေသည်ပင် ဘာမျှမသိသေး၍ဖြစ်သည်။ အတော်ကလေး အရွယ်ရ၍ အသိအမြင်များလာမှ ငါမသိသေးသည်မှာ အများကြီးကျန်သေးသည်ဟု နားလည်လာသည်။ ငယ်စဉ်ကကဲ့သို့ အားလုံးသိသည်ဟု မထင်ရဲမပြောရဲတော့ပါ။

အသက်အရွယ်ပိုပြီးကြီးရင့်လာ၍ အသိအမြင် ပိုပြီး ရင့်ကျက်လာသောအခါ ကိုယ်သိထားသမျှမှာ ဘာမျှမဟုတ်သေး။ မသိသေးသည့်က အများကြီးဟု နားလည်လာသည်။ ထိုအခါ 'ငါ ဘာမျှမသိသေးပါလား'ဟု ခံယူဝံ့လာသည်။ ဆိုကရေးတီးကဲ့သို့ပင် ပညာရှင်ကြီးများကျတော့ သိသည်ဟု ထင်ခဲ့ သည်များပါ မသေချာဟု နားလည်လာသည်။ ထို့ကြောင့်

'ငါသိတာတစ်ခုပဲ။ အဲဒါကတော့ ငါ ဘာမျှမသိ သေးဘူးဆိုတာပဲ' ဟု ရဲရဲဝံ့ဝံ့ပြောဝံ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဆိုကရေးတီးသည် မြက်ထမ်းသမားထံမှလည်း ပညာယူသည်။ ဖိနပ်ချုပ်သမားထံမှလည်း သင်ယူသည်။ ထို့ကြောင့် ဆိုကရေးတီးသည် ကမ္ဘာကျော်ပညာရှိကြီးအဖြစ် အားလုံးလေးစားရသည်။ ခေတ်အဆက်ဆက်၊ လူသားမျိုးနွယ်အဆက်ဆက် ယနေ့ထက်တိုင် လေးစားနေကြသည်။

ကျွန်တော်တို့သည် မိမိကိုယ်ကို သိပ်သိသည်၊ အားလုံးသိသည်ဟု ထင်နေသမျှ ငယ်သေး၍သာဖြစ်သည်။ လူမငယ် သေးလျှင်လည်း အသိငယ်နေ၍ ဖြစ်သည်။

ဘဝင်မြင့်ခြင်းသည် အသိအမြင် မကြီးမမြင့်၍ ဖြစ်ပါသည်။

ဤအချက်ကို သတိမထားမိလျှင် ကျွန်တော်တို့ အသင့် အတင့်နှလုံးသွင်းနိုင်မည်ဖြစ်သည်။ နှိမ့်ချသောစိတ်ထားရှိ လာနိုင်သည်။ ထိုအခါ ကျွန်တော်တို့သည် လေ့လာစရာ၊ ဆည်းပူးစရာ၊ သင်ယူစရာများစွာတို့ကို ဆက်လက်ဆည်းပူး၊ သင်ယူနိုင်မှာဖြစ်သည်။

လူတိုင်းသည် ကိုယ့်ဆရာ၊ ကိုယ်မသိသည်များကို သူသိနေသည်ဟု နားလည်ခြင်းသည် မိမိကိုယ်ကို ဘဝင်မြင့် စိတ်လျော့ပါးစေလိမ့်မည်။ သူများကို အထင်မသေးဝံ့တော့ပါ။

'ပညာရှင်သည် မာန်တက်သည်။ ပညာရှိသည် နှိမ့်ချသည်' ဆိုသော စကားရှိပါသည်။

ကျွန်တော်တို့သည် တစ်သက်တာကာလပတ်လုံး ဆက်လက်၍ ပညာရှာနေဦးမည်။ လူတိုင်းထံမှ ပညာသင်ယူ နေကြရပါဦးမည်။

◆◆◆

# သတိ

'သတိဆို ပိုသည်မရှိ'

'သတိရှိကြဗျား၊ သတိရှိကြဗျား'

ဝန်ဇင်းမင်းရာဇာ ပညာရှိအမတ်ကြီးသည် ညီလာခံဝင်တိုင်း အားလုံးကို သတိပေးလေ့ရှိ၏။

'မင်းခစား ကမ်းနားသစ်ပင် သဏ္ဍာန်ရှင်' ဟူသော စကားရှိ၏။ တစ်ချက်မှားချွတ်၍မရ။ ထို့ကြောင့် အမတ်ကြီးက သတိပေးခြင်းဖြစ်သည်။

ထိုသတိပေးသံကို ဘုရင်လည်းကြား၏။ နေ့စဉ် ကြားရဖန်များသော အခါတွင်. .

"ဒီအမတ်ကြီး ညီလာခံသဘင်ဝင်တိုင်း သူများတွေကို သတိပေးလေ့ရှိတယ်။ သူကိုယ်တိုင်ရော ဘယ်လောက် သတိရှိလို့လဲ"

ဘုရင့်စိတ်ထဲမှာ စူးစမ်းချင်စိတ်ဖြစ်လာသည်။

တစ်နေ့သော ညီလာခံသဘင်တွင်

"သတိရှိကြဗျား"

ထုံးစံအတိုင်း ဘိုးရာဇာက အားလုံးကို သတိပေးသည်။ ညီလာခံ သဘင် စတင်သည်နှင့် ဘုရင်က ဝန်ဇင်းမင်းရာဇာကို . . .

"ဥတကာဥ ဘာဥအကောင်းဆုံးလဲဗျ" ဟု မေးသည်။

"ဖွတ်ဥအကောင်းဆုံးပါ ဘုရား"

ဘိုးရာဇာဖြေလိုက်ပါသည်။ ဘုရင်က ဘာမျှဆက်မမေးတော့ပါ။ အခြားသော အကြောင်းအရာများကို ပြောင်းလဲ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ပြောဆိုခြင်းဖြင့် ညီလာခံသဘင်ကို ဆက်လက်ဆောင်ရွက်သွားသည်။

"ဘယ်လိုပါလိမ့်"

ဘိုးရာဇာ စိတ်မှာ ထူးခြားနေသည်။

"မေးပုံကလည်း ပုံမှန်မဟုတ်" ဟု စဉ်းစားနေသည်။

ပုံမှန်ဆိုလျှင် အိမ်ရှေ့စံမှစ၍ ရာထူးကြီးစဉ်အလိုက် နှုတ်ခွန်းတော်သခြင်း၊ ပဋိသန္ဓာရစကားပြောကြားခြင်းပြုပြီးမှ သာသနာတော်စာရေးမှစတင်၍ တိုင်းရေးပြည်ရေး စသည်တို့ကို ဆွေးနွေးတိုင်ပင်သည်။ ပြီးမှဆက်စပ်သောစကားကိုလိုက်၍ အထွေထွေသောအကြောင်းအရာတို့ကို ဆွေးနွေးပြောဆိုသည်လည်းရှိ၏။

ခုတော့ အစီအစဉ်မဟုတ်ဘဲ အမတ်ကြီးဘိုးရာဇာကို မေးသည်။ မေးသည်ကလည်း ဘာမျှ အဆက်အစပ်မရှိ။ ပြီးဆုံးသည်အထိလည်း မရောက်။ စကားဆက်ရန်ကျန်လိမ့်ဦးမည်။ ဘိုးရာဇာ သတိထားသည်။

ညီလာခံမပြီးမီ မေးလိမ့်ဦးမည်ထင်၍ သတိထားသည်။ မေးမြန်းခြင်းမရှိ။ အခြားသော အကြောင်းအရာများကိုသာပြောပြီး ညီလာခံပြီးသွားသည်။ ဉကိစ္စ ဘာမျှထပ်မလာ။

"အင်း . . . ဒီနေ့ ညီလာခံမှာတော့ မမေးဖြစ်ဘူး။ နောက်တစ်နေ့ညီလာခံမှာ ပြန်မေးချင်မေးလိမ့်မယ်"

ဘိုးရာဇာ သတိထားသည်။ သို့သော် နောက်နေ့ ညီလာခံမှာလည်း မေးခြင်းမရှိ။

"အင်း . . . ဒီနေ့ညီလာခံမှာလည်း မမေးဖြစ်ဘူး။ မနက်ဖြန်ခါ မေးချင်မေးမလား"

ဘိုးရာဇာ နေ့စဉ်သတိထားသည်။ ဘုရင်က မေးမြန်းခြင်းမရှိ။

"သတိရှိကြဗျား။ သတိရှိကြဗျား"

ညီလာခံသဘင်သို့ ဝင်လာတိုင်း ဘိုးရာဇာ သတိပေးမြဲ။ ကိုယ်တိုင်လည်း သတိထားမြဲ။ ဥ ကိစ္စကိုလည်း သတိမမေ့။ နေ့စဉ် မေးလိမ့်နိုးနှင့် သတိထားသည်။ တစ်နှစ်တိတိ ပြည့်မြောက်သောနေ့တွင် ညီလာခံသဘင် စတင်သည်နှင့် ယခင်တစ်ခါမေးစဉ်ကဲ့သို့ပင် ဘာမျှ အဆက်အစပ်မပါဘဲ ဘုရင်သည် ဘိုးရာဇာသို့ ဦးတည်၍. .

"သူ့ချည်းပဲလားဗျ"

ဟု မေးလိုက်သည်။

နေ့စဉ် သတိထားပြီး စကားအဆက်ကိုစောင့်နေသော ဘိုးရာဇာ အတွက် မမေ့မလျော့ အဆင်သင့်ဖြစ်နေသည်။

"လာပြီ. . ဖွတ်ဥ အကောင်းဆုံးလို့ဖြေထားတဲ့စကား ဆက်ကို ခုမှ မေးပြီ" ဟု သိလိုက်၍. .

"ဆားကလေးနဲ့မှ ကောင်းပါတယ်ဘုရား" ဟု ဖြေ လိုက်နိုင်ပါသည်။

အခြားသောမှူးမတ်များ အမေးနှင့်အဖြေကို ဘာမျှနားမလည်ကြပါ။

"ဥတကာဥ ဘာဥအကောင်းဆုံးလဲဗျာ"

"ဖွတ်ဥအကောင်းဆုံးပါ ဘုရား"

"သူ့ချည်းပဲလား"

"ဆားလေးနဲ့မှ ကောင်းပါတယ်ဘုရား"

မေးခွန်းနှစ်ခုနှင့် အဖြေနှစ်ခုသည် ဆက်စပ်လျက် အဓိပ္ပာယ်ရှိသော်လည်း တစ်နှစ်ပြည့်မှ အဆက်အစပ်မရှိ မေးခြင်းဖြစ်သည်။

ထိုအခါကျမှ ဘုရင်က ညီလာခံမှာ အားလုံးနားလည်အောင် ရှင်းလင်း ပြောကြားသည်။

ဝန်ဇင်းမင်းရာဇာသည် သူများကို သတိရှိရန် အမြဲသတိပေး သကဲ့သို့ သူကိုယ်တိုင်လည်း အစဉ်အမြဲ သတိရှိသူ ဖြစ်ကြောင်း ချီးကျူးပြောကြားပြီး ဆုလာဘ်များစွာချီးမြှင့် သည်။

ကျန်သည့်မှူးမတ်များလည်း တအံ့တဩဖြစ်၍ ချီးကျူးပြောဆို ကြသည်။

"သတိရှိကြဗျား။ သတိရှိကြဗျား"

ညီလာခံသို့ အခစားဝင်လာတိုင်း အဘိုးဝန်ဇင်မင်းရာဇာ သတိပေး စကားကို ဆက်လက်ကြားနေရသည်။

သတိဆိုသည်မှာ ပိုသည်မရှိပါ။ သတိထားလျှင် မှားသည်မရှိပါ။ လူတိုင်း သတိရှိခြင်းဖြင့် အန္တရာယ်ခပ်သိမ်းမှ ကင်းလွတ်ငြိမ်းချမ်းကြပါစေ။

◆◆◆

# သတိမထား အမှားအန္တရာယ်

"သတိမမူ ဂူမမြင်"

မြင်းခွာသံတစ်ချောင်းကျွတ်နေသည်ကို သတိမထားမိသော စာပို့ဆက်သား၏ပေါ့လျော့မှုကြောင့် အချိန်မီ စစ်ကူမရောက်၍ စစ်ပွဲကြီးတစ်ပွဲ ရှုံးရသည်။

မင်းနှင့်မင်းဆရာ ပုရောဟိတ်ပုဏ္ဏား ပျားရည်စားရာမှ ပျားရည်တစ်စက် ကြမ်းပြင်ပေါ်သို့ကျသည်။ အသေးအဖွဲမှ သဘောထား၍ မသုတ်မိ။ ပျားရည်ကို ယင်နားသည်။ ယင်ကို အိမ်မြှောင်ဖမ်းသည်။ အိမ်မြှောင်ကို ကြောင်ခုတ်သည်။ ကြောင်ကို ခွေးကိုက်သည်။ ကြောင်ပိုင်ရှင်သားတော်နှင့် ခွေး ပိုင်ရှင်သားတော် မင်းသားနှစ်ပါး၏ ငယ်ကျွန်များ အချင်းများသည် မင်းသားနှစ်ပါး စိတ်ဝမ်းကွဲ၍ ရန်ပြုရာမှ တိုင်းပြည်ကြီး ပျက်စီးသည်။ ပျားရည်တစ်စက်ကို ပေါ့လျော့စွာ သတိမထား၍ ပြည်ပျက်ရခြင်းဖြစ်၏။

အသေးအဖွဲကလေးများပင် ဖြစ်သော်လည်း အမှားကင်းအောင် သတိထားသင့်သည်။ အမှိုက်ကစပြီး ပြသာဒ်မီးလောင်နိုင်သည်။ သေးဖွဲသောအမှားကို သတိမမူလျှင် ကြီးစွာသော အန္တရာယ်အထိ ရောက်သွားသည်။ သတိဆိုသည်မှာ ထားနိုင်လေကောင်းလေဖြစ်သည်။

သတိမထားလျှင် အမှားများသည်။ အန္တရာယ်များသည်။

၁၉၉၆ ခုနှစ်က ဖလော်ရီဒါ၏နုန်းမြေထဲသို့ ဂျက်လေယာဉ်ပျံကြီး တစ်စီးပျက်ကျပြီး လူပေါင်း ၁၁၀ သေဆုံးခဲ့သည်။ လေယာဉ်၏ဝမ်းဗိုက်ပိုင်းရှိ အောက်ဆီဂျင်ပိုက်လိုင်း လုံခြုံရေးအဖုံးကို မဖုံးမိ၍ဖြစ်သည်။

သုံးဆင့်သာတန်သော ပလတ်စတစ်အဖုံးလေးကို ဖုံးပေးရန် တာဝန်ရှိသူ၏ သတိမေ့ပေါ့လျော့မှုကြောင့် ကောင်းကင်ခရီးမှာ လေယာဉ်ပျံကြီး ပျက်ကျပြီး လူများစွာအသက်ဆုံးရခြင်းဖြစ်၏။ ပေါ့လျော့မှု သေးသေးမှ ပေးလိုက်ရသော ဆုံးရှုံးမှုမှာ ကြီးမားလွန်းလှသည်။

စာရေးသူ ကိုယ်တွေ့ကြုံဖူးပါ၏။ လေယာဉ်ခရီးတစ်ခုတွင် လေယာဉ်သည် ကွင်းမှပျံတက်ရန် အရှိန်ပြင်းစွာပြေးနေစဉ် ညာဘက်ခြမ်းဆီသို့ ဆွဲသွား၏။ မကြာမီ ပြေးလမ်းမှ ဘေးသို့ရောက်သွားတော့မည်။ မကြုံဖူးသောအဖြစ်မို့ စိုးရိမ်စွာ ကြည့်နေမိသည်။ ဘေးပြတင်းမှ မြင်နေရ၏။ သို့သော် ကံကောင်းထောက်မ၍ လေယာဉ်က ကောင်းကင်သို့တက်သွား၏။ မကြာမီမှာပင် ရှေ့တွင်ရှိသော တောင်တစ်ခုကို လွတ်အောင် ကျော်ရမည်။ လေယာဉ်က အမြင့်သို့ ဆက်မတက်နိုင်သလို ဖြစ်နေသည်ဟု ထင်မိသည်။

ထိုအချိန်တွင် လေယာဉ်မယ်က လေယာဉ်၏ ညာဘက်တောင်ပံဆီသို့ ဘေးပြတင်းမှ လှမ်းကြည့်နေသည်။ စက်ခန်းအတွင်းသို့ ဝင်သွားသည်။ လေယာဉ်စက်ချွတ်ယွင်း၍ တက်လာခဲ့သည့်ကွင်းသို့ ပြန်ဆင်းမည်ဖြစ်ကြောင်း ကြေညာသည်။

လေယာဉ်နောက်ပြန်ကွေ့ပြီး တက်ခဲ့သောကွင်းမှ ပြန်ဆင်းသည်။ ပြေးလမ်းနှင့်ဘီး ထိမိသည်နှင့်လေယာဉ်က ညာဘက်သို့ ဆွဲနေသည်။ လေယာဉ်မောင်းသူများ ခက်ခဲစွာထိန်းနေကြရဟန်တူပါသည်။ ကံ

အားလျော့စွာပင် စက်ရှိန်လျှော့၍ ပြေးလမ်းဘေးသို့မကျအောင် ထိန်းနိုင်သွားသည်။

လေယာဉ်ကို ဆီထည့်ပြီး ဓာတ်ဆီတိုင်ကီအဖုံးကို မဖုံးမိ၍ ဖြစ်ကြောင်းသိရသည်။ ပြန်ဖုံးပြီး ခရီးဆက်သောအခါ လေယာဉ်က ပြေးလမ်းအတက်မှာ အခက်အခဲမရှိဘဲ ကောင်းကင်သို့ ရောက်သွားသည်။

မဖြစ်သင့်သော ပေါ့လျော့မှုဖြစ်သည်။ အန္တရာယ်ရှိလျှင် လေယာဉ်နှင့်တကွ လူများစွာ အသက်ဆုံးရှုံးရမည်။ ဘာမျှမဖြစ်၍ လူမသိသူမသိ ဖုံးဖုံးဖိဖိ ပြီးသွားသည်။

ကိုယ်တိုင်လည်း ပေါ့လျော့ဖူးပါသည်။ မန္တလေးမှ ရန်ကုန်ပြန်လာစဉ် ကားဘီးပေါက်သည်။ သားအဖနှစ်ယောက် ကားဘီးလဲသည်။ ဝက်အူကျပ်သည်။ သို့သော် ကားဂျိုက်ဖြုတ်ပြီး အသေအချာ တင်းအောင်ပြန်ကျပ်ရန် သားအဖနှစ်ယောက်စလုံး မေ့သွားကြသည်။ ကားမောင်းထွက်ခဲ့သည်။ လယ်ဝေးမြို့အဝင်မှာ ဘီးက ကျွတ်ခါနီးဖြစ်နေပြီး ဆိုက်ကားသမားက အော်ဟစ်သတိပေးမှ ကားကို အထိတ်တလန့်ရပ်ပြီး ပြန်လုပ်ရသည်။ ကားပေါ်ပါသည့် မိသားတစ်စုလုံး ဒုက္ခရောက်နိုင်သည်။

သတိဆိုသည်မှာ ပေါ့၍မရ။ သတိမထားလျှင် အမှားများသည်။ အန္တရာယ်များသည်။ ကလေးငယ်ရှိလျှင် အန္တရာယ်ရှိသော ဆေးပုလင်း၊ ပစ္စည်း စသည်ကို လက်လှမ်းမှီရာ မထားသင့်။ ကြိုတင်သတိရှိသင့်သည်။

မိတ်ဆွေတစ်ဦးမှာ ရှစ်တန်းကျောင်းသူ အပျိုပေါက် သမီးလေး မူပျက်နေသည်ကို သတိမထား၍မသိ။ သတိထားလျှင် သိနိုင်သော အခြေအနေဖြစ်သည်။ မြင်သာသည်။ သို့သော် သတိမမူ၍ ဂူမမြင်။ ကြိုတင်ဆုံးမ ဟန့်တားခြင်းမပြုနိုင်။ စာမေးပွဲဖြေခါနီးမှာ ယောကျ်ားနောက်လိုက်ပြေးသည်။ ထိုအခါကျမှ ဒေါသတကြီးဖြစ်သော်လည်း နောက်ကျပြီ။

သတိရှိသင့်ကြောင်း လူတိုင်းသိသည်။ သတိထားဖို့ လူတိုင်း သတိပေးနေကြသည်။ သို့သော် လူတိုင်းလိုပင် သတိပေ့ါလျော့နေမိကြသည်။

သွားသတိ၊ စားသတိ၊ နေသတိ၊ ထိုင်သတိ၊ ပြောသတိ၊ အလုပ်ခွင်သတိ အရာရာမှာ သတိရှိသင့်ကြသည်။

◆◆◆

# ပညာရှိသတိဖြစ်ခဲ

ပညာရှိသော်လည်း သတိမေ့လျော့တတ်သည်။ သတိပေါ့လျှင် ပညာရှိသော်လည်း ဒုက္ခရောက်တတ်သည်။ သတိနှင့်ပညာကို ပေါင်းစပ်ရန် လိုသည်။ ဘယ်ဘက်မှာ ပညာ၊ ညာဘက်မှာ သတိ၊ ပညာရောသတိပါ စုံလျှင် အန္တရာယ်ကင်းသည်။ ကောင်းကျိုးတိုးတက်သည်။

သတိမပါလျှင် ပညာသည် မာနကိုဖြစ်စေ၏။ ငါသိ၊ ငါတတ်၊ ငါတော်ထင်၍ ဘဝင်မြင့်စေ၏။ ထိုအခါ ပြောမှား ဆိုမှား၊ လုပ်မှားကိုင်မှား ဖြစ်တတ်သည်။

ရာဇသင်္ကြန်အမတ်ကြီးသည် ပညာရှိပါလျက် မာနကြောင့် သတိမဲ့ ခဲ့၏။ ပြောမှားပြုမှားဖြစ်ခဲ့၏။

ပုဂံပြည်၌ ဥဇနာမင်းကြီး နတ်ရွာစံသော် ပညာရှိအမတ် ရာဇ သင်္ကြန်သည် အမျက်ဒေါသကြီးသော သားတော်ကြီး သီဟသူကို ထီးနန်း မတင်လို။ မှူးမတ်အများနှင့် ပြည်သူပြည်သားတို့ ဒုက္ခရောက်မည်ကို စိုးရိမ်သည်။ ထို့ကြောင့် သားတော်အငယ် မင်းခွေးချေးကို ထီးနန်းပေးရန် အမတ်များနှင့် တိုင်ပင်သည်။ မှူးမတ်များက ပညာရှိအမတ်ကြီး ရာဇ သင်္ကြန်ကို လေးစားသည်။ အမတ်ကြီး၏ဆန္ဒကို သဘောတူညီကြသည်။ ထို့ကြောင့် သီဟသူကို လုပ်ကြံသတ်ဖြတ်၍ မင်းခွေးချေးကို နရသီဟပတေ့ မင်းအဖြစ် နန်းတင်ပေးခဲ့သည်။

နရသီဟပတေ့မင်း ထီးနန်းတက်ပြီးနောက် မိမိအား ကြီးစွာ ချီးမြှောက်လိမ့်မည်ဟု ရာဇသင်္ကြန်အမတ်ကြီး မျှော်လင့်ခဲ့သည်။ မိမိ၏ ကျေးဇူးကို သိမြင်၍ မြှောက်စားစေချင်သော လောဘစိတ်လည်း ဖြစ်မိသည်။

သို့သော် နရသီဟပတေ့မင်းက ထူးခြားစွာ ချီးမြှင့်မြှောက်စားခြင်း မပြုသောအခါ ရာဇသင်္ကြန်အမတ်ကြီး၏ စိတ်ထဲမှာ မကျေနပ်သော ဒေါမနဿများဖြစ်ပေါ်ရသည်။

အမှန်အတိုင်းဆိုလျှင် အစ်ကိုဖြစ်သူ သီဟသူသာ ထီးနန်းဆက်ခံရမည်ဖြစ်သည်။ ငါ၏အကြံအစည်နှင့် သီဟသူ ကိုသတ်ပြီး ထီးနန်းတင်ပေး၍ မင်းဖြစ်ခွင့်မရှိသော မင်းခွေးချေးက မင်းဖြစ်လာရသည်။ ငါ့ကြောင့် မင်းဖြစ်သူက ငါ့ကို မေ့ရာသလော။ ငါမာနများဖြစ်သည်။

ထိုလောဘ၊ ဒေါသ၊ မာန်မာနတို့ကြောင့် ဘုရင်ကို မကျေမနပ် ဖြစ်သည်။ ထိုသို့ မကျေနပ်ကြောင်းကိုလည်း ဖော်ပြအသိပေးလိုသည်။ အသိပေးရာတွင် ရိုးရိုးသာမက မေ့သောဘုရင်ကို အထိနာအောင် စော်ကားပြီး သတိပေးချင်စိတ်ပါ ဖြစ်ပေါ်လာသည်။

နောက်တစ်နေ့ ညီလာခံဝင်သောအခါ ကွမ်းကလပ်အကောင်း ရှိပါလျက် အပဲ့ကိုဆောင်၍ ဘုရင်မြင်စေ၏။

ဘုရင်က “အဘိုး ရာဇသင်္ကြန်၊ အဘိုးရဲ့ကွမ်းကလပ် ကလည်း အပဲ့ကြီးပါလား” ဟု ပြော၏။

ထိုအချိန်အထိ ဘုရင်မှာ ရိုးရိုးမြင်၍ ရိုးရိုးပြောခြင်း ဖြစ်သည်။

ဘုရင့်စကားကိုကြားသည်နှင့် ရာဇသင်္ကြန်အမတ်ကြီးက သူဆင်ထားသော အကွက်ထဲသို့ ဘုရင်ဝင်လာပြီဟု သဘောကျသွားသည်။

“မှန်လှပါ။ ပန်းပွတ်သည်သားမြေးတို့ ကောင်းစားနေ၍ ပန်းပွတ်မည့်သူမရှိသောကြောင့် ကွမ်းကလပ်အပဲ့နှင့် စားရပါသည်” ဟု ပြန်လည်လျှောက်တင်လိုက်၏။

ဘုရင် မျက်နှာပျက်သွားသည်။ ရာဇသင်္ကြန်ဆိုလို သည်ကို ဘုရင် နားလည်သည်။ တမင်သက်သက် အကွက်ဆင်၍ ညီလာခံသဘင်မှာ မိမိကို အမျိုးအနွယ်နှင့်တကွ ထိပါးစော်ကားလိုက်ခြင်းဖြစ်သည်။

နရသီဟပတေ့မင်း၏ မယ်တော်သည် ပန်းပွတ်သည်၏ သမီးဖြစ်သည်။ ထိုအချက်ကိုရည်ရွယ်၍ ရာဇသင်္ကြန် အမတ်ကြီးက စော်ကား လိုက်ခြင်းဖြစ်သည်။

နရသီဟပတေ့မင်းသည် မင်းမာန်တက်လာ၏။ ဘုရင်ဆိုသည်မှာ ရေမြေ့သနင်း ပြည့်ရှင်မင်း။ မှူးမတ်ပြည်သူ အားလုံး၏ အသက်ဦးဆံကို ပိုင်သည်။ ထိုကဲ့သို့သောသူကို ရာဇသင်္ကြန်အမတ်ကြီး ထိပါးစော်ကားလိုက် မိခြင်းဖြစ်သည်။

သူ့ကျေးဇူးရှိသည် မှန်သော်လည်း ဤမျှအထိ စော်ကားသည်ကို နရသီဟပတေ့မင်း လက်မခံနိုင်။ လက်ခံလျှင် နောင်အခါ ယခုထက်ပို၍ စော်ကားတော့မည်။ အခြားသော မှူးမတ်ပြည်သူများကပါ မရိုမသေ ပြုလာကြတော့မည်။

မိမိအား အမျိုးအနွယ်နှင့်တကွ ထိပါးစော်ကားသော အမတ်ကြီးကို ထိုက်တန်စွာ တုံ့ပြန်ရန် ဘုရင်ဆုံးဖြတ်လိုက်သည်။

လောဘ၊ ဒေါသ၊ မာန်မာနတို့ကြောင့် ပညာရှိပါလျက် သတိမဲ့ခဲ့ သော ရာဇသင်္ကြန် မင်းမျက်သင့်လေပြီ။

◆◆◆

# သတိလက်လွတ် ငှက်တောင်ကျွတ်

အတောင်ကျွတ်သောငှက်၊ အမွေးအတောင်မရှိသော ငှက်သည် မတင့်တယ်ရုံမက ပျံသန်းနိုင်ခြင်းလည်းမရှိ။ ဘေးရန် အန္တရာယ်တို့ကို ကာကွယ်နိုင်ခြင်းလည်းမရှိ။ ဒုက္ခကြီးစွာ ကြုံတော့မည်။

သတိလက်လွတ်သော အမတ်ကြီးရာဇသင်္ကြန်သည် အတောင်ကျွတ်သောငှက်ကဲ့သို့ ဒုက္ခကြီးစွာကြုံရသည်။ ညီလာခံသဘင်တွင် ဘုရင်ကို ပန်းပွတ်သည်၏သားမြေးဖြစ်ကြောင်း ကွမ်းကလပ်ပွဲနှင့် အကွက်ဆင်၍ စော်ကား၏။ နရသီဟပတေ့မင်းကလည်း ညီလာခံသဘင်မှာပင် တုံ့ပြန်မေးခွန်းပြုလိုက်သည်။

"အဘိုးရာဇသင်္ကြန် ဘုရားထီးတင်သည့်အခါ မည်သို့ တင်ရပါလဲ"

"ငြမ်းနှင့်တင်ရပါသည်ဘုရား"

"ထီးတင်ပြီးရင် ငြမ်းကို မည်သို့ ပြုရပါသလဲ"

ရာဇသင်္ကြန် နားလည်ခြင်းနှင့်အတူ တုန်လှုပ်ခြင်း ကြီးစွာဖြစ်ရပြီ။ သို့သော် ဘုရင်ကမေးနေပြီ။ မဖြေချင်သော အဖြေကို ဖြေလိုက်ရပါသည်။

"ငြမ်းကိုဖျက်မှ ထီးတင့်တယ်ပါတယ်ဘုရား"

နရသီဟပတေ့မင်းဆင်သောအကွက်ထဲသို့ ရာဇသင်္ကြန် ပြန်ဝင်ရသည်။

"ဒါဆိုရင် ထီးနှင့်တူသောဘုရင်က အထွတ်သို့ရောက် ပြီဖြစ်၍ ငြမ်းနှင့်တူသော အမတ်ကြီးကိုဖျက်မှ ထီးတင့်တယ်မည်။ အမတ်ကြီး ရာဇသင်္ကြန်အား ရေကြောင်းမှ လှေလောင်းဖြင့် ဒလအထိပို့စေ" ဟု မိန့်တော်မူသည်။

ရာဇသင်္ကြန်အမတ်ကြီး မိမိ၏အမှားကို နားလည်သော်လည်း နောက်ကျခဲ့လေပြီ။

မကြောက်သည်လည်းမဟုတ်။ ကြောက်လျက်နှင့် သက်ဦးဆံပိုင် ဘုရင်ကို စော်ကားမိခဲ့သည်။

မိမိသူကောင်းပြုသူထံမှ ချီးမြှောက်မှုကို ထူးခြားစွာ မခံရရုံမက ရှိပြီးသားရာထူးစည်းစိမ်ပါ ဆုံးရှုံးခဲ့ရပြီ။ အသက်ကို ချက်ချင်း မသတ် သည်ပင် ကျေးဇူးတင်ရသည်။ သို့သော် ချက်ချင်းမသေသော်လည်း ဆင်းရဲ ပင်ပန်းစွာနှင့် ဒုက္ခများစွာကြုံပြီး ဘဝနိဂုံးချုပ်ရသည်။

လက်ငင်းအားဖြင့် ချစ်သောမိသားစုများနှင့် ကွေကွင်းရခြင်း ဆင်းရဲ ကိုခံစားရမည်။ ရာထူးစည်းစိမ်နှင့်တကွ ခြွေရံသင်းပင်း၊ အဆောင်အယောင် အားလုံး ရုပ်သိမ်းခံရသည်။

ပညာရှိဖြစ်ပါလျက် လောဘ၊ ဒေါသ၊ မာန်မာနကြောင့် သတိ လက်လွတ်ပြီး ငှက်တောင်ကျွတ်ဘဝ ရောက်ရသည်။

အမှန်စင်စစ် အမတ်ကြီး၏ကျေးဇူးကြောင့် အထွတ်အထိပ် ရောက် ရသည်ကို ဘုရင်မသိမဟုတ်။ သိပါသည်။ သူပေးသည့် ဥပမာမှာပင် သူထီးဖြစ်ရန် အမတ်ကြီးက ငြမ်းဖြစ်ခဲ့သည်ဟု ဖော်ပြထားပြီးဖြစ်သည်။ ထူးခြားစွာ ချီးမြှောက်ရန် မေ့လျော့နေခြင်းသာဖြစ်သည်။

သို့မေ့လျော့သည့်တိုင် လက်ရှိအားဖြင့် အဘိုးရာဇသင်္ကြန် အခေါ် ခံရသည့် အမတ်ကြီးဖြစ်နေသည်။ လောဘမကြီးလျှင် ဒုက္ခဖြစ်စရာမရှိ။ လောဘကြီးသည့်တိုင် ဘုရင်ကို အသိပေး၊ သတိပေးရာတွင် ထိခိုက် စော်ကားခြင်းမပါလျှင် ပြဿနာဖြစ်မည်မဟုတ်။

သတိနှင့် ပညာကိုပေါင်းစပ်၍ လိမ္မာပါးနပ်စွာ ဘုရင်အား သွယ်ဝိုက်ကာ သိစေအပ်သောနည်းလမ်းများစွာရှိပါသည်။

သို့သော် မကျေနပ်သောဒေါသနှင့် ငါတည်းဟူသော မာနကြောင့်

မင်းဇေကရာဇ်ကို သရော်စော်ကားမိသည်အထိ သတိလက်လွတ်ပြုခဲ့၏။ ကောင်းကျိုးမရရုံမက ဒုက္ခဆင်းရဲ ရခဲ့သည်။

မပြောမီ ဆင်ခြင်သင့်သည်။ မပြုမီ ဆင်ခြင်သင့်သည်။

လောဘကြောင့် မေ့တတ်သည်။ ဒေါသကြောင့် မေ့တတ်သည်။ အရက်သေစာသောက်စား၍ မေ့တတ်သည်။ အပျော်လွန်၍ မေ့တတ်သည်။ မမေ့မလျော့အောင် သတိထားလျှင် အမှားနည်းသည်။

ဆင်သေစီးသည့် ကျီးမိုက်သည် အစာလောဘကြောင့် မေ့လျော့၍ သမုဒ္ဒရာ၌ ပျက်စီးရ၏။

နရသူမင်းသည် သန့်သက်ရေမဆောင်သော မိဖုရားကို ဒေါသ မထိန်းနိုင်ဘဲ သန်လျက်ဖြင့် သတ်လိုက်မိခြင်းကြောင့် မိဖုရား၏ဖခင် ဘုရင်က ပုဏ္ဏားရှစ်ယောက်စေလွှတ်ပြီး ဘိသိက်သွန်းဟန်ပြု၍ သတ်စေသည်ကို ခံရ၏။

အရက်သေစာသောက်စား၍ မူးယစ်မေ့လျော့သော ဗြဟ္မဒတ်မင်းသည် ရင်ခွင်မှသားကိုသတ်၍ အမြည်းပြုစေ၏။ အမူးပြေမှ ကြေကွဲရ၏။

သင်္ကြန်ကာလ၊ နှစ်ကူးကာလ၊ ခရစ္စမတ်ကာလတို့တွင် အပျော်လွန်ရာမှ ဒုက္ခရောက်ကြ၏။

ကားမောင်းရာ၊ ဆိုင်ကယ်စီးရာတွင် သတိတစ်ချက်ပေါ့၍ ဒုက္ခရောက်ကြ၏။ လှေကားအဆင်းမှာ သတိပေါ့၍ချော်ကျ၏။

လူတိုင်း သတိပေါ့လျော့တတ်ပါသည်။ သတိပေါ့လျော့တိုင်းလည်း အမှားကြုံတတ်သည်။

တတ်နိုင်သမျှ သတိကြီးစွာထားကြခြင်းဖြင့် အမှားအယွင်း ကင်းနိုင်ကြပါစေ။

◆◆◆

## သူဌေးဖြစ်အောင် တစ်သက်လုံးကြိုးစားခဲ့ရ၍ ချမ်းသာအောင်နေဖို့မေ့သွားသည်

ငွေကြေးဥစ္စာရှာကြသည်မှာ ကောင်းမွန်ချမ်းသာစွာ နေနိုင်ရန် ဖြစ်သည်။ သို့သော် ငွေရှာရင်း ငွေများစွာရလာသောအခါ ငွေကို ပို၍ လိုချင်လာသည်။ ငွေကိုရင်း၍ လုပ်ငန်းမျိုးစုံ၊ နည်းမျိုးစုံနှင့် ငွေ[illegible]ပ်ရှာသည်။ တစ်သက်လုံး အကောင်းဆုံးနေနိုင်၊ စားနိုင်၊ သုံးနိုင်သည်ထက်ပင် ပိုနေပြီ။ သို့သော် လောဘဇောကို အတော်မသတ်နိုင်။

သန်းရာချီရှိရာမှ ထောင်ချီရှိချင်လာသည်။ ထောင်ချီ ရှိလျှင်လည်း မရောင့်ရဲနိုင်။ ထောင်ပေါင်းများစွာ ချမ်းသာချင်သည်။ သန်းကြွယ်သူဌေးများစွာတို့သည် နေ့စဉ် ကိန်းဂဏန်းစာရင်းဇယားများစွာ၊ စီမံချက်များစွာ၊ လုပ်ငန်းများစွာနှင့် ရှုပ်ထွေးနေသည်။ တယ်လီဖုန်းလေးငါးလုံးနှင့် ဆက်သွယ် ပြောဆိုနေရသည်။ လုပ်ငန်းများရှိရာသို့လည်း ပြေးပြေးလွှားလွှား သွားရသည်။

သွားရင်းလာရင်း လမ်းဘေးရှုခင်းအလှအပကို ကြည့်၍မရ။ ကိုယ်စားလှယ်များ၊ မန်နေဂျာများ၊ တပည့်များက အခြေအနေများ တင်ပြနေကြသည်။ ဆုံးဖြတ်ချက်များ တောင်းခံနေကြသည်။ လုပ်ငန်းရှင်များကလည်း သွားလေရာမှ အရအမိ လိုက်ဆက်သွယ်နေကြသည်။ အချိန်တိုင်း လုပ်ငန်းစကားသာ ကြားနေရသည်။ ပြောနေရသည်။

မိသားစုနှင့်ကင်းကွာ။ သားသမီးကို မေတ္တာမပေးနိုင်။ ကိုယ်တိုင်လည်း မေတ္တာမရ။ အမောတကောလောဘနှင့် တစ်သက်လုံး ကျင်လည်ရင်းကြီးပြင်း အိုမင်းလာရသည်။ အိမ်ထောင်မိသားစု၏ သာယာချမ်းမြေ့မှုကိုလည်း မခံစားရ။ ဘဝနေဝင်ချိန်ရောက်လာပြီ။ တစ်သက်လုံး သူဌေးဖြစ်အောင် ကြိုးစားနေရသည်နှင့် ချမ်းသာအောင်နေဖို့ သတိမရ။

သိက္ခမ်းရင်းနှီးသော မိသားတစ်စုရှိသည်။ အရောင်းအဝယ်နှင့်သိန်းများစွာ ချမ်းသာကြွယ်ဝသည်။ နေ့စဉ် ထုပ်ကြ၊ ပိုးကြ၊ ရောင်းကြ၊ ဝယ်ကြ လှုပ်ရှားနေကြသည်။ ကားတစ်စီး ငါးသိန်းပေးလျှင် ကောင်းကောင်းရပါလျက် မစီးခဲ့ကြ။ စီးရန်လည်း အချိန်မရ။ သူတို့လောက် မချမ်းသာသူများ ကားစီးနေကြပြီ။ အိမ်မှာ တိုက်အိမ်ဖြစ်သော်လည်း ကုန်ပစ္စည်းများနှင့် ဗလန့်ပြန့်ကျဲနေသည်။ အဆင့်ရှိရှိနေဖို့ စဉ်းစားချိန် ပင်မရ။ ထမင်းစားရသည်ကလည်း ပြေးပြေးလွှားလွှား ဖြစ်သလိုနှင့်ပြီးရသည်။ ည-၁၁ နာရီကျော်မှ ပင်ပင်ပန်းပန်းနှင့် အိပ်လိုက်ကြသည်။

နောက်တစ်နေ့မနက် စောစောထ၍ ပုံမှန်အတိုင်း လှုပ်ရှားကြပြန်၏။ တစ်နှစ်ထက်တစ်နှစ် ငွေပိုချမ်းသာလာသည်။ လူများကတော့ ဆင်းရဲမြဲ။ ဤသံသရာမှ နှစ်များစွာ ကျင်လည်၍ ယခုအခါ အသက် (၆၀) ရှိလာပြီ။ ကားဝယ် စီးမည်ဆိုတော့ ကားတစ်စီး သိန်းရာကျော်။ နှမြောစရာ။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံကြပြန်သည်။ မည်သည့်အခါမှ ချမ်းသာအောင် နေကြမည်နည်း။

ကျွန်တော်သိသော လုပ်ငန်းရှင်သူဌေးတစ်ဦးမှာ စက်ရုံများစွာ ရှိသည်။ နိုင်ငံခြားနှင့်ဆက်သွယ်နေသော လုပ်ငန်းများလည်း ရှိသည်။ သန်းပေါင်းများစွာ ချမ်းသာသည်။ လုပ်ငန်းများမှာ နစ်မြုပ်နေ၍ အိမ်မပြန်နိုင်သည်ကများသည် လင်ယောကျ်ား ပစ်ထားသကဲ့သို့ ဖြစ်နေသောဇနီးက သူ့နည်းသူ့ဟန်နှင့် ပျော်ရွှင်စရာရှာရင်းမှ နောက်ဆုံးမှာ

ဖောက်ပြား၍ လင်မယားကွာရှင်းလိုက်ရသည်။ သားအကြီးက ဆေးသမား ဖြစ်သွားသည်။ ဘိန်းဖြူလက်ဝယ်တွေ့ရှိမှုနှင့် အဖမ်းခံရသည်။ ငွေများစွာ အကုန်ခံ၍ သားဘဝကိုကယ်တင်နိုင်ရန် ကြိုးစားသော်လည်း ပြစ်မှု ထင်ရှား၍ ထောင်ကျသွားသည်။ ထောင်မှလွတ်သောအခါ ဘိန်းဖြူပြန်သုံး ၍ နောက်ဆုံးမှာ ဘိန်းဖြူထိုးရင်း သေဆုံးသွားသည်။

သမီးတစ်ယောက်ကျန်သည်ကို ကြီးစွာမျှော်လင့်ချက်ထား၍ ငွေကုန် ခံကာ (ဂိုက်) ဆရာမတစ်ယောက်ငှားပြီး အိမ်မှာ နေစေလျက် အနီးကပ် ကြီးကြပ်ရန် စီစဉ်ပေးသည်။ သို့သော် မိဘအုပ်ထိန်းမှုမရှိ၊ မိဘမေတ္တာ မရသောသမီးမှာ ဆယ်တန်းစာမေးပွဲ မဖြေလိုက်ရပါ။ ဘော်ကြော့ ကောင်လေးတစ်ယောက်နှင့် လိုက်ပြေးသည်။ သူများအိမ်မှာ ခိုကပ်နေကြ ရသည်။ နည်းအမျိုးမျိုးဖြင့် ပြန်ခွဲသည်။ မရ။ ပြန်လိုက်သွား၍ စွန့်ပစ် လိုက်ရသည်။ ငွေကြေးများစွာချမ်းသာသော သူဌေးဖြစ်ပါ၏။ မိသားစု၏ ချမ်းမြေ့သာယာမှုကိုမရ။ စိတ်ဆင်းရဲစရာကောင်းသောဘဝဖြစ်သည်။

ဤနည်းတူပင် ဂရိသင်္ဘောသူဌေးကြီး အိုနာဆစ်သည် သန်းထောင် ပေါင်းများစွာ ချမ်းသာ၏။ အိမ်ထောင်မိသားစုအတွက် စိတ်ချမ်းသာမှုမရ။ သားတစ်ယောက်ရှိသော်လည်း ငယ်ငယ်နှင့် အရွယ်ကောင်းမှာ ကွယ်လွန် သည်။ တစ်ဦးတည်းကျန်သော အမွေခံသမီးမှာလည်း သူဖြစ်စေချင်သလို ပြုပြင်၍မရ။ သူသဘောတူသူကိုမယူ။ သူ့အပျော်သူရှာ၍ သူဌေးကြီးမှာ သေသည်အထိ သူ့သမီးနှင့် သူ့လုပ်ငန်းများအတွက် သောကကြီးစွာဖြစ်သွား ရသည်။

ကမ္ဘာကျော်သူဌေးကြီး ဟောင်းဝဲ့ဒ်ဟူးသည်လည်း လုပ်ငန်းကြီး ပေါင်းများစွာ ကမ္ဘာဖြန့်လုပ်ကိုင်၍ သန်းပေါင်း နှစ်သောင်းကျော် ချမ်းသာ ကြွယ်ဝသော သူဌေးကြီးဖြစ်သည်။ သို့သော် ဘဝနောက်ဆုံးအချိန်တွင် ဟိုတယ်တစ်ခုမှာ အထီးကျန်စွာ ကွယ်လွန်ခဲ့ရသည်။ ဈာပနသို့ လိုက်ပါ

ပို့ဆောင်သူ (၁၆)ယောက်သာရှိသည်။ ကွယ်လွန်ချိန်တွင် သန်.ပေါင်း ၂၃၀၀၀ ချမ်းသာသော်လည်း ဆင်းရဲနွမ်းပါးစွာ ဇာတ်သိမ်းခဲ့ရသော သူဌေးကြီးဖြစ်သည်။

စီးပွားရေးလုပ်ငန်းကြီးများကို ကျွမ်းကျင်စွာ စီမံခန့်ခွဲ၍ သူဌေးဖြစ်အောင် စွမ်းဆောင်နိုင်ကြသော်လည်း မိသားစုဘဝကို သာယာ ချမ်းမြေ့အောင် မဆောင်ရွက်နိုင်ကြသူများဖြစ်သည်။ သူဌေးဖြစ်အောင် ကြိုးစားရင်း ချမ်းသာအောင်နေဖို့ မေ့လျော့သွားခြင်းဖြစ်၏။

သူဌေးဖြစ်အောင် ကြိုးစားခြင်းနှင့်အတူ ချမ်းသာအောင် နေနိုင်ကြပါစေ။

◆◆◆

## ရပြီးသားဖွတ်အမြီးလှန်ကြည့်မနေနှင့်

ကျွန်တော်ငယ်စဉ်က ဇာတိရွာမှာနေစဉ် မကြာခဏ ကြားရသော စကားဖြစ်သည်။

"ရပြီးသားဖွတ် အမြီးလှန်ကြည့်မနေနဲ့"

ရွာသားတို့ပြောသော ရွာစကား။ နုညက်ခြင်းမရှိ၊ ကြမ်းတော့ ကြမ်းသည်။ သို့သော် ထက်မြက်ကောင်းမွန်သော လမ်းညွှန်စကား။

နွေရာသီ နေပူလျှင် ကျွန်တော်တို့ရွာတောင်ဘက်ရှိ စကြိုကုန်းပေါ်မှတောတန်းတွင် သစ်ပင်သစ်ခေါင်းများမှ ဖွတ်များထွက်လာတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်တို့ ရွာသားများ ခွေးကောင်းကောင်းနှင့် ဖွတ်လိုက်ထွက်ကြသည်။ ခွေးအကူအညီနှင့် ဖွတ်များကို လိုက်ဖမ်းကြခြင်းဖြစ်သည်။ ဖွတ်က သစ်ပင်ပေါ်တက်ပြေးလျှင် လေးခွနှင့်ပစ်သည်။ တုတ်နှင့်ပစ်သည်။ ခဲနှင့်ထုသည်။ သစ်ပင်ပေါ်မှ အောက်ဆင်း ပြေးလျှင် ခွေးများက လိုက်ကိုက်သည်။

ဖွတ်ကို ဟင်းချက်စားရသည်။ တစ်ကောင်ကို တစ်ပိဿာခန့် အလေးချိန်ရှိသည်။ ဖွတ်အလိုက်ကောင်းလျှင် တစ်နေ့ထဲမှာပင် လေးငါးခြောက်ကောင် ရသည်။

ထိုအခြေအနေမျိုးတွင် ဖွတ်တစ်ကောင်ရသည်နှင့် ဃဘောကျ ကျေနပ်ပြီး ရထားသည့်ဖွတ်ကို အထီးလား၊ အမ လား အမြီးလှန်ကြည့်လိုက်၊ ဗိုက်လှန်ကြည့်လိုက်နှင့် အချိန်ကုန်ပြီး နောက်ထပ် ဖွတ်တစ်ကောင် ရအောင် မကြိုးစားသူကို အပြစ်တင်ရှုတ်ချခြင်းဖြစ်သည်။

ရပြီးသားဖွတ်က အပိုင်ဖြစ်နေပြီ။ နောက်ထပ် မရသေးသော ဖွတ်များကို ဆက်လက်ဖမ်းဆီးရရှိရေးအတွက် အချိန်ရှိခိုက် အခြေအနေ ပေးခိုက် ကြိုးစားရန် လမ်းညွှန်ခြင်းဖြစ်သည်။

ကျွန်တော်တို့သည် လူ့ဘဝမှာ အဆင့်ဆင့် တိုးမြှင့်၍ ဆထက်ထမ်းပိုး တိုးတက်အောင် အခြေအနေပေးခိုက်၊ အချိန် ရှိခိုက်၊ လုံ့လစိုက်ရမည် ဖြစ်သည်။

ရပြီးသား အောင်မြင်မှုအတွက် ဝမ်းသာဂုဏ်ယူရမည်မှာ မှန်ပါ သည်။ သို့သော် ထိုအောင်မြင်မှုမှာ ကျေနပ်နှစ်သက်၍ ရှေ့ဆက်တိုးတက် မကြိုးစားဘဲ မေ့လျော့မနေသင့်ပါ။ တိုးတက်အောင် ဆက်လက်ကြိုးစားရန် သတိပေးခြင်းဖြစ်သည်။

ကျွန်တော် ငယ်စဉ်ကတည်းက စာရေးဆရာအလွန် ဖြစ်ချင်ခဲ့သည်။ စာရေးဆရာဖြစ်အောင်လည်း ကြိုးစားခဲ့ပါ သည်။ စာရေးစကာလတွင် မဂ္ဂဇင်းထဲမှာ ဝတ္ထုတိုတစ်ပုဒ်ပါရန် ခက်ခဲလှသည်။ ပါလျှင် အလွန်ဝမ်းသာ သည်။ ကျေနပ်အားရဖြစ်မိသည်။ ကိုယ့်လက်ရာ ကိုယ့်ဝတ္ထုလေးကို ကြိမ်ဖန်များစွာ ပြန်ဖတ်ပြီး ကြည်နူးနေမိသည်။

ထိုအခါများတွင် ကျွန်တော် ငယ်စဉ်က ရွာမှာနေစဉ် ကျွန်တော့် ရွာသားများပြောသော ခပ်ကြမ်းကြမ်းစကားကြီး နားထဲမှာဝင်လာသည်။

"ရပြီးသားဖွတ် အမြီးလှန်ကြည့်မနေနဲ့"

ကျွန်တော် သတိရသွားသည်။ နောက်ထပ် အသစ်တစ်ပုဒ် အောင်မြင်အောင် ကြိုးစားရပါသည်။

မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ မိမိရည်မှန်းချက် အဆင့်ဆင့် တိုးတက်အောင်မြင်အောင် ကြိုးပမ်းရမည် ဖြစ်ပါသည်။

ရပြီးသာ အောင်မြင်မှုလေးနှင့် ကျေနပ်နေလျှင် နောက်ထပ် ရရှိမည့် အောင်မြင်မှုများ နှောင့်နှေးသွားနိုင်သည်။ အခွင့်အရေးများ ဆုံးရှုံးသွားလိမ့်မည်။

ဘဝရည်မှန်းချက် တိုးတက်အောင်မြင်ရေးအတွက် ကောင်းမွန်သော လမ်းညွှန်ချက်ဖြစ်ပါ၏။

◆◆◆

# ကြိုးစားခြင်းနှင့် ရောင့်ရဲစိတ်

(တိုးတက်အောင် ကြိုးစားခြင်းမရှိသော ရောင့်ရဲစိတ်သည် ဆင်းရဲနိမ့်ကျမှုကိုဖြစ်စေ၏။ ချမ်းသာသုခ မရနိုင်။

ရောင့်ရဲစိတ်မရှိသော တိုးတက်အောင် ကြိုးစားခြင်းသည် ဆင်းရဲပင်ပန်းမှုကို ဖြစ်စေသည်။ ချမ်းသာသုခ မရနိုင်။)

လူတိုင်းသည် မိမိဝါသနာဗီဇစရိုက်နှင့်ကိုက်ညီစွာ ဘဝရည်မှန်းချက်ရှိရမည်။ ထိုရည်မှန်းချက်ပန်းတိုင်သို့ အဆင့်ဆင့် တိုးတက်အောင်မြင်ရောက်ရှိစေရန် ကြိုးပမ်းရမည်။ ထိုသို့ ကြိုးပမ်းရင်း ရောက်ရှိသော အဆင့်တိုင်းမှာ ရောင့်ရဲပျော်ရွှင်နိုင်ရန်လည်း လိုသည်။ ရောင့်ရဲစွာ ပျော်ရွှင်ရင်းမှလည်း ပန်းတိုင်ကို မျက်ခြေမပြတ် ပို၍တိုးတက်အောင် ဆက်လက်ကြိုးပမ်းနေရမည်။

ပဲခူးမှ ရန်ကုန်သို့ ရွှေတိဂုံဘုရားသွားဖူးရာတွင် ရန်ကုန်မြို့မှ ရွှေတိဂုံဘုရားသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။ သို့သော် ရန်ကုန်ရွှေတိဂုံသို့ မရောက်မီ လမ်းမှာလည်း ရှုခင်းမြင်ကွင်းအလှအပများ၊ စိတ်ဝင်စားစရာများကို ခံစားသွားနိုင်သင့်သည်။ ထိုရှုခင်းမြင်ကွင်းများမှာ နစ်မျောပြီး မူလရည်မှန်းချက်သို့ ဆက်သွားရမည်ကို မမေ့မလျော့ရန်သာ လိုပါသည်။

ဘာဖြစ်မှပျော်မည်။ ညာဖြစ်မှပျော်မည်ဆိုလျှင် ဘဝမှာ ပျော်စရာ အလွန်နည်းလိမ့်မည်။ သန်းရာချီ ချမ်းသာသည့် သူဌေးဖြစ်ရန် ရည်မှန်းသူသည် သန်းဆယ်ဂဏန်းချမ်းသာသောအဆင့်၊ သိန်းဂဏန်း ချမ်းသာသော အဆင့်မှာလည်း သင့်တင့်စွာ နှလုံးသွင်း၍ ဝမ်းသာပျော်ရွှင်နိုင်ရမည်။ သို့သော် ရည်မှန်းချက်မရောက်သေးသည်ကို မျက်ခြေမပြတ်ဘဲ ဆက်လက်ကြိုးစားရဦးမည်။

လူတစ်ယောက်၏ ချမ်းသာပျော်ရွှင်မှုတွင် မိသားစုဘဝ ချမ်းသာပျော်ရွှင်မှုနှင့် လှူဒါန်းပေးကမ်းခြင်းဖြင့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ ရင်းနှီးချစ်ခင်မှုကိုလည်း ရရှိရန်လိုသည်။ မိသားစုမပါ တစ်ကိုယ်ကောင်းဆန်စွာ ပျော်ရွှင်မှုရှာခြင်းသည် အပျော်အပျက်ဆိုသည့်အတိုင်း စိတ်ဓာတ်ပျက်ခြင်း၊ အကျင့်စရိုက်ပျက်ခြင်း၊ ကျန်းမာရေးပျက်ခြင်းကို ဖြစ်စေသည်။

မိသားစုဘဝဆိုသည်မှာ ကိုယ်ကလည်း မေတ္တာပေးရသည်။ မိသားစုထံမှ တုံ့ပြန်မေတ္တာကိုလည်း ကိုယ်ပြန်ရသည်။ မိသားစုဘဝကို တန်ဖိုးထားတတ်မှ ကြည်နူးကျေနပ်စရာ၊ ပျော်ရွှင်ချမ်းမြေ့မှုကို ခံစားရသည်။ ပေးကမ်းလှူဒါန်းမှုရှိမှလည်း လူမှုပတ်ဝန်းကျင်၏ ချစ်ခင်လေးမြတ်မှုကိုခံရ၍ မိမိကိုယ်ကို ကျေနပ်ကြည်နူးဖြစ်ရသည်။ အတ္တလွန်ကဲမှုနှင့် လောဘသည် ပူလောင်သောတရားဆိုးများဖြစ်၏။ မိသားစု၏ မေတ္တာဖြင့် သာယာချမ်းမြေ့မှုသည် အတ္တလွန်ကဲခြင်းကို မျှတစေ၏။ လှူဒါန်းပေးကမ်းခြင်းသည် လောဘကို မျှတစေ၏။

ရသမျှနှင့်ရောင့်ရဲမည်။ ဖြစ်သမျှနှင့် ကျေနပ်မည်ဆိုပြီး တိုးတက်ကြီးပွားအောင် မကြိုးစားလျှင် အစွန်းတစ်ပါးဖြစ်သည်။ 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရစေတော့'၊ 'ထမင်းကြမ်းကို ယပ်ခတ်စားပြီး အေးအေး ချမ်းချမ်းနေမယ်' ဆိုသော စကားများ မှာကြား၍ ကောင်းသော်လည်း တကယ့်ဘဝမှာ မကောင်းပါ။ အဆင်မပြေ၊ စိတ်ဆင်းရဲစရာ များစွာဖြစ်စေသည်။

အိမ်ထောင်မိသားစုဘဝတွင် စားဝတ်နေရေး၊ လူမှုရေး၊ လိုအပ်ချက်များရှိသည်။ သူများနည်းတူ ဝတ်ချင်သည်၊ စားချင်သည်။ သားသမီးများကို ပညာသင်ပေးရမည်။ မကျန်းမာလျှင် ဆေးကုရမည်။

တစ်အိမ်လုံး မိုးမလုံ၍ မိသားစုများ တစ်ညလုံးမအိပ်ရ။ မိုးလွတ်သောနေရာများမှာ ရွှေ့ထိုင်၍ ငုတ်တုတ်မိုးလင်းရလျှင် မည်သူမျှ ပျော်ရွှင်နိုင်မည်မဟုတ်ပါ။ ဆင်းရဲသည်မှာ ဂုဏ်ယူစရာမဟုတ်။ မပြည့်စုံသည်မှာ ကျေနပ်စရာမဟုတ်။ ချမ်းသာလိုစိတ်ရှိရမည်။ 'လိုလျှင်ကြံဆ နည်းလမ်းရ' မိသားစုဘဝ ပြည့်စုံစွာ ချမ်းသာအောင် တွေးခေါ်ကြံဆရမည်။ အဆင့်ဆင့်တိုးမြင့်အောင် ကြိုးစားရမည်။ တိုးတက်သည်နှင့်အမျှ မိသားစုဘဝ ချမ်းသာသုခကို ခံစားနိုင်ရမည်။ ရောက်သည့်အဆင့်တွင် ရောင့်ရဲခြင်းမရှိ။ အမြင့်ကိုသာ တမျှော်မျှော်မော်ကြည့်နေလျှင်လည်း ပျော်သင့်ပျော်ထိုက်သော အခွင့်အလမ်းများ ဆုံးရှုံး၍ ပင်ပန်းဆင်းရဲမည်။

တိုးတက်အောင် ကြိုးစားခြင်းနှင့် ရောင့်ရဲစိတ်ကို မျှတအောင် ပေါင်းစပ်နိုင်ခြင်းဖြင့် မိသားစုဘဝနှင့် မိမိဘဝ အေးချမ်းစွာ သုခချမ်းသာ ရှာနိုင်၊ ရနိုင်ကြပါစေ။

◆◆◆

# ဓားကောင်းသော်လည်း
# ဓားကိုင်ကောင်းမှ အစွမ်းထက်

ဆိုင်းဝတ္ထုတစ်ခုကို အပျင်းပြေဖတ်ရင်း လမ်းညွှန် အသိတစ်ခု ရခဲ့ပါသည်။ လူငယ်တစ်ယောက်သည် အဘိုးဖြစ်သူ၏ ဓားကို အမွေဆက်ခံ ရရှိလာ၏။ အဘိုး၏ ဓားမှာလည်း နာမည်ကြီး ဓားကောင်းတစ်လက် ဖြစ်သည်။

လူငယ်သည် သူရလာသောဓားကို ဂုဏ်ယူလျက်ရှိ၏။ စားသောက် ဆိုင်တစ်ခုမှာ သူငယ်ချင်းများနှင့်အတူ စားသောက်ရင်း ဓားကိုပြသည်။ အဘိုးထံမှ အမွေရသောဓား မည်မျှကောင်းကြောင်း၊ ပြောပုံက ခပ်ကြွား ကြွား။ ဓားချင်း ယှဉ်ခုတ်လျှင် သူ့ဓားကို ယှဉ်နိုင်သည့်ဓား မရှိဟူ၍။

ဆိုင်ထောင့်မှစားပွဲမှာ စားသောက်နေသူတစ်ဦး ထလာသည်။ သူ့ ဓားနှင့်ပြိုင်ခုတ်ရန် အသပြာတစ်ထောင် လောင်းကြေးထပ်၍ စိန်ခေါ်သည်။ စိန်ခေါ်သူ၏လက်မှဓားကို လူငယ်လှမ်းကြည့်လိုက်သည်။ သာမန်ဓား တစ်လက်သာ ဖြစ်သည်။ အချို့နေရာများတွင် သံချေးပင် တက်နေသည်။

လူငယ်က ဒအသပြာတစ်ထောင် လောင်းကြေးထပ် လိုက်သည်။ စိန်ခေါ်သူက သူ့ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ခံဓားအဖြစ် ဆန့်တန်း ပေးသည်။ လူငယ်က သူ့ဓားနှင့်အပေါ်မှလွှဲ၍ ခုတ်ချလိုက်သည်။ ဓားသွား ချင်း ထိရာမှ မီးပွင့်သွားသည်။ သံချေးတက်နေသောခံဓားက ဘာမျှမဖြစ်။ အကောင်းပကတိ။ ခုတ်သောဓား ထက်ပိုင်းကျိုးသွားသည်။

နိုင်သူက လောင်းကြေးငွေကို ယူလိုက်သည်။ လူငယ်များ အံ့အားသင့်စွာ ကြည့်နေကြသည်။ နိုင်သူက လက်မှာ့ဓားကို လူငယ်အား ပေးထားခဲ့ပြီး ထွက်သွားသည်။ လူငယ်က သူ့အဘိုး၏ သမိုင်းဝင်ဓားထက် ပိုကောင်းသော ဓားဖြစ်သည်ဟု အထင်ကြီးစွာ ယူထားလိုက်သည်။ သူတော့ ဟန်ကျပြီ။ ဤဓားနှင့် ဓားချင်းယှဉ်ခုတ်ပြီး လောင်းကြေးထပ်လျှင် ငွေများစွာ ရမည်ဟု ပြောနေသည်။ ကျန်လူငယ်များကလည်း ထိုသို့ပင် မှတ်ထင်၍ သူတို့ပါ လောင်းကြေးထပ်မည်ဖြစ်ကြောင်း ပြောဆိုကြသည်။

သို့သော် စားသောက်ဆိုင်ပိုင်ရှင် အဘိုးကြီးက အဖြစ်မှန်ကို သိသည်။ ထွက်သွားသူမှာ ဓားကိုင်အလွန်ကျွမ်းသော နာမည်ကြီးသိုင်းသမားဖြစ်ကြောင်း၊ သူ့ဓားဖြင့် လောင်းကြေးထပ်ပြီးမခုတ်မီ ကိုယ့်အချင်းချင်း ဦးစွာ စမ်းသပ်သင့်ကြောင်း အကြံပေးသည်။

လူငယ်တစ်ယောက်မှာ ဆောင်ဓား အသင့်ပါလာသည်။ အနိုင်ရထားသော သံချေးတက်ဓားကို ရှုံးသူလူငယ်က လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ အခုတ်ခံသည်။ သူ့မိတ်ဆွေလူငယ်က သူ့ဓားနှင့် အပေါ်မှလွှဲ၍ ခုတ်ချလိုက်သည်။ ခံဓား ထက်ပိုင်းကျိုးသွားသည်။

လူငယ်များက အမြော်အမြင်ရှိစွာ သတိပေးသော ဆိုင်ရှင်အဘိုးကြီးကို လှမ်းကြည့်လိုက်သည်။ ဆိုင်ရှင်အဘိုးကြီးက ဓားကောင်းဖို့ထက် ဓားကိုင်ကောင်းဖို့ ပိုအရေးကြီးကြောင်း၊ ဓားကောင်းသည်လည်း ဓားကိုင်ကောင်းသူ လက်ရောက်မှ အစွမ်းထက်ကြောင်း ပြောပါသည်။

ဆိုင်ရှင်အဘိုးကြီးမှာ ငယ်စဉ်က သိုင်းသမားဖြစ်၍ ဓားကောင်းနှင့် ဓားကိုင်စွမ်းရည်အကြောင်း ကောင်းစွာနားလည်သူဖြစ်၏။

လူငယ်များမှာ အဘိုးကြီးကို ကျေးဇူးတင်ကြောင်း ပြော၍ ပြန်ခဲ့ကြသည်။ အဘိုးကြီး သတိမပေးလျှင် သိုင်းသမား ပေးထားခဲ့သောဓားနှင့် လောင်းကြေးထပ်ပါက အရှုံး ထပ်၍ပေါ်ကြဦးမည်။

ထို့ထက်ပို၍ ကျေးဇူးတင်စရာကောင်းသည်မှာ အသိတစ်ခု ရရှိသွားခြင်းဖြစ်၏။

အသုံးအဆောင်လက်နက်ကိရိယာကောင်းသည်။အသုံးပြုသူကောင်း ပါမှ၊ လုပ်ပိုင်ခွင့်ကောင်းသည် တာဝန်ယူဆောင်ရွက်သူ ကောင်းပါမှ၊ သဘောတရားကောင်းသည် လက်တွေ့အကောင်အထည်ဖော်သူကောင်းပါမှ၊ တရားဓမ္မကောင်းသည် ကျင့်ကြံပွားများအားထုတ်သူ ကောင်းပါမှ. . ။

◆◆◆

## မနေ့ကပေဒါနှင့်ယနေ့ပေဒါပြိုင်နေရသည်

စိန်ပေဒါကြီးသည် ပတ္တလားတီးကျွမ်းကျင်၏။ စောင်းတီးရာမှာ ထူးချွန်၏။ ဆိုင်းဝိုင်းတီးရာမှာ အကျော်ကြားဆုံး တံခွန်စိုက်ရခဲ့၏။ နေမျိုးဗလကျော်သူဘွဲ့ရ ရွှေစားဆိုင်းဆရာဖြစ်သည်။

မဟာဂီတကို စာမျက်နှာလှန်သမျှ ကျရာသီချင်း မဆိုင်းမတွ ပိုင်နိုင်စွာ တီးနိုင်၏။ ဆိုင်းဆိုသမျှ မင်းကြီးထိပ် ခေါင်ဆိုသကဲ့သို့ ဆိုင်းလောကမှာ ပြိုင်ဘက်မရှိဖြစ်ခဲ့၏။

သို့သော် ပေဒါကြီးသည် ဆိုင်းပညာကို ပို၍ကျွမ်း ပို၍တော်အောင် အစဉ်သဖြင့် ကြိုးစားနေ၏။ တစ်ဦးချင်း ထူးချွန်အောင် ကြိုးစားသကဲ့သို့ အဖွဲ့လိုက် အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားသည်။ သင်ရိုးများ ကျေညက်နေအောင် လေ့ကျင့်သကဲ့သို့ တီးလုံးတီးကွက်အသစ်များကိုလည်း တီထွင်၏။ သူ၏အလုပ်မှာ အကောင်းဆုံး၊ အတော်ဆုံး၊ အထူးချွန်ဆုံး ဖြစ်နေသည့်တိုင်အောင် ဆထက်ထမ်းပိုး တိုး၍ ကြိုးစားနေဆဲ ဖြစ်သည်။

တပည့်တို့က ဆရာနှင့်ပြိုင်နိုင်သူ မည်သူမျှမရှိ၍ ဤမျှ ကြိုးစားနေရန်မလိုတော့ကြောင်း ပြောဆိုကြသောအခါ ပေဒါကြီးက သူများနှင့် ပြိုင်စရာ မရှိသော်လည်း မနေ့ကပေဒါနှင့် ယနေ့ပေဒါ ပြိုင်နေရသည်ဟု ပြောခဲ့၏။

မှတ်သားဖွယ်ကောင်းသောစကားဖြစ်သည်။ လေးစားဖွယ် ကောင်းသော စိတ်ထားဖြစ်သည်။

ငါ အကျွမ်းကျင်ဆုံးဖြစ်နေပြီ။ ငါ အတော်ဆုံးဖြစ်နေ ပြီဟု လျော့သောစိတ်ထား မရှိ။ ငါနှင့်ပြိုင်ဘက်မရှိဟု မာနတံခွန်ထူခြင်းမရှိ။ သူများနှင့်ပြိုင်စရာမရှိလျှင် ကိုယ့်ကိုယ်ကိုယ် ပြိုင်နေသည်။ မနေ့က ပေဒါထက် ယနေ့ပေဒါ ပိုသာအောင် ကြိုးစားသည်။ ထို့ကြောင့် မနှစ်ကပေဒါထက် ယခုနှစ်ပေဒါသည် အဆများစွာ သာလွန်နေလိမ့်မည်။

ဤစိတ်ထားနှင့် ဤကြိုးစားမှုများကြောင့် ပေဒါကြီး ကွယ်လွန်ပြီးသည့်နောက် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ပေဒါ နာမည် ကျော်ကြားနေခြင်းဖြစ်သည်။ နောက်ခေတ် ဆိုင်းဆရာများအားလုံးက စံပြု အတုယူနေကြရသည်။

ပေဒါကြီး၏ တီးလုံးတီးကွက်များ၊ ပေဒါကြီး၏ ဆိုင်းတီးလုံး ခေတ်ပြားများသည် လွန်စွာအောင်မြင်ကျော်ကြားခဲ့သည်။ ပေဒါ၏ ဂုဏ်သတင်း၊ ပေဒါ၏အကြောင်းတို့ကို လူများ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ကြသည်။

ယနေ့ထက်တိုင်ပင် လက်သံပြောင်လျှင် 'ပေဒါကြီး' ဟု ပြောဆိုကြသည်။ သူ့စကားနှင့်အညီ မနေ့ကပေဒါနှင့် ယနေ့ ပေဒါ ပြိုင်ခြင်းကို အသက်ထက်ဆုံး ကြိုးစားခဲ့ခြင်းကြောင့် သူစိုက်ထူခဲ့သောမှတ်တိုင်သည် တစ်ရက်ထက်တစ်ရက် တိုးတက်မြင့်မားခဲ့သည်။ သူကွယ်လွန်သောအခါ ဆိုင်းလောကမှာ 'ပေဒါ' ဟူသော အလွန်မြင့်သည့်မှတ်တိုင်ကြီး ကျန်နေခဲ့ခြင်း ဖြစ်သည်။

မိမိကိုယ်ကို ဆက်လက်တိုးတက်ရန် ကျန်သေးသည်ဟု ယူဆသူတို့သည် ကြိုးစားမှုအရှိန်အဟုန်မပျက် ဆက်လက် တိုးတက်နေ၏။

အမှန်ဇင်စစ်လည်း အကောင်းဆုံးရောက်ပြီ။ အတော်ဆုံးဖြစ်ပြီဟူ၍

မရှိ။ ဆက်လက်ကြိုးစားလျှင် တိုးတက်စရာများစွာ ကျန်သေးသည်။ မိမိတို့၏မှတ်တိုင်ကို မြင့်သည်ထက်မြင့်အောင် စိုက်ထူနေခြင်းဖြင့် မာနတက်ခြင်းကိုလည်း လျှော့ပါးစေနိုင်သည်။

သူတစ်ပါးနှင့် ပြိုင်ဘက်မရှိလျှင် မိမိကိုယ်ကို မနေ့ကထက် ယနေ့ ပို၍ တိုးတက်အောင် ကြိုးစားနေသင့်သည်။ အားကစားသမားတို့သည် မိမိတို့တင်ထားသည့် အမြင့်ဆုံးစံချိန်ကို ပြန်ချိုး၍ ပိုမြင့်သောစံချိန်ကို မြှင့်တင်နေသင့်သည်။ အနုပညာသည်တို့ကလည်း မိမိတို့၏ အနုပညာစွမ်းရည်ကို ပို၍မြှင့်တင်နေသင့်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် မိမိတို့ အသိပညာ၊ အတတ်ပညာကို ပို၍တိုးတက်အောင် ကြိုးစားနေရမည်။ လုပ်ငန်းရှင်တို့ကလည်း မိမိတို့လုပ်ငန်းကို ပို၍မြင့်အောင် မြှင့်တင်နေရမည်။

မနေ့က ဗေဒါနှင့် ယနေ့ဗေဒါ ပြိုင်နေကြရမည်။

◆◆◆

# စီးပွားရေးလုပ်ရင် ကိုယ်စားဖို့မလုပ်နဲ့ သူများစားဖို့လုပ်

ကျွန်တော့်မိတ်ဆွေ သူဌေးတစ်ယောက်ရှိသည်။ အလွန် ချမ်းသာကြွယ်ဝသည်။ ဧရာဝတီမြစ်ကြောင်းသွား မြစ်ဝကျွန်းပေါ်သွား ရေယာဉ်များစွာပိုင်သည်။ ကုမ္ပဏီလည်းရှိသည်။ အခြားသော စီးပွားရေးလုပ်ငန်းကြီးများလည်း ရှိသေးသည်။ သို့သော် ထိုအလုပ်များမှာ သူ့မန်နေဂျာနှင့်သူ့တာဝန်ခံနှင့်သူ ကြီးကြပ်ဆောင်ရွက်နေကြသည်။ သူ၏အလုပ်မှာ အလှူအမျိုးမျိုး လှူတန်းနေခြင်းသာဖြစ်သည်။

သူသည် မူလက အစိုးရဝန်ထမ်းဖြစ်၏။ အသက်သုံးဆယ်ခန့်တွင် အစိုးရဝန်ထမ်းမှထွက်၍ ကိုယ်ပိုင်စီးပွားရေးအလုပ်ကို လုပ်သည်။

စီးပွားရေးလုပ်ရာတွင် သူ့ဆရာက သင်ပေးသော လမ်းညွှန်ချက်မှာ 'စီးပွားရေးလုပ်ရင် ကိုယ်စားဖို့ မလုပ်နဲ့၊ သူများ စားဖို့လုပ်' ဟူ၍ဖြစ်သည် ဆို၏။

'ကိုယ်စားဖို့မလုပ်ဘဲ သူများစားဖို့လုပ်ရင် ဘယ်လိုလုပ် စားရတော့မှာလဲ' ဟု သူက သူ့ဆရာကို ပြန်မေးသည်။

'အေး. . မင်းတို့က စီးပွားရေးစလုပ်တာနဲ့ ငါဘယ်လိုရမလဲ။ ဘယ်လောက် အမြတ်ကျန်မလဲ' ဆိုတာကိုပဲ တွေးချင်တာကိုး။ သူစားဖို့ လုပ်ရင် ကိုယ်စားရလိမ့်မယ်'

ဤမျှသာ လမ်းညွှန်မှုပြုသည်ဆို၏။

အဓိပ္ပာယ်မှာ စားသုံးသူဘက်မှ တွေးရန် ကြည့်မြင်ရန် စဉ်းစားရန် ဆိုလိုခြင်းဖြစ်ကြောင်း ကျွန်တော့်မိတ်ဆွေက နားလည်သွားသည်။

စားသုံးသူသည် ဝယ်ယူအသုံးပြုသော ပစ္စည်းအရည်အသွေး ကောင်းစေချင်သည်။ ဈေးနှုန်းသက်သာစေချင်သည်။

စီးပွားရေးလုပ်သူသည် ဝယ်သူစိတ်ကြိုက်ကိုသိရန်လိုသည်။ ဖြည့်ဆည်းပေးနိုင်ရန် စဉ်းစားရမည်။ ပစ္စည်းအမျိုး အစားတူလျှင် သူများ ထက် ပိုကောင်းပြီး သူများထက် ပိုသက်သာအောင် ဖြည့်ဆည်းပေးနိုင် ရန် လိုသည်။ ဝန်ဆောင်မှုဆိုလျှင်လည်း ထိုနည်းတူပင်ဖြစ်သည်။ သူများ ထက်ပိုကောင်း ပြီး ပိုသက်သာလျှင် စားသုံးသူ သဘောကျမည်။ ဝယ်ယူ စားသုံးသူ သဘောကျမှ မိမိ၏စီးပွားရေးလုပ်ငန်း အောင်မြင်မည်။

မိမိအကျိုးအမြတ်ရရေးကိုသာ ရှေ့တန်းတင်၍ ဝယ်ယူအသုံးပြုသူ ဘက်မှ မစဉ်းစားလျှင် ဝယ်သူမကြိုက်က ဝယ်သူမရှိလျှင် စီးပွားရေး လုပ်ငန်း အောင်မြင်မည်မဟုတ်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာမည့် နည်းလမ်းများကို ရှာကြံရမည်။ သူများထက် ကုန်ကျစရိတ်သက်သာလျှင် သူများထက် လျှော့ရောင်းနိုင်မည်။ ဈေးနှုန်းတူလျှင် ပစ္စည်းအရည်အသွေး ပိုကောင်းလျှင် ဝယ်သူသဘောကျမည်။

စီးပွားရေးလုပ်လျှင် ဝယ်သူအကျိုးကြည့်ရမည်။ ဝယ်သူ အပေါ် စေတနာထားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

မိမိ၏လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်သူများ၏ အကျိုးကိုလည်း ကြည့်ရသည်။ သူ့အတွက် ကောင်းကျိုးရမှ လုပ်ငန်းတာဝန် ထမ်းဆောင်ရာ တွင် စိတ်ဝင်စားမည်။ စေတနာပါမည်။

အလုပ်သမားအပေါ်မှာ ရသမျှ ခေါင်းပုံဖြတ်၊ အတင်း အကျပ်ခိုင်း၊ လုပ်ငန်းခွင် ပျော်ရွှင်မှုလည်းမရှိ။ မိသားစုဘဝမှာလည်း အာမခံချက် မရှိ

လျှင် အလုပ်သမားများ အလုပ်တွင် စိတ်ဝင်စားမှုနည်းပါးမည်။ စေတနာမရှိဖြစ်လာမည်။ စီးပွားရေးလုပ်ငန်း အောင်မြင်မည်မဟုတ်ပါ။

ကျွန်တော်၏မိတ်ဆွေသည် သူ့ဆရာ၏လမ်းညွှန်ချက်ကို ကောင်းစွာလိုက်နာခြင်းဖြင့် စီးပွားတိုးတက်ခဲ့သည်။ သူ့လုပ်ငန်း အဆင့်ဆင့်မှ တာဝန်ခံ ဆောင်ရွက်သူများကို ထိုက်တန်စွာ ပေးသည်။ ကျန်းမာရေးအထိ စောင့်ရှောက်သည်။ သားသမီးများ ပညာရေးကိုပါ တာဝန်ယူပေးသည်။ သူ့လူများသည် သူ့အပေါ်မှာ စေတနာထား၍ သစ္စာရှိကြသည်။

သူများစားဖို့လုပ်ရင်း သူကိုယ်တိုင်လည်း စီးပွားတိုးတက်သည်။ တိုးတက်လာသော စီးပွားကိုလည်း အလှူအတန်း ရက်ရောခြင်းဖြင့် ကောင်းမှုပြုသည်။

စီးပွားရှာတတ်ရုံမက ကောင်းစွာ ချမ်းသာတတ်သူ လည်းဖြစ်ပါ၏။

◆◆◆

# ပညာငယ် နားကျယ်မဆန့်၊ ပညာကျယ် နားငယ်မဆန့်

***(ပညာငယ် နားကျယ်မဆန့်၊ ပညာကျယ် နားငယ် မဆန့်)***

'သက်ကြီးစကား သက်ငယ်ကြား' ဟူ၍ရှိပါသည်။ တစ်ခါတစ်ရံမှာတော့ သက်ငယ်စကား သက်ကြီးကြား၍ လေးလေးစားစား မှတ်သားရသည်လည်း ရှိပါသည်။

ကျွန်တော် မြစ်ကြီးနားမြို့တွင် ပြည်နယ်အုပ်ချုပ်ရေး မှူးတာဝန် ထမ်းဆောင်နေစဉ် တနင်္ဂနွေရုံးပိတ်ရက်မှာ အိမ်သို့ ဧည့်သည်တစ်ဦး ရောက်လာသည်။ ရင်းနှီးခင်မင်စွာ သိကျွမ်းသော လူငယ်တစ်ယောက် ဖြစ်ပါသည်။ ဝိုင်းမော်မြို့မှ လာခြင်းဖြစ်၏။

"ပြော. . ကိုညွန့်ဝေ၊ ဘာကိစ္စရှိလဲ"

"ဘာကိစ္စမှမရှိပါဘူး။ ဆရာနဲ့စကားပြောချင်လို့ပါ။ ပညာ ဗဟုသုတ ရချင်လို့ပါ"

ကိုညွန့်ဝေမှာ စာရေး၊ စာဖတ် ဝါသနာပါသူဖြစ်သည်။ သူရေးသော ဝတ္ထုတိုလေးတစ်ပုဒ် ကျွန်တော့်ပြပြီး ဝေဖန် အကြံပြုခိုင်းဖူးသည်။

"တစ်ခုတော့ ကြိုတောင်းပန်ထားရဦးမယ် ဆရာ။ ပညာငယ် နားကျယ်မဆန့်၊ ပညာကျယ် နားငယ်မဆန့် ဖြစ်ရင်တော့ ခွင့်လွှတ်ပါ"

"ခဏနေဦးကွ။ အဲဒီစကား ငါမှတ်ဦးမယ်"

သူက နောက်ပြောင်သည်မှတ်၍ ရယ်ပါသည်။

ကျွန်တော် နောက်ပြောင်ခြင်းမဟုတ်ပါ။ အမှန်ပင် မကြားစဖူး ကြားလိုက်ရ၍ မှတ်စုစာအုပ်မှာ ရေးမှတ်သည်။ အလွန်ကောင်းသောစကား ဖြစ်ပါသည်။ သူပြောလိုက်သည်နှင့် အဓိပ္ပာယ်ကို နားလည်ပါသည်။ သို့သော် သူဖွင့်ဆိုပြသည်ကို နားထောင်ချင်၍. .

"လုပ်ပါဦးကွ အဓိပ္ပာယ်ကို ပြောပါဦး"

"ကျွန်တော်က ပညာငယ်တော့ ကျွန်တော်ပြောတဲ့ စကားတွေက ဆရာ့လို ပညာရှိတဲ့သူရဲ့နားမှာ သေးနုတ်နေမှာစိုးလို့ပါ။ ဆရာပြောတဲ့ စကားတွေ ကျတော့လည်း ကြီးမြင့်နေလို့ ကျွန်တော်က ပညာငယ်တော့ နားမလည်နိုင်ဖြစ်ရင် ခွင့်လွှတ်ပါလို့ ပြောတာပါ"

ထိုနေ့က စကားပြောဆိုရာတွင် သူ ကျွန်တော့်ဆီက ဘာပညာ ရသွားသည်မသိပါ။ ကျွန်တော်ကတော့ သူ့ထံမှ ပညာရပါသည်။ မှတ်သား စရာ စကားတစ်ခုကို အသေအချာ မှတ်သားလိုက်ရပါသည်။

သူက ကျွန်တော့်ကို ဆရာအဖြစ်သဘောထား၍ လာရောက် ဆွေးနွေးသော်လည်း အဖြစ်မှန်မှာ ကျွန်တော်က သူ့ ထံမှ ပညာရခြင်းဖြစ်၍ သူက ကျွန်တော့်ဆရာဖြစ်သွားခဲ့ပါ သည်။

ထိုစကားမှာ ကြားဖူးပြီးသားဖြစ်သင့်သည်။ မကြားဖူး ရကောင်း လားဟု အထင်သေးလျှင်လည်းခံပါမည်။ ကျွန်တော် မကြားဖူးသေးသော အဖိုးတန်စကားတို့ များစွာရှိပါလိမ့်ဦးမည်။ မသေမချင်း သင်ယူဖြည့်ဆည်း နေရသည်တို့မှာ များလှပါ၏။

ပညာငယ်သည်ဆိုသူတစ်ဦးထံမှ ကြားရသည့် ကြီးမြတ်သော စကား ကောင်းသည် ပညာကြီးသည်ဟုထင်သူ၏ နားကိုငယ်သွားစေပါသည်။

◆◆◆

## မေတ္တာကုန်ခန်းစိတ်မချမ်း ညှိုးနွမ်းမည်ကိုကြောက်

ငယ်စဉ်က ကျက်မှတ်ခဲ့ရသော ကြောက်ကြီးကိုးလုံး သံပေါက်ထဲမှ ကြောက်ကြီးတစ်လုံးဖြစ်သည်။

လူတစ်ယောက်၏ဘဝတွင် အရာရာအဆင်မပြေ၍ အထွေထွေ မကျေနပ်မှုများလာသောအခါ အားလုံးကို အဆိုးမြင်တတ်လာသည်။ လူတိုင်းကို ကြည့်၍မရ။ သဘာဝတရားကိုပင် ဘဝင်မကျ။ အားလုံးကို မေတ္တာတုံး၍မုန်းလာသည်။

ထိုအခါ ဒေါသထွက်လွယ်သည်။ ဒေါသထွက်လျှင် ဒေါသကြီးတတ်သည်။ အသင့်အတင့် နှလုံးသွင်းနိုင်မှုအား နည်းလာသည်။ အများနှင့် ဆက်ဆံရာတွင် အဆင်မပြေများလာသည်။ ကိုယ်က အများပေါ်မှာ မေတ္တာကုန်ခန်းလာသောအခါ အများကလည်း ကိုယ့်ကို မုန်းတုံ့ပြန်လာကြသည်။ ကြာသောအခါ အရေခွံခန်းသောသစ်ပင် ညှိုးနွမ်းသကဲ့သို့ မေတ္တာကုန်ခန်းသူ၏ဘဝမှာ ညှိုးခြောက်လာတတ်၏။

ထို့ကြောင့် ရှေးလူကြီးသူမများက 'မေတ္တာကုန်ခန်း စိတ်မချမ်း ညှိုးနွမ်းမည်ကိုကြောက်' ဟု သတိပေးဆုံးမခဲ့ခြင်း ဖြစ်သည်။

စာရေးကြီးကိုသော်၏ဘဝမှာ အရာရာ ဘာမျှအဆင်မပြေ။ ရသည့် လစာနှင့် မိသားစုဘဝ မလောက်ငှ။ တစ်လ တစ်လ အကြွေးကတိုးလာ သည်။ ရုံးသွားခါနီးမှာ မိန်းမကဈေးဖိုးတောင်းသည်။

သားကြီးက စာအုပ်ဖိုး၊ သမီးက ထီးဖိုး၊ သားငယ်က ဖိနပ်ဖိုး တန်းစီတောင်း နေကြသည်။ ဘယ်သူ့ကိုမှ ဘာမျှမပေးနိုင်။ အားလုံးကို အော်ပစ်ခဲ့ပြီး ရုံးသွားရန် ထွက်ခဲ့သည်။ လမ်းရောက်မှ မိုးက ဖွဲဖွဲကျလာသည်။

"သောက်သုံးမကျတဲ့မိုး. . . ယုတ်မာလိုက်တာ"

ထီးကလည်းမပါ။ ကားမှတ်တိုင်ရောက်အောင် မြန်မြန် လျှောက်ရ သည်။ မှတ်တိုင်မှာ လူကအများကြီး။ ဘတ်စ် ကားရောက်လာတော့ ကား ပေါ်မှာ လူက အပြည့်။ စုပြုံတိုးကြသည်။ ကိုသော် ကျန်ခဲ့သည်။ သုံးစီးကျမှ တက်ရသည်။ ကိုယ်က သူများကို အတင်းတိုးသလို သူများကလည်း ကိုယ့် ကို အတင်းတိုးသည်။ ကိုယ်က သူများခြေထောက်ကို တက်နင်းမိသလို သူများကလည်း ကိုယ့်ခြေထောက်ကို တက်နင်းမိသည်။ ကိုယ့်ကိုတိုးလျှင်၊ တက်နင်းလျှင်ကိုသော် မကျေနပ်။ ကိုယ်ကတိုး၍ တက်နင်းမိ၍ မကျေမနပ် ပြောသူကိုလည်း ကိုသော် မကျေနပ်။

"ရှေ့တိုး. . အထဲရောက်အောင်တိုး။ အပေါက်ဝမှာ ရပ်မနေနဲ့။ ဒီအပေါက်နဲ့ လုပ်စားနေရတာ"

စပယ်ယာက အတွင်းသို့ အတင်းတိုးဝင်ခိုင်းနေသည်။ ဆင်းသော အခါ အတွင်းရောက်၍ အထွက်နောက်ကျနေလျှင်လည်း အငေါက်ခံရဦး မည်။ အချင်းချင်းကလည်း. .

"စောစောကတော့ ထွက်မလာဘူး။ ဘာငေးနေလဲ မသိဘူး"

ဖြူဖြူစူစူပြောကြသည်။ ထိုပါးစပ်များကိုကြောက်၍ စပယ်ယာ ငေါက်သော်လည်း ကိုသော် ရှေ့ရောက်အောင် မတိုး။

"ကားပေါ်ရောက်ရင် ပိုက်ဆံထုတ်ထားကြ။ ပေးရမှာ သိလျက်သားနဲ့

လက်တို့တောင်းအောင် စောင့်မနေကြနဲ့”

စပယ်ယာ၏ စွာကျယ်သောအသံကြောင့် ကိုသော် မကျေမနပ် မျက်စောင်း ထိုးပစ်လိုက်သည်။

ကိုသော်နားမှထိုင်ခုံမှ လူတစ်ယောက် ထသွားသည်။ ကိုသော် လှုပ်ရှားချိန်ပင် မရလိုက်။ လူနှစ်ယောက် အလုအယက် ထိုင်ကြသည်။ အနှစ်သုံးဆယ်၊ အနှစ်ငါးဆယ် မြေဂရန်များတွင် ဓားခုတ်မှု၊ လူသတ်မှု ဖြစ်ကြသည်မှာ ဘာမျှမဆန်း။ မိနစ်သုံးဆယ်ခန့်သာထိုင်ရမည့် ဖင် တစ်နေရာစာအတွက်ပင် မရှက်နိုင်၊ မကြောက်နိုင် ပွဲကြမ်းနေကြသည်။

“ဟင်း. . အလကားလူတွေ”

လူအားလုံးကို ကိုသော်မုန်းလာသည်။ ဆင်းရမည့် မှတ်တိုင် ရောက်တော့လည်း ခက်ခဲစွာတိုးဆင်းရသည်။ အောက်မှ အတင်းတိုးတက်နေသူများနှင့် ပြူစူပြောဆိုရင်း ဆန့်ကျင်ရင်ဆိုင်ရသည်။

ရုံးရောက်တော့ “ဘယ်လိုလဲ။ ထုံးစံအတိုင်းပဲလား” ရုံးနောက်ကျ၍ ရုံးအုပ်၏အမေးစကားကြောင့် ကျွဲမြီးတိုရပြန်သည်။ လုပ်ရမည့် အလုပ်များ ကိုမလုပ်ဘဲ အရွဲ့တိုက် ထိုင်နေလိုက်သည်။ ဤနည်းဖြင့် တာဝန်ပျက်ကွက်သည်များလာ၍ အထက်လူကြီးများကပါ ငြိုငြင်လာသည်။ ခေါ်ယူသတိပေးခံရသည်။ ထိုလူကြီးများကိုလည်း မကျေနပ်။

လက်အောက်မှ စာရေးမလေးများကိုလည်း တစ်ယောက်မျှ ကြည့်မရ။ အလှပြင်ဖို့၊ အတင်းပြောဖို့၊ ဂုဏ်တု ဂုဏ်ပြိုင်လုပ်ဖို့ကလွဲပြီး ဘာမျှ အသုံးမကျဟု ကိုသော် မကျေနပ်။ မလုပ်တတ်၍ လာမေးလျှင် ‘မသိဘူး သွားကြ’ ဟု အော်လွှတ်လိုက်သည်။ စာရေးမလေးများက ကိုသော် ကို လူ့ဂွစာ၊ ဒေါသအိုးအဖြစ် အမြင်ကပ်ကြသည်။

အပြင်လူများနှင့် အလုပ်ကိစ္စ ပြောဆိုရလျှင်လည်း ကိုသော် စိတ်မရှည်။ ဟောက်လိုက်၊ ငေါက်လိုက် ဖြစ်နေ သည်။ ထို့ကြောင့် ကိုသော်

နာမည်ဆိုးထွက်၍ ဆက်ဆံသူတိုင်း မုန်းကြသည်။

ကြာသောအခါ တစ်လောကလုံးက ကိုယ့်ကိုမုန်းနေကြပြီဟု ခံစားလာရသည်။ ကိုယ်ကလည်း တစ်လောကလုံးကိုမုန်း၍ အထီးကျန် ဖြစ်လာသည်။

မေတ္တာစိတ်၊ ကြင်နာစိတ်၊ အနစ်နာခံစိတ်၊ ကူညီစိတ် တို့ကြောင့် ဖြစ်ပေါ်သော အပြုံးများနှင့် ကင်းဝေးလာသည်။ အမုန်းများကို တုံ့ပြန်ရင်း အမုန်းမျက်လုံးများနှင့် အကျည်း တန်လာသည်။ ဘဝမှာ စိတ်ချမ်းသာမှု ကင်းလာသည်။

မေတ္တာကုန်ခန်း စိတ်မချမ်းလျှင် ညှိုးနွမ်းမည်မှာ ကြောက်စရာပါတည်း။

◆ ◆ ◆

# မီးလွတ်စားနည်း

"လောဘ၊ ဒေါသနှင့်စားလျှင် မီးမလွတ်"

ရွှေဥမင်ဆရာတော်ကြီး အနန်းပင်တောရမှာ သီတင်း သုံးနေစဉ်ကဖြစ်သည်။ နွေရာသီ၏ နေပူသောနေ့ခင်းမှာ ရွှေဥမင်တောရသို့ ရောက်သွား၏။ ကျောင်းဝင်းသည် ကျယ်ဝန်း၍ ဆီးဖင်၊ ပန်းပင်၊ ဝါးပင်များနှင့် အေးချမ်း၏။

ကျောင်းပရဝုဏ်အတွင်းမှာ တိုက်တာအဆောက်အအုံ ကြီးကြီးမားမား များစွာရှိသော်လည်း ဆရာတော်ကြီး သီတင်းသုံးသည်မှာ ဝါးထရံကာ တစ်ထပ်ကျောင်းငယ်လေးဖြစ်သည်။

ဆရာတော်ကြီးမှာ သက်တော် (၈၀)ကျော်၍ ပိန်လှီ ရသော်လည်း အသားအရေက စိုဝင်းနေ၏။ မျက်နှာတော်မှာ ကြည်လင်ပြီး အေးအေးချမ်းချမ်းရှိလှသည်။ ဖူးမြင်ရသည်မှာ ကြည်ညိုစရာ။

"အပြင်မှာ ပူသလား"

ဆရာတော်ကြီး၏လေသံက တိုးတိုးအေးအေးဖြစ်သည်။

"ပူပါတယ်ဘုရား. . "

"အတွင်းမှာရော ပူသလား"

ကျွန်တော်က ဘာဖြေရမှန်းမသိဖြစ်နေစဉ် အတူပါသော ဦးလေးက ဖြေလိုက်သည်။

"ပူပါတယ်ဘုရား"

"အပြင်မှာပူတာ ရာသီဥတုရဲ့သဘာဝကြောင့် ဖြစ်တာပဲ။ အတွင်းမှာ မပူအောင်နေဖို့ လိုတာပေါ့။ မီးလွတ် စားဖူးကြသလား"

"မစားဖူးပါဘုရား"

မီးနှင့်ချက်သမျှ မီးမလွတ်ဟူသောအထင်နှင့် ဖြေလိုက်ခြင်း ဖြစ်ပါ၏။

"မီးလွတ်စားနည်းကိုရော သိသလား"

"မသိပါဘူး ဘုရား"

"လောဘနဲ့စားရင် မီးမလွတ်ဘူး။ ဒေါသနဲ့စားရင် မီးမလွတ်ဘူး။ မီးမလွတ်တော့ ပူဘာပေါ့။ မီးဖိုထဲကမီးဟာ သူ့ဘာသာနေတာပါ။ မီးလွတ်စားတယ်ဆိုတာ မီးဖိုထဲကမီးနဲ့ မဆိုင်ပါဘူး။ လောဘနဲ့စားတဲ့အခါ ကောင်းရင် အများကြီး ထပ်စားချင်တယ်။ နည်းလို့ ကုန်သွားတော့ မကျေနပ်ဘူး။ လောဘမီးပေါ့။ စားလို့မကောင်းရင်လည်း မကျေနပ်ဘူး။ ဒေါသမီးဖြစ်တယ်။ လောဘ၊ ဒေါသနဲ့စားရင် မီးမလွတ်ဘူးပေါ့"

ဆရာတော်ကြီး ဟောပြောသည်မှာ ရှင်းလင်းလွယ်ကူ သလောက် ထိရောက်လှပါသည်။

ကျွန်တော်တို့မှာ စားရာတွင်သာမက နေထိုင်ရာ၊ သွားလာရာ၊ လုပ်ငန်းလုပ်ရာ၊ ပြောဆိုရာ၊ ကိစ္စတိုင်း၊ နေရာတိုင်းမှာ မီးမလွတ် ဖြစ်နေကြပါသည်။

လောဘ၊ ဒေါသ၊ မာန်မာနမီးများက ကျွန်တော်တို့ကို အစဉ်လောင်မြိုက်နေကြပါသည်။ ကျွန်တော်တို့၏ အသွင်သဏ္ဌာန်တွင် အပူရောင်များ လွှမ်းနေမည်ကို ဆင်ခြင်မိပါသည်။

မီးလွတ်တရားဟောနေသော ဆရာတော်ကြီး၏ မျက်နှာတော်ကို အသေအချာ ထပ်မံဖူးမြော်မိပါသည်။

"ဩော်. . ကြည်ညိုဖွယ်ကောင်းလေစွ"

ရင်ထဲမှာ ရှိကျိုးသဒ္ဓါ ဖြစ်ရပါသည်။

ဆရာတော်ကြီး၏ ဥပဓိရုပ်မှာ အေးချမ်းစွာဖြင့် သန့် ရှင်းကြည်လင်လှပါသည်။

ဆရာတော်ကြီး ဆုံးမသည်နှင့်အညီ စားရာမှာသာမက နေရာတိုင်းမှာ မီးလွတ်အောင် သတိထားရန် ဆင်ခြင်မိပါ သည်။ မီးမလွတ်လျှင်သော်မှ မီးနည်းပါးအောင် ကြိုးစားကြရမည်။ မီးမနည်းလျှင်လည်း မီးမများအောင် သတိထားသင့်ကြသည်။

◆◆◆

# အဝေးမြင်အနီးမြင်

တောင်တို့သည် အဝေးမြင်သေး၍ အနီးမြင် ကြီးကြကုန်၏။

အချို့သောလူတို့သည် အဝေးမြင်ကြီး၍ အနီးမြင် သေးကြကုန်၏။

တောင်ကြီးများကို အဝေးမှကြည့်လျှင် သေးသည်ထင်ရ၏။ သို့သော် အနီးသို့ရောက်သောအခါ ကြီးမြင့်နေသည်ကို တွေ့ရ၏။ ဝေးလေ သေးလေ၊ နီးလေ ကြီးလေဖြစ်သည်။ အချို့သောပုဂ္ဂိုလ်တို့သည်ကား အဝေးအမြင်မှာ ဂုဏ်သတင်း ကြီးမြင့်ကြ၏။ လေးစားဖွယ်ရာ ကြည်ညိုဖွယ်ရာ စံပြုအတု ယူဖွယ်ရာ ဖြစ်နေကြသည်။ သို့သော် အနီးကပ်တွေ့မြင်ရသောအခါ အထင်ကြီးထားသည်များ ပျောက်ကွယ်၍ အထင်သေးစရာပင် ဖြစ်သွား တတ်၏။

စာရေးဆရာမလေးတစ်ယောက် ရေးထားသည်ကို ဖတ်ရဖူးပါ၏။ သူ အလွန်အထင်ကြီး၍ တွေ့ဖူးမြင်ဖူးချင်သော စာရေးဆရာကြီး တစ်ယောက်ကို အလှူတစ်ခုတွင် မမျှော်လင့်ဘဲ တွေ့မြင်ခွင့်ရလိုက်သည်။

ထိပ်ဆုံးမှစားပွဲတွင်ထိုင်နေသူမှာ သူတွေ့မြင်ချင်သော ဆရာကြီး ဖြစ်ကြောင်း သိသူကပြ၍ မြင်ခွင့်ရခြင်းဖြစ်သည်။ တွေ့ဖူးမြင်ဖူးချင်သော ဆရာကြီးကို တွေ့မြင်ရ၍ ဝမ်းသာနေသည်။ သူထိုင်ရသောနေရာမှ ခပ်ဝေးဝေးစားပွဲမှာရှိသော ဆရာကြီးကို ကြည်ညိုလေးစားစွာ ကြည့်နေ သည်။

ညွှန့်ခံသူတို့က ဆရာကြီးကို စားပွဲထိပ်မှာ တရိုတသေ နေရာချထားပေး၏။ တည်ခင်းကျွေးမွေးသော ဒန်ပေါက်ထမင်းကို မြိန်ရှက်စွာ သုံးဆောင်ပါရန် ပြောဆိုပြီး အခြားစားပွဲများသို့ ကူးပြောင်းညွှန့်ခံကြသည်။

ဆရာကြီးက သူ့ရှေ့မှာရှိနေသော ဒန်ပေါက်ပွဲကို ကြည့်လိုက်သည်။ ကြက်ပေါင်က ခပ်သေးသေးဖြစ်နေ၏။ ဘေးနားမှဒန်ပေါက်ပွဲတွင် ကြက်ရင်အုပ် အကြီးကြီးဖြစ်နေသည်။ ဆရာကြီးသည် ဘယ်သူမှမမြင်ဟု ထင်၍ ဒန်ပေါက်ပွဲချင်း ခပ်မြန်မြန်လဲလိုက်သည်။

ထိုမြင်ကွင်းကို အမှတ်မထင်မြင်လိုက်ရသော စာရေးဆရာမလေးမှာ မူလက ဆရာကြီးကို ကြည်ညိုလေးစားခဲ့သောစိတ်များ ပျောက်ကွယ်သွားရ၏။ အဝေးမြင်ကြီးခဲ့သော ဆရာကြီးခမျာ အနီးမြင်သေးသွားသည့်အတွက် စာရေးဆရာမလေး စိတ်မကောင်းဖြစ်ရရှာသည်။

တကယ်တော့ ဆရာကြီးမှာ များများစားနိုင်သည်လည်း မဟုတ်ပါ။ ဖြစ်တတ်သော လူတို့၏ အားနည်းချက်အရ လောဘစိတ်ကို မဆင်မခြင် မထိန်းနိုင်ခြင်းသာဖြစ်သည်။

ပုထုဇဉ်လူသားတို့၏ သဘာဝ လောဘ၊ ဒေါသ၊ မာန် မာန၊ အနည်းအများ ရှိတတ်ကြသည်မှာ ဓမ္မတာမို့ ဆရာကြီး၏ အပြုအမူမှာ သက်ညှာလျှင် ခွင့်လွှတ်စရာရှိပါသေးသည်။

လူတိုင်း၏ဘဝတွင် ကိုယ်တိုင် ကိုယ်တွေ့ကြုံဖူးကြသည်များ ရှိပါလိမ့်မည်။ အချို့သော ဂုဏ်သတင်းကြီးမြင့်သူများသည် သူ၏အောင်မြင်မှု၊ ကျော်ကြားမှု၊ ပြောမှု ဆိုမှု၊ ရေးသားမှုဟန်ပန်အမူအရာတို့ကြောင့် လူအများအထင်ကြီး လေးစားဖြစ်နေကြသည်။ သို့သော် အနီးကပ်ပေါင်းကြည့်သောအခါ အထင်နှင့်အမြင် လွဲမှားနေသည်များကို တွေ့ရတတ်၏။

ပုထုဇဉ်တို့သဘာဝ ဖြစ်တတ်သော လောဘ၊ ဒေါသ၊ မာန်မာနထက်ပိုလွန်၍ အလိုလောဘကြီးလွန်းနေကြသည်။ ဒေါသထက်ပိုဆိုးသော

အညှိုးအာဃာတ ကြီးမားနေတတ်ကြသည်။ ထိုအခါ စိတ်သဘောထား သေးနုတ်သိမ်ဖျင်းစွာ တရားမျှတမှုကင်းမဲ့ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ သူတစ်ဖက်သား ဒုက္ခရောက်အောင် ချောက်ချခြင်းများကို ပြုမူကြသည်။ ပညာရှိ လူကြီးလူကောင်းဟု အထင်ကြီးထားရာမှ အထင်းသေးရသည် များကို စိတ်မကောင်းစွာ ကြုံရတတ်ပါသည်။

မရင်းနှီးသော် ကောင်းလေစွ၊ မနီးသော် ကောင်းလေစွဟု နောင်တ ဖြစ်ရသည်။ ကိုယ်အထင်ကြီး လေးစားသူတို့ အထင်သေးရသည်မှာ ကြီးမားသောဆုံးရှုံးမှုတစ်ခုကို ကြုံရခြင်းဖြစ်၏။

တောင်ကြီးများ အနီးမြင်ကြီး၍ အဝေးမြင်သေးရင် သေးပါစေ။ ကျွန်တော်တို့ အထင်ကြီးလေးစားသူများအားလုံး အဝေးမြင်ကြီးသလို အနီးမြင်ကြီးစရာ စိတ်သဘောထား ကောင်းမြတ်စေချင်သည်။ မကောင်း လျှင်လည်း မညံ့စေချင်ပါ။ သိမ်ဖျင်းသေးနုတ် ယုတ်ညံ့မည်ကိုကား အစိုးရိမ်ဆုံး ဖြစ်ပါသည်။

စိတ်သဘောထား ကောင်းမြတ်ခြင်းဖြင့် အဝေး၊ အနီး ကြီးကြပါစေ သတည်း။

◆◆◆

# နှုတ်ကတိ

ဆိုခဲစေ မြဲစေ

ကတိသစ္စာ တည်မြဲပါမူ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

စကားတစ်ခွန်းကို လွယ်လွယ်မပြောနှင့်။ ပြောပြီးလျှင် ခိုင်မြဲစေရမည်။ နှုတ်ကတိတစ်ခုကို လွယ်လွယ်မပြုနှင့်။ ပြုပြီးလျှင်လည်း တည်ရမည်။ ကတိသစ္စာတည်လျှင် ထိုသူ၏စကားသည် လေးနက်စွာ ဩဇာရှိ၏။ လူအများ ကတိသစ္စာတည်ကြပါလျှင် မြေဆီဩဇာကောင်း၍ နွယ်ပင်မြက်ပင်များသည်ပင် ဆေးဖက်ဝင်၍ အာနိသင်ထက်မြက်၏။ တည်ကြည်သော ကတိစကားကို သက်သေထား၍ သစ္စာပြုလျှင် ကောင်းကျိုးရ၏။

နှုတ်ကတိဆိုသောစကားသည် လေးနက်၏။ စာရေးသူ ငယ်စဉ်က ပွဲစားများ နှုတ်ကတိနှင့် အလုပ်လုပ်ကြသည်ကို တွေ့မြင်နေရ၏။

"ပွဲစားမှာ နှမ်းဘယ်လောက်ရှိလဲ"

"တင်းနှစ်ရာရှိတယ်"

"ဘယ်လောက်ဈေးလဲ"

"ခြောက်ဆယ်"

"ကျွန်တော် အားလုံးယူလိုက်တယ်"

"ယူလေ"

နှုတ်ကတိနှင့် အရောင်းအဝယ်ပြီးသွား၏။ ငွေ တစ်ပြား မျှ မရသေး။ စာချုပ်စာတန်းလည်းမရှိ။ သက်သေလည်းမရှိ။ နောက်တစ်နေ့မှာ နှမ်းဈေးက (၇၀) အထိ တက်သွားသည်။

"ပွဲစား နှမ်းဈေး ဘယ်လောက်လဲ"

"ခုနစ်ဆယ်အထိ တက်သွားတယ်"

"ပွဲစားယူမလား"

"ယူမယ်လေ"

"ရောင်းလိုက်ပြီ"

နှုတ်ကတိနှင့်ရောင်းပြီးဖြစ်သွား၏။ တစ်တင်း တစ်ဆယ်မြတ်သည်။ တင်းနှစ်ရာ ငွေနှစ်ထောင်။ ပွဲရုံသို့ သွားယူသည်။ ပွဲစားက ငွေပေးချေလိုက်သည်။ တစ်ပြားမျှ မရင်းရဘဲ နှုတ်ကတိနှင့် နှစ်ထောင်အမြတ်ရသွား၏။ အကယ်၍ ငါးဆယ်အထိ ကျသွားသည်ဆိုလျှင် ထိုပွဲစားကိုပင် ပြန်ရောင်းသည်။ နှုတ်ကတိနှင့် ဝယ်သူက နှစ်ထောင်သွားပေးရသည်။ စာချုပ်မရှိ၊ သက်သေမရှိဟု ငြင်းခုန်ခြင်းမပြုကြ။ နှုတ်ကတိတည်ကြသည်။

လွန်ခဲ့သည့် (၁၈)နှစ်ကဖြစ်သည်။ မန္တလေးမှ ကျွန်တော့် သူငယ်ချင်းက ရန်ကုန်မြို့ထဲမှာ တိုက်ခန်းတစ်ခုဝယ်ချင်သည်ဟုဆိုသည်။ ကျွန်တော့်ကို ရှာပေးရန် ဖုန်းဆက်သည်။ ပွဲစားနှင့်စုံစမ်းသည်။ လမ်း (၅၀)မှာ တွေ့သည်။ နေရာကောင်းသည်။ ကျယ်သည်။ ထပ်ခိုးပါသည်။

ပြည်သူ့နီတိရေးခဲ့သော ဦးအုန်းမောင်၏သား ဂန္ဓမာ ပုံနှိပ်တိုက် လုပ်ခဲ့သူ ဦးတင်မောင်ဝင်းပိုင်သည်။

ကျွန်တော်က ဈေးမေးသည်။ ဆယ့်နှစ်သိန်းရလျှင် ရောင်းမည်။ ဆယ့်တစ်သိန်းပေးသူရှိသည်။ ဖွန်းလုပ်ငန်းလုပ်မည်ဖြစ်၍ မရောင်းချင်။ သူက အပေါ်ထပ်မှာနေ၍ နားမခံနိုင်ဟုဆိုသည်။

ကျွန်တော်က ဆယ့်တစ်အထိ မပေးနိုင်ကြောင်း၊ ကျွန်တော့် မိတ်ဆွေက ဆယ်သိန်းတန်ခန့် အရှာခိုင်းခြင်းဖြစ်ကြောင်း ပြောပြသည်။ ရနိုင်မည်ဆိုလျှင် ဖုန်းဆက်ပါရန်ပြော၍ ကျွန်တော်၏လိပ်စာကတ်ပြား လေး ပေးလိုက်သည်။

"ဩော် . . ခင်ဗျားက လယ်တွင်းသားစောချစ်လား။ ဝမ်းသာ လိုက်တာဗျာ။ ကျွန်တော်လေးစားတဲ့ စာရေးဆရာပဲ။ ခင်ဗျားယူမှာဆိုရင် မစဉ်းစားတော့ဘူး။ ဆယ်သိန်းနဲ့ပေးလိုက်မယ်"

ကျွန်တော် အံ့ဩဝမ်းသာဖြစ်ရသည်။

"ကျွန်တော်ဝယ်မှာမဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်း ဝယ်မှာပါ"

"ရတယ်လေ။ ကျွန်တော်က ဆရာ့ကိုလေးစားလို့ ရောင်းတာပဲ"

ကျွန်တော့်မှာ စရံပေးစရာမပါ။ မန္တလေးကို ဖုန်းဆက်ပါမည်ဟု ပြောပြီး ပြန်ခဲ့သည်။ မန္တလေးကို ဖုန်းဆက်သည်။ ဆက်၍မရ။ စုံစမ်းကြည့် တော့ အလွန်တန်သောဈေးဖြစ်ကြောင်း သိရသည်။ (၁၂)သိန်း အထိ အနည်းဆုံး တန်သည့်နေရာဖြစ်ကြောင်း သိရသည်။

မန္တလေးကို တစ်နေ့လုံးဖုန်းဆက်သည်။ မရ။ သူများ ဝယ်သွားမှာ စိုးရိမ်သည်။ ညပိုင်းကျတော့ ဦးတင်မောင်ဝင်းထံ ဖုန်းဆက်သည်။ မန္တလေး ကို ဆက်သွယ်၍မရသေးသောကြောင့် စရံလာမပေးနိုင်ခြင်း ဖြစ်ကြောင်း ဆယ်သိန်းနှင့် ရောင်းသည်ကို နှုတ်ကတိနှင့် ဝယ်လိုက်ကြောင်း ပြောသည်။

"နှုတ်ကတိ . . ဟုတ်လား။ ကောင်းလိုက်တဲ့စကား။ မကြားရတာ ကြာပြီ။ ကျွန်တော်လည်း နှုတ်ကတိနဲ့ ရောင်းလိုက်ပြီ"

အရောင်းအဝယ်ပြီးသွားပြီ။

သို့သော် သူငယ်ချင်းတစ်ယောက်က အခန်းကိုလိုက် ကြည့်ပြီး အလွန်တန်ကြောင်း၊ ရောင်းသူမှာ ဗိုက်နာ၍ဖြစ်မည် ထင်ကြောင်း၊ (၉)သိန်း အထိ ထပ်ဆစ်လျှင်ရမည်ထင်ကြောင်းပြောသည်။

ကျွန်တော်က (၁၁)သိန်းပေးသူရှိပြီးဖြစ်ကြောင်း၊ လုပ်ငန်း မကြိုက်၍ မရောင်းကြောင်း၊ ကျွန်တော့်ကို သူသဘောကျသော စာရေးဆရာမို့ ပေးသောဈေးနှင့် ရောင်းခြင်းဖြစ်ကြောင်းရှင်းပြသည်။

ကျွန်တော့်သူငယ်ချင်းက ဟားတိုက်၍ရယ်ပါသည်။

"ရိုးပ့ါကွာ။ သူပြောတာတွေ ယုံနေတာကိုး။ လူလည်ကြီးပါ။ သူငယ်ချင်းဆစ်ကြည့်စမ်းပါ။ ရလိမ့်မယ်။ တန်တာမှန်ပေမယ့် အဲဒီလောက် ငွေနဲ့ဝယ်ဖို့ဆိုတာ မလွယ်ဘူး။ ဆစ်လို့ရရင် တစ်သိန်းဆိုတာ နည်းတာ မဟုတ်ဘူး"

သူငယ်ချင်းကလည်း မန္တလေးမှသူငယ်ချင်းနှင့် ရင်းနှီးသော သူငယ် ချင်းဖြစ်သည်။

"ကျွန်တော်က နှုတ်ကတိနဲ့ ဝယ်ပြီးနေပြီ"

သူငယ်ချင်းက ရယ်ပြန်ပါသည်။

"လုပ်မနေနဲ့။ ဒီခေတ်မှာ ဒါတွေမရှိတော့ဘူး။ ဆစ်သာကြည့်ပါ။ ရလိမ့်မယ်။ ကိုယ်ပါလိုက်ခဲ့မယ်"

ဟုဆိုသည်။

နောက်တစ်နေ့တွင် ဦးတင်မောင်ဝင်းအိမ်သို့ ကျွန်တော်တို့ နှစ် ယောက် သွားကြသည်။

ဦးတင်မောင်ဝင်းက ကျွန်တော့်ကို တလေးတစား ဆီးကြိုပါသည်။ ကျွန်တော်က မန္တလေးမှသူငယ်ချင်းနှင့် ဖုန်းအဆက်အသွယ် ရပြီဖြစ် ကြောင်း ကိုးသိန်းထပ်ဆစ်ကြည့်ရန်ပြောကြောင်း ပြောလိုက်သည်။

"ဒါဆို ဆရာက ကိုးသိန်းဆစ်တာလား"

ဟု အခိုင်အမာမေးသည်။ ကျွန်တော်က ဟုတ်ကြောင်း ပြောလိုက် သည်နှင့်. .

"ဟာ. . ဟုန်ကျလိုက်တာဗျာ။ ကျွန်တော်နဲ့ဆရာ နှုတ်ကတိနဲ့

အရောင်းအဝယ် လုပ်ထားတာ ပျက်သွားပြီပေါ့ဗျာ။ ကျွန်တော့်ကို ဆယ့်နှစ်သိန်း လာပေးတဲ့လူရှိနေပြီ။ ဆရာနဲ့ နှုတ်ကတိကြောင့် မရောင်းတာ။ ပွဲစားက ဒီခေတ်မှာ ဒါတွေမရှိတော့ပါဘူး။ နှစ်သိန်းဆိုရင် အများကြီးပိုရတာပြောလို့ ပွဲစားကို ကျွန်တော် ငေါက်ပစ်လိုက်တယ်။ အခု ဆရာက နှုတ်ကတိကို ဖျက်လိုက်တော့ အဆင်ပြေသွားတယ်ဗျာ။ ကျွန်တော် နှစ်သိန်းပိုရတာပေါ့"

ဆယ်သိန်းနှင့်ရထားသောအခန်း ဆုံးရှုံးလေပြီ။ နှုတ်ကတိပျက်သူအဖြစ် အရှက်ရသည်က ပိုဆိုးသည်။ သူက လေးစားပါလျက် ကိုယ်က မထိုက်တန်သူ ဖြစ်ရသည်။

"အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ မလျှော့နိုင်ရင်လည်း ကျွန်တော်တို့ ဆယ်သိန်းပေးပါ့မယ်"

သူငယ်ချင်းဝင်ပြောသည်ကို ဦးတင်မောင်ဝင်းက လက်ကာပြသည်။

"ဆယ်သိန်းက ဦးစောချစ်ကို ပုဂ္ဂိုလ်လေးစားလို့ ပေးခဲ့တာ။ ဒါပေမဲ့ အဲဒါ ပျက်သွားပြီ။ ခင်ဗျားပြောချင်ရင် ဆယ့်နှစ်သိန်းအထက်ပြောပါ။ ဆယ့်နှစ်သိန်းအထိ ဈေးချင်းတူရင် အရင်ပေးတဲ့လူပဲရောင်းရမယ်"

ဦးတင်မောင်ဝင်းပြောပုံက ပြတ်သားသည်။

သူငယ်ချင်းက ကျွန်တော့်ကို 'ထပ်ပြောကြည့်ပါဦး' ဟု တိုက်တွန်းသည်။ ကျွန်တော် ပြောချင်စိတ်မရှိတော့ပါ။ ပွဲစားဖျက်သော်လည်း နှုတ်ကတိမပျက်သော ဦးတင်မောင်ဝင်းကို လေးစားမိသည်။ သူငယ်ချင်းဖျက်ရုံနှင့် နှုတ်ကတိပျက်သော ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်မုန်းတီးမိသည်။ နှုတ်ကတိတည်သူ၏ရှေ့မှာ နှုတ်ကတိပျက်သူ အရှက်ရခဲ့ဖူးပါ၏။

◆◆◆

# ရန်လိုက ရန်ပိုသည်၊ ရန်မလိုမှ ရန်ဖြိုသည်

မိမိအပေါ် ရန်ပြုစော်ကားလျှင် တုံ့ပြန်ကြပုံ အမျိုးမျိုးဖြစ်၏။ တူညီစွာ တုံ့ပြန်ချင်သူက

"သွားတစ်ချောင်းလျှင် တစ်ချောင်းချိုး"၊ "မျက်လုံး တစ်လုံးလျှင် တစ်လုံးချိုး"ဟူသော အယူအဆကို သဘောကျ၏။ ကလဲ့စား ချေလိုခြင်း ဖြစ်သည်။

နောက်တစ်မျိုးမှာ "ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်" ဟူသော အယူအဆဖြစ်သည်။

လောကတွင် လူအချင်းချင်းဆက်ဆံရာ၌ နှစ်သက်စရာများ ရှိသကဲ့သို့ မကျေနပ်စရာများကိုလည်း ကြုံရတတ်၏။ မကျေနပ်စရာကြုံလျှင် ဒေါသ ဖြစ်ရသည်။ ထိုအခါ မကျေနပ်သောဒေါသနှင့် တုံ့ပြန်မိတတ်ကြ၏။ အမူအရာကို အမူအရာနှင့် တုံ့ပြန်သည်။ စကားကို စကားနှင့်တုံ့ပြန်သည်။ အပြုအမူကို အပြုအမူနှင့်တုံ့ပြန်သည်။ ထိုသို့ တုံ့ပြန်သောအခါ ရန်မီးပွားမှာ ပျောက်၍မသွား။ သေးရာက ကြီးထွားလာတတ်၏။ ရန်မလိုမှ ရန်ပြိုသည်။ ရန်ငြိမ်းသည်။ ရန်လိုသည်နှင့်အမျှ ရန်ကပိုလာ၏။ ရန်မီးပွားလာ၏။ ရန်ကိုရန်ချင်း အပြန်အလှန်တုံ့ပြန်ရင်း သံသရာမဆုံးဖြစ်တတ်သည်။ အမုန်းအာဃာတကြီးမားခြင်းနှင့် နှစ်ဦးနှစ်ဖက် အကျိုးပျက်သည်။

ရှေးအခါက သူကြွယ်မတစ်ဦးသည် အရွယ်ရောက် သောသားကို သင့်လျော်သော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ချပေးသည်။ သို့သော် သားသမီးထွန်းကားခြင်းမရှိ၍ သားသမီးရစေရန် တခြားအမျိုးသမီးတစ်ဦးနှင့် ထပ်မံလက်ထပ်ပေးပြန်သည်။

ပထမဇနီးသည် မနာလိုဝန်တိုဖြစ်၍ ဒုတိယဇနီး ကိုယ်ဝန်ရှိသောအခါ နည်းအမျိုးမျိုးနှင့် ပျက်အောင်ဖျက်သည်။ ကိုယ်ဝန်ရှိတိုင်း အကြိမ်ကြိမ်ဖျက်ဆီးခံရသောအခါ ဒုတိယဇနီး အသက်ပါသေဆုံးရသည်။ ဒုတိယဇနီးသည် စိတ်နာ၍ သေခါနီးတွင် ဖြစ်လေရာဘဝမှာ လက်စားချေနိုင်ရလိုကြောင်း ဆုတောင်းသည်။

နောက်ဘဝတွင် ပထမဇနီးသည် ကြက်ဖြစ်၍ ဒုတိယ ဇနီးသည် ကြောင်ဖြစ်၏။ ကြက်မကြီးမှ ပေါက်ဖွားလာသမျှ ကြက်ကလေးများကို ကြောင်မကြီးက ကိုက်သတ်စားပစ်သည်။

ကြက်မကြီးမှာ ဝမ်းနည်းကြေကွဲစွာ ခံစားရ၍ နောင်ဘဝတွင် လက်စားချေနိုင်ရန် ဆုတောင်းပြန်သည်။ နောင်ဘဝတွင် ကြက်မကြီးသည် ကျားမဖြစ်သည်။ ကြောင်မကြီးသည် သမင်မဖြစ်သည်။ သမင်မွေးသမျှ ကျားမကြီးက စားပစ်သည်။

နောက်ဆုံးဘဝတွင် လူနှင့် ဘီလူးမဖြစ်၍ လူမွေးသမျှ ဘီလူးမက စားပြန်၏။ ဤသို့လျှင် ကျင်လည်ခဲ့ကြသော သံသရာဘဝများစွာတွင် အပြန်အလှန် ရန်ငြိုးထား၍ လက်စားချေလိုသောဆန္ဒကြောင့် သူနိုင်သောဘဝမှာ သူစား၊ ကိုယ်နိုင်သောဘဝမှာ ကိုယ်စား တစ်လှည့်စီ ရက်စက်၍ တစ်လှည့်စီ ဝမ်းနည်းကြေကွဲသောဒုက္ခကို ခံစားကြရသည်။

နောက်ဆုံးတွင် ဘုရားရှင်ထံရောက်မှ မြတ်စွာဘုရားက ခိုက်ရန်တို့ မည်သည် ရန်တုံ့မမူသဖြင့်သာလျှင် ပြေငြိမ်းပပျောက်ကြကုန်၏။ ရန်တုံ့မူသဖြင့် မငြိမ်းမပျောက်သည်သာလျှင်တည်းဟု မိန့်ကြားတော်မူပါသည်။

သိုင်းဝတ္ထုဇာတ်လမ်းများကိုကြည့်လျှင် ကလဲ့စားချေခြင်း၊ သွေးကြွေးဆပ်ခြင်း၊ အပြန်ပြန် အလှန်လှန် ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများကို တွေ့မြင်နေရသည်။ အတုခိုးမှား၍ အားကျပုံလွဲစရာ ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ ကလဲ့စားအချေကောင်း၍ ကြေကွဲစရာဖြစ်ရပုံကို သိုင်းဝတ္ထုမှာပင် တွေ့မြင်ရ၏။

အဖေကိုသတ်သွားသည့်အတွက် သားဖြစ်သူက လက်စားချေ၏။ အသတ်ခံရသူ၏သမီးက သတ်သူကို ပြန်၍လက်စားချေ၏။ အသတ် ခံရသူ၏သားက သတ်သူအမျိုးသမီးကို ဖခင်ကိုယ်စား လက်စားချေရန် သစ္စာဆိုသည်။ ရန်လိုစိတ်နှင့် ရန်သူကိုရန်ကြွေးဆပ်ရန် လိုက်လံရှာဖွေရင်း မိန်းမချောလေးတစ်ယောက်နှင့် ဆုံမိကြသည်။ အလွန် ချစ်ကြင်နာသော ချစ်သူများအဖြစ်သို့ရောက်၍ မြတ်နိုးစုံမက်စွာ လက်ထပ်ကြသည်။ သမီးလေးတစ်ယောက်ရ၍ မိသားစု ချစ်ခင်ပျော်ရွှင်နေကြစဉ် ဇနီး၏မိခင် ရောက်လာသည်။ အဘွားကြီးဖြစ်နေပြီ။ သို့သော် လက်စားချေရန် သစ္စာဆိုထား သူဖြစ်နေသည်။

ဇနီးဖြစ်သူက ရန်ငြိုးပြေပါရန် အတန်တန် တောင်းပန်ပါသော်လည်းမရ။ သစ္စာပြုထားသည့်အတိုင်း ဇနီး၏မိခင်ကိုသတ်၍ လက်စားချေလိုက်သည်။ ဇနီးက မိခင်အတွက် လက်စားချေ၍ သူအလွန်ချစ်သော ယောကျ်ားကိုသတ်သည်။ ထိုအချိန်တွင် ရဲမက်များရောက်လာ၍ သမီးငယ်ကို ထားခဲ့ပြီး ကိုယ်လွတ်ထွက်ပြေးရသည်။ သမီးလေး မိဘမဲ့ဖြစ်၍ ကျန်ရစ်ခဲ့သည်။ နောင်တစ်ချိန် သမီးငယ်လေးကြီးလျှင် ဖခင်အတွက် မည်သူ့ကို လစားချေရမည်နည်း။ ရန်လိုလက်စားချေခြင်း၏ အကျိုးယုတ် ဒုက္ခရောက်သော ပြယုဂ်ဖြစ်၏။

အမုန်းရန်ငြိုးမှန်သမျှ အေးငြိမ်းချမ်းသာမှုကို မရနိုင်။ ဝမ်းနည်းကြေကွဲခြင်းများကိုသာ ဖြစ်စေသည်။

ငယ်စဉ်က ရွာမှာနေစဉ် မိန်းကလေးချင်း အတင်း အပြောခံရသူက ပြောသူကို လမ်းကျဉ်းကလေးမှာဆုံသောအခါ ကိုယ်စောင်းတိုက်ပစ်ခဲ့သည်။ အတိုက်ခံရသူက သူ့အစ်မကို ပြန်ပြောသည်။ အစ်မက ကိုယ်စောင်းတိုက်သော မိန်းကလေးကို လမ်းကျဉ်းလေးမှာပင်စောင့်၍ ပါးကိုရိုက်သည်။ ပါးရိုက်ခံရသူ၏မိခင်နှင့် ညီမက ပါးရိုက်သူထံသွား၍ ဆံပင်ဆွဲ သတ်ပုတ်ရိုက်နှက်ကြသည်။ ဆံပင်အဆွဲခံရသူ၏အစ်ကိုက ဆံပင်ဆွဲသူ လမ်းကျဉ်းလေးမှာ ညတွင် ဖြတ်သွားစဉ် တုတ်ဖြင့်ရိုက်သည်။ လက်ကျိုးသွားသည်။

အရိုက်ခံရသူ၏သားက နောက်တစ်လခန့်ကြာသောအခါ တုတ်ဖြင့်ရိုက်သူကို ဓားဖြင့်ခုတ်၏။ တုတ်ဖြင့်ရိုက်သူသေသည်။ ဓားခုတ်သူ လူသတ်မှုဖြင့်ထောင်ကျသည်။ အတင်းပြောသည်လေးမှစ၍ ရန်စမသိမ်းနိုင်သောအခါ ရန်မီးပွား၍ နှစ်ဦးနှစ်ဖက်အကျိုးပျက်သည်။ နှစ်ဖက်ဆွေမျိုးများအထိ အမုန်းပွား၍ ရွာရပ်၏ စည်းလုံးညီညွတ်မှုပါပျက်သည်။

အမုန်းရန်ငြိုးမှန်သမျှ ပူလောင်၏။ ဆင်းရဲဒုက္ခဖြစ်စေ၏။ မေတ္တာသည်သာ ငြိမ်းချမ်းရာဖြစ်သည်။ မေတ္တာဟူသည် လက်နက်မဟုတ်။ တိုက်ခိုက်ခြင်းလည်းမလုပ်။ အောင်နိုင်လိုစိတ်လည်းမရှိ။ သို့သော် အရာရာကို အောင်နိုင်၏။

◆◆◆

# ခေါက်သောသူတို့အတွက် တံခါးတို့သည် ပွင့်လိမ့်မည်

လူတစ်ယောက်၏ဘဝမှာ ရည်ရွယ်ချက်ရှိရမည်။ ဘာဖြစ်ချင်သည် ဆိုသည့် ခိုင်မာသောဆန္ဒရှိရမည်။ ဖြစ်ချင်သော ရည်ရွယ်ချက်ဆန္ဒသည် မိမိဝါသနာ၊ ဗီဇ၊ စရိုက်နှင့် ကိုက်ညီလျှင် ပို၍ကောင်းသည်။

ပရိယတ်၊ ပဋိပတ် ကျမ်းဂန်စာပေတတ်၍ အကျင့်မြတ်သော ဆရာတော်သံဃာတော်ကြီး ဖြစ်ချင်သလား။ သိပ္ပံပညာရှင်ကြီးဖြစ်ချင် သလား၊ ဆေးပညာရှင်ကြီးဖြစ်ချင်သလား၊ သေနင်္ဂဗျူဟာကျွမ်းကျင်သည့် စစ်သေနာပတိဖြစ်ချင်သလား၊ အောင်မြင်ကျော်ကြားသော အနုပညာ ရှင်ကြီး ဖြစ်ချင်သလား၊ ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်ချင်သလား၊ ဖြစ်ချင်သည့် ဆန္ဒရည်မှန်းချက်ကို အခိုင်အမာထား၊ မဖြစ်မနေ ကြိုးစားရ မည်။ လွယ်လွယ်တော့ ဖြစ်မည်မဟုတ်။ အခက်အခဲများစွာရင်ဆိုင်ရမည်။ ဆုံးရှုံးမှု အကြိမ်ကြိမ်ကြုံတွေ့မည်။ ဆန္ဒကြီးလျှင် ဇွဲရှိမည်။ ဇွဲရှိလျှင် အောင်မြင်မည်။

'ဆန္ဒဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ' ဆန္ဒကြီးမားလျှင် အဘယ်မည် သော အမှုကိစ္စကို မပြီးစီးမအောင်မြင် ရှိပါအံ့နည်း။

ဆန္ဒရှိလျှင် ဝီရိယရှိသည်။ ဆန္ဒကြီးလေ ဝီရိယကြီးလေ ဖြစ်သည်။ ဆန္ဒအစွဲကြီးသည်နှင့်အမျှ ဇွဲကြီးသည်။

ဖြစ်ချင်သောဆန္ဒ အခိုင်အမာရှိရမည်။

"ဘာဆန္ဒမှမရှိပါဘူး။ သူ့ဘာသာ ဖြစ်ချင်ရာဖြစ်ပေါ့" ဟု သဘောထားသူသည် ပေါ့ပျက်သူဖြစ်သည်။ ဘ၀ရေစီးမှာ မျောချင်ရာ မျောလိမ့်မည်။ ဖြစ်ချင်ရာဖြစ် ဆိုသည့်အထဲမှာ ကြီးမားသော အောင်မြင်မှု မဖြစ်ဖို့ကများပါသည်။ ဆင်းဆင်းရဲရဲနှင့် အဆင်မပြေဖြစ်ဖို့သာ များပါသည်။ 'စိုင်ကော်၍ ခြုံပေါ်ရောက်' အဖြစ်မျိုး ရှိတတ်သည်ဆိုသော်လည်း မရေရာ မသေချာသည်ကို အားမထားသင့်ပါ။

ဆန္ဒကိုအခြေခံပြီး ရည်မှန်းချက် အခိုင်အမာထား၍ အောင်မြင်အောင် မဖြစ်မနေကြိုးစားသင့်သည်။

ပညာသင်ကြားနေသော ကျောင်းသားတစ်ယောက်သည် အတန်းထဲမှာ ပထမရရမည်ဟု ဆန္ဒပြင်းပြစွာ ကြိုးစားလျှင် ပထမနေရာကိုရမည်။ သို့သော် အလွယ်တကူတော့ ရမည်မဟုတ်။ ကိုယ့်နှယ် စာကြိုးစားသူများ ရှိဦးမည်။ သူ့ထက်တော်အောင် ကြိုးစားရလိမ့်မည်။ သူက ကိုယ့်ထက်ပိုပြီး အခြေခံကောင်းလျှင် သူ့ကို လွယ်လွယ်နှင့် ကျော်နိုင်မည်မဟုတ်။ သို့သော် ကျော်နိုင်သည်အထိ ဆန္ဒပြင်းစွာကြိုးစားလျှင် ကျော်လွန်လိမ့်မည်။ အတန်းထဲတွင် ပထမ၊ ဒုတိယ၊ တတိယရသူများမှာ ရချင်စိတ်ရှိ၍ ကြိုးစားကြသောကြောင့် ရခြင်းဖြစ်သည်။ မရသူများမှာ ရချင်စိတ်မရှိ၍ မကြိုးစားသောကြောင့် မရခြင်းဖြစ်သည်။

"တံခါးတို့ကို ခေါက်ကြလော့၊ ခေါက်သောသူတို့အတွက် တံခါးတို့သည် ပွင့်လိမ့်မည်" ဟု ဆရာကြီးပီမိုးနင်းက တက်ကျမ်းတွင် လူငယ်များ၏ တက်လမ်းကို ဖော်ပြထား၏။

ဖြစ်ချင်သော ရည်ရွယ်ချက်တံခါးကို ခေါက်ရမည်။ လွယ်လွယ်တော့ ပွင့်မည်မဟုတ်။ ဆီးနှင်းမုန်တိုင်းကျနေစဉ် လမ်းပေါ်မှာ မုန်တိုင်းမိ ဒုက္ခရောက်သူသည် အသက်အန္တရာယ်အတွက်တွေ့သော အိမ်တံခါးကို ခေါက်ရ

မည်။ အိမ်ရှင်က လွယ်လွယ်ဖွင့်မည်မဟုတ်။ လူဆိုးလား။ လူကောင်းလား မသိ။ စိုးရိမ်သည်။ ဖွင့်လျှင် တံခါးမှတစ်ဆင့် ဆီးနှင်းများ၊ လေအေးများ ဝင်လာမှာကိုလည်း စိုးသည်။ မဖွင့်ဘဲနေသည်။

"အိမ်ရှင်တို့ ကျွန်တော့်ကို ကယ်ပါဗျာ။ ကျွန်တော် ဆီးနှင်းမုန်တိုင်း မိနေတဲ့ ဒုက္ခသည်ပါဗျာ"

တောင်းပန်ပြော၍ တံခါးကို ဆက်ကာဆက်ကာ ခေါက်ရမည်။ တစ်အိမ်က မဖွင့်လျှင် နောက်တစ်အိမ်မှာ ကြိုးစားရမည်။

"ဘယ်သူမှဖွင့်မှာမဟုတ်ပါဘူး။ ကြိုးစားနေလည်း အလကားပါပဲ" ဟု စိတ်အားလျှော့လိုက်သည်နှင့် လမ်းပေါ်မှာ ဆီးနှင်းများဖုံးအုပ်ပြီး သေဆွေးခဲ၍ သေမည်။ အလွယ်တကူ လက်လျှော့၍မဖြစ်၊ သေဘေးမှာလွတ်အောင် ကြိုးစားရမည်။

စိတ်ကောင်းရှိသူတစ်ဦးက "ဘယ်သူပါလိမ့်။ ဒုက္ခရောက်နေတာ ထင်ပါရဲ့" ဟု တံခါးကို ဟဟကလေးဖွင့်ပြီး မေးလျှင် ဒုက္ခသည်ဖြစ်ကြောင်း၊ ကူညီပါရန်အကြောင်း တောင်းပန်၍ ဝင်ခွင့်ရသော် အသက်ဘေးမှ လွတ်လိမ့်မည်။ ဘဝ၏ရည်မှန်းချက်များကို ရရှိအောင် ကြိုးစားရာတွင် သေဘေးသေခင်းရောက်သူ၏ တံခါးခေါက်နည်းမျိုးဖြင့် ရည်မှန်းချက်တံခါးကို မပွင့်မချင်း ကြိုးစား၍ခေါက်ရမည်။

ခေါက်သောသူတို့အတွက် တံခါးတို့သည် ပွင့်လိမ့်မည်။ ကြိုးစားသူတို့အတွက် ဘဝမှာအောင်မြင်မှုများ ရလိမ့်မည်။ ယနေ့ အောင်မြင်နေသူများသည် ကြိုးစားခဲ့ရသူချည်း ဖြစ်ပါသည်။

◆◆◆

# ဆရာကာပြန် အာလုံစုး

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဟူ၍ ဆရာသုံးမျိုး ရှိသည်။ သင်ဆရာဆိုသည်မှာ စေတနာနှင့် အသေအချာသင်ပေးရသောဆရာ ဖြစ်သည်။ ကျေးဇူးကြီးမားသည်။ ထို့ကြောင့် အနန္တောအနန္တငါးပါးတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် တစ်ဂိုဏ်းတည်း ထားသည်။

မြင်ဆရာနှင့် ကြားဆရာမှာ စေတနာနှင့် အသေအချာ သင်ပေးခြင်း မဟုတ်။ သင်ယူသူက မိမိဘာသာ အတုမြင်၊ အတတ်သင်၍ ဆရာ တော်ရခြင်းဖြစ်သည်။ သို့သော် ထိုဆရာမျိုးကိုပင် စော်ကားလျှင် ဆရာဂိုဏ်း သင့်ကြောင်း ဗျိုင်းပုံပြင်ဖြင့် မှတ်သားရ၏။

ဗျိုင်းတစ်ကောင်သည် ဖမ်းဆီးရမိသောငါးကို မစားသေးဘဲ အပေါ်သို့မြှောက်လိုက်၊ နှုတ်သီးဖြင့် ဖမ်းလိုက် ကြိမ်ဖန်များစွာပြု၍ ဆော့ကစား နေ၏။ ထိုမြင်ကွင်းကိုတွေ့သော လူတစ်ယောက်သည် ဗျိုင်းပြုသည်ကို အတုယူ၍ သစ်သား၊ ဝါးချောင်း စသည်တို့ကို အပေါ်သို့ပစ်မြှောက်ပြီး နှုတ်ခံတွင်းဖြင့်ဖမ်း၍ ဆော့ကစား၏။

နေ့စဉ် ကြိမ်ဖန်များစွာ ဆော့ကစားသောအခါ ကျွမ်းကျင်လာသည်။ တုတ်မှ အဆင့်တိုးမြှင့်၍ ချွန်ထက်သော လှံတံကိုပင် နှုတ်တွင်းဖြင့် ဖမ်းနိုင်၊ ဆော့ကစားနိုင်လာသည်။ နန်းရင်ပြင်၌ ဘုရင့်ရှေ့မှာ ဆော့ကစားပြသော အခါ ဘုရင်နှင့်တကွ မှူးမတ်များ၊ လူများ အံ့သြချီးကျူးကြသည်။

ရှင်ဘုရင် သဘောကျ၍ ဆုလာဘ်များစွာ ချီးမြှင့်သည်။

"ဤသို့ ကစားတတ်အောင် မည်သူ့ထံမှာ သင်ယူသနည်း" ဟု ဆရာကိုမေးသည်။ ထိုအခါ ဗျိုင်းကိုအတုယူ ၍ တတ်မြောက်ပါကြောင်း ပြောလျှင် ၎က်တိရစ္ဆာန်ကို ဆရာတင်ရမည်စိုး၍ ဆရာမရှိ၊ မိမိဘာသာ တတ်မြောက်ကြောင်း ပြောလိုက်သည်။

နောက်တစ်ကြိမ် ထပ်မံ ကစားပြသောအခါ ဆရာကာပြန်မိ၍ အာခေါင်ကို လှံစူးပြီး ကွယ်လွန်သည်။

အတုမြင် အတတ်သင်မိသော ဗျိုင်းကို စော်ကားမိသည်ပင် ပြစ်ဒဏ်သင့်၏။ စေတနာနှင့် သင်ကြားပေးသော လူ ဆရာကို စော်ကားလျှင် အဘယ်ဆိုဖွယ် ရှိအံ့နည်း။

ကျွန်တော်ငယ်စဉ်ကနေခဲ့သော ဝန်းသိုရွာတွင် ဦးဖိုးသာ အမည်နှင့် မူလတန်းကျောင်းအုပ်ဆရာကြီးရှိ၏။ တပည့်များကို ပညာတတ်အောင် စေတနာထား၍ သင်ပေးသည်။ လိမ္မာယဉ်ကျေးအောင် ဆုံးမသည်။

နောင်တွင် တပည့်များထဲမှ ခွေးသာဆိုသူသည် သောင်းကျန်းသူ အဖွဲ့မှ ခေါင်းဆောင်ငယ်တစ်နေရာရ၏။ တစ်နေ့တွင် စဉ့်ကိုင်မြို့နားမှ ရွာတစ်ရွာကို ဝင်ရောက်တိုက်ခိုက်ပြီး အိမ်များကို မီးရှို့သည်။ သူ့နာမည် ကိုလည်း ဝန်းသိုရွာက "ဖိုးသာကွ" ဟု ကြွေးကြော် အော်ဟစ် ပြောဆိုခဲ့ သည်။

နောက်တစ်နေ့တွင် ဝန်းသိုရွာမှ ဆရာကြီးဦးဖိုးသာ အဖမ်းခံရသည်။ သို့သော် မီးရှို့ခံရသောရွာမှ ကျောင်းဆရာကြီးက ဆရာကြီးဦးဖိုးသာကို သိသည်။ ရွာကိုမီးရှို့ပြီး"ဖိုးသာကွ" ဟု အော်သွားသူမှာ ဤဆရာကြီး မဟုတ်ကြောင်း၊ တမင်သက်သက် ဆရာကြီးဒုက္ခရောက်အောင် လုပ်သွားခြင်း ဖြစ်နိုင်ကြောင်း ပြောကြား၍ ဦးဖိုးသာ အပြစ်မှလွတ်မြောက်သွားသည်။

ဦးဖိုးသာ ဒုက္ခရောက်အောင်လုပ်သွားသော ခွေးသာမှာ ဦးဖိုးသာ

၏ တပည့်ဖြစ်သည်။ ဆရာဒုက္ခရောက်အောင် တမင်လုပ်ခြင်းဖြင့် သူ၏ နီရဲသော တော်လှန်မှုကို သက်သေပြလိုက်ခြင်းဖြစ်သည်။

သို့သော် ရက်ပိုင်းမျှသာကြာပါသည်။ တောထဲမှ စခန်းတွင် သေနတ်ပြောင်းတိုက်နေစဉ် သေနတ်ထဲမှာကျန်နေသည့် ကျည်ဆန်၏ ဆောင့်ကန်မှုကြောင့် ပြောင်းတိုက်နေသည့် သံချောင်းသည် ခွေးသာ၏ မေးစေ့အောက်မှဝင်၍ အာခေါင်ကိုထိုးဖောက်ပြီး ဦးနှောက်များကိုပါ ဖောက်ထွင်း၍ ဦးခေါင်းငယ်ထိပ်မှထွက်ပြီး တံကျင်လျှိုလျက် သေဆုံးသွားပါသည်။

ဆရာကာပြန်၍ အာလုံ့စူး (လုံ့ကဲ့သို့သော သံချောင်းစူး) ခြင်းဖြစ်သည်။

ပုံပြင်မဟုတ်သော မျက်မှောက်ကာလ လက်တွေ့ သာဓက ဖြစ်ပါ၏။

◆◆◆

# မိန်းကလေးနှင့် ရှက်ကြောက်ခြင်း

မိန်းကလေးသည် ယောက်ျားလေးနှင့် ဖွဲ့စည်းပုံခြင်း မတူ။ ပင်ကိုယ်အနေဖြင့်ပင် အားနွဲ့သောအမျိုးအစားဖြစ်သည်။ ရှက်ရွံ့ခြင်းမှာ အားနွဲ့ခြင်းနှင့် လိုက်ဖက်သည်။ ယောက်ျားဆိုလျှင် ကျားကျားလျားလျားရှိရမည်။ မိန်းကလေးဆိုလျှင် ရှက်ရွံ့မှုလေးရှိရမည်။

တိုးတက်သောခေတ်မှာ မိန်းကလေးများလည်း ယောက်ျားများနှင့်တန်းတူ အလုပ်လုပ်နေကြရသည်မှာ မှန်ပါသည်။ အားကစားလှုပ်ရှားမှုများမှာလည်း မိန်းကလေးများ စွမ်းစွမ်းတမံ ပါဝင်နေကြပါသည်။ သို့သော်မည်သို့ပင်ဖြစ်စေ မိန်းကလေးမှာ ရှက်ရွံ့ခြင်းလေး ရှိခြင်းသည် ပို၍တင့်တယ်သည်။ အရှက်အကြောက် လုံးဝမရှိလျှင် ကြည့်ရမြင်ရသည်မှာသဘာဝမကျပါ။

အပြေးပြိုင်ပွဲဝင်ရန်အတွက် အောက်မှာ ဘောင်းဘီတို၊ အပေါ်ကလည်း ဗိုက်ပေါ်နေသည့် အင်္ကျီတိုဝတ်ထားသည်မှာ သဘာဝကျပါသည်။ ပြေးရန်အတွက် ဝတ်ခြင်းဖြစ်၍ ရှက်စရာမရှိပါ။ သို့သော် မည်သို့ပင်ဝတ်ထားစေကာမူ မိန်းကလေးမျက်နှာမှာ သင့်လျော်သော မိန်းမဆန်မှုလေးတော့ ရှိနေသင့်ပါသည်။

နွေရာသီ ရေကူးဝတ်စုံနှင့် ဖက်ရှင်မယ်လေးများ လမ်းလျှောက်ပြရာတွင် အဝတ်အဆင်မှာမလုံမလဲဖြစ်သည်။ သူ့နေရာနှင့်သူ အဝတ်အဆင်ဖြစ်ပါသည်။ သို့သော် တချို့မျက်နှာလေးများတွင် မိန်းမဆန်သော ရှက်ရွံ့မှုလေးကို တွေ့မြင်ရသည်။

ရှက်ရွံ့မှုလုံးဝမရှိသူထက် ရှက်ရွံ့မှုပါသော မိန်းကလေးမှာ ပို၍ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

တစ်ချိန်က အငြိမ့်လောကတွင် အောင်မြင်မှုတံခွန် စိုက်ထူခဲ့သော မင်းသမီးအမာစိန်၏ ထူးခြားသော ဆွဲဆောင်နိုင်စွမ်းမှာ ရှက်ရွံ့တတ်မှုပင် ဖြစ်သည်။ မင်းသမီး၏အတတ်ပညာထဲတွင် ကြားရှိရသည်။ မူရာမာယာ ကောင်းရမည်ဆိုသော်လည်း အရှက်မရှိရဟု သင်ကြားရမည် မဟုတ်ပါ။ ရှက်ရွံ့တတ်မှုသည်ပင် မင်းသမီး၏အမူအရာတွင် အကောင်းဆုံးသော ညို့ဖြစ်ပါသည်။

ရှက်ရွံ့မှုမပါသော မူရာမာယာ၊ ကြာသည် နုဆတ်ခြင်းမရှိ။ ရိုင်းသည်။ အထင်အမြင်သေးစရာဖြစ်သည်။

"ရဲလွန်းလျှင် ရိုင်းသည်" ဟူသောစကားရှိသည်။ လူဆိုသည်မှာ ထိုက်သင့်သော အရှက်အကြောက်ရှိရသည်။ မိန်းကလေးမှာ အသက်နှင့် လူလုပ်ရသည်မဟုတ်။ အရှက်နှင့် လူလုပ်သည်ဟုပင် ပြောကြသည်။

သတ္တိရှိခြင်းသည် ကောင်းပါ၏။ ရဲရင့်ခြင်းသည် ကောင်းပါ၏။ သို့သော် သတ္တိရှိခြင်း၊ ရဲရင့်ခြင်းအတွက် အရှက်မရှိရဟု သင်ကြားပေးရမည် မဟုတ်ပါ။ ယခုအခါတွင် နေရာများစွာတို့မှာ အရှက်အကြောက် နည်းလွန်း ခြင်းကို တွေ့မြင်နေရသည်။ အရှက်အကြောက်မရှိရန် သင်ကြားပေးနေကြ လေသလားဟုပင်ယူဆရသည်။ အနည်းဆုံးအားဖြင့် အရှက်အကြောက် ရှိရန် သင်ကြားမှုပျက်ကွက်နေကြလေပြီ။

မိန်းကလေးများ ရဲလွန်းခြင်း၊ အရှက်အကြောက် နည်းလွန်းခြင်းမှာ ပို၍ အကြည့်အမြင်ဆိုးပါသည်။ မိမိအလှကို ဖော်ပြသည်ပင် အရှက် အကြောက်မဲ့စွာ ပြခြင်းနှင့် အရှက်အကြောက်ရှိသော ပြခြင်းမတူပါ။

ပြချင်စိတ်။ ကြွားချင်၊ ဝါချင်စိတ်သည်ပင် အထင်သေး စရာဖြစ်နေ ပါပြီ။ အရှက်အကြောက်မပါသောအခါ ပို၍အကျည်းတန်သွားသည်။

ယခုအခါတွင် ဆုပေးပွဲများမှာ ဆုယူသူသည် ရှေ့တူရူမှ ဆုရှိရာ၊ ဆုပေးသူရှိရာသို့ မျက်နှာမူရမည်ဖြစ်ပါလျက် ရှေ့ဘက်မှာ ဓာတ်ပုံရိုက်သူထံ ဗီဒီယိုရိုက်သူထံ မျက်နှာလှည့် ထားကြသည်များမှာ အရုပ်ဆိုးအကျည်းတန်လှသည်။

ဆုယူသည့် ကိစ္စ တခြား၊ မျက်နှာတခြား ဖြစ်နေသည်။ ပြချင်လွန်းသည့်အဖြစ်အတွက် ရှက်စရာ မတင့်မတယ်ဖြစ်ရသည်။ အရှက်အကြောက်နည်းလွန်းသော အပြ၊ လျှပ်ပေါ်သောအပြ ဖြစ်နေသည်။ မိဘဆရာတို့ ဆုံးမသွန်သင်ဖို့ ကောင်းသည်။ သို့မဟုတ် ဆုံးမသွန်သင်မှုလွဲနေသည်ဟု ထင်ရသည်။

"ဒီဘက်လှည့်၊ မျက်နှာ ဒီဘက်လှည့်" ဟု ပြောသံများပင် ကြားနေရပါသည်။

မျက်နှာတည့်တည့်လှည့်ပြီး ဓာတ်ပုံရိုက်ခံရမည်ဟု လွဲမှားစွာနားလည်နေကြသည်။ ဆုယူစဉ်အလှမှာ ဆုပေးသူရှိရာ၊ ဆုရှိရာသို့ မျက်နှာမူနေခြင်းဖြစ်သည်။ လူလှည့်၍ ရပ်နေသော ဦးတည်ချက်က ဆုပေးသူရှိရာသို့ဖြစ်သည်။ လူ၏မျက်နှာအလှမှာ ရှေ့တည့်တည့်ကချည်း ရှိသည်မဟုတ်ပါ။ ဘေးတိုက်အနေအထားမှာ ဘေးဘက်အမြင်အလှလည်း ရှိပါသည်။ ဆုယူစဉ်မှာ ဆုရှိရာသို့ မျက်နှာမူထားရမည်။ ဆုပေးသူ လူကြီးကို လေးစားရိုသေစွာ ဦးခေါင်းအနည်းငယ် ညွှတ်ထားရသည်။

ထိုအနေအထားသည် ယူရမည့်ဆုကိုလည်း ကောင်းစွာတွေ့မြင်နေရ၍ ဆုယူရာ၊ ကိုင်ရာတွင် လွဲချော်မှုမရှိနိုင်ပါ။ ဆုပေးသောလူကြီး၏ လှုပ်ရှားမှုကိုလည်း တွေ့မြင်နေရပါသည်။ ဓာတ်ပုံရိုက်သည့်ဘက် မျက်နှာလှည့်ပြီး ပြုံးပြုံးကြီးလုပ်လျက် ဓာတ်ပုံရိုက်ခံနေသောကြောင့် လူကြီးက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းသည်ကို မမြင်တော့ပါ။ ပရိသတ်များ ဝါးခနဲရယ်မှ လက်ကမ်းသောအခါ နောက်ကျပြီး လူကြီးလက်က ရပ်သွား

ပြီ။ ဓာတ်ပုံအရိုက်ခံလိုသည့် ကြွားလိုသော မျက်နှာထားလွဲမှားမှုကြောင့် ဆုပေးသောလူကြီးလည်း အိန္ဒြေပျက်ရသည်။ ကိုယ်လည်း အလွဲလွဲ အချော်ချော် အရှက်တကွဲဖြစ်ရသည်။

မြို့တစ်မြို့တွင် နိုင်ငံတော်အဆင့် လူကြီးဆုပေးသည်ကို ဆုယူသော ဆရာမကြီးတစ်ဦးကိုယ်တိုင် ဆုပေးသည့်ဘက် မျက်နှာမမူဘဲ ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်သည့်ဘက်သို့ မျက်နှာလှည့်ပြီး ပြုံးပြနေသောကြောင့် လူကြီး လက်ကမ်းသည်ကို မသိမမြင်ဖြစ်ရသည်။ ပြန်လည် လက်ကမ်းခြင်း မရှိ၍ လူကြီး၏ လက်ကမ်းထားမှုမှာ အတော်ပင်ကြာသွားသည်။ ဆရာမကြီးက မမြင်မသိ။ အားလုံး မျက်နှာပျက်၊ အခက်ကြုံကြရသည်။ လူကြီး၏လက် ပြန်လည် ရုပ်သိမ်းသွားရသည်။ အရုပ်ဆိုးလွန်းလှသည်။

ဓာတ်ပုံအရိုက်ခံချင်သည့် မျက်နှာလွဲမှားမှုကြောင့် ပြဿနာ ကြုံရခြင်းဖြစ်သည်။ အရှက်အကြောက်မရှိသော အပြုအမူကြောင့် ရှက်စရာ ကြောက်စရာ ကြုံရခြင်းဖြစ်ပါ သည်။

အသင်အပြလွဲနေကြသည် ထင်ပါသည်။ နားလည်မှု လွဲနေကြသည် ထင်ပါသည်။ အရှက်အကြောက်မရှိခြင်းသည် မကောင်းပါ။ အရှက်အကြောက် ရှိသင့်သည်။ အထူးသဖြင့် မိန်းကလေးများအတွက် အရှက်နည်းခြင်းမဖြစ်သင့်ပါ။ မိန်းကလေးအတွက် ရှက်ရွံ့ခြင်းသည် အိန္ဒြေသိက္ခာကို ဖြစ်စေ၍ စိတ်ဝင်စားစရာ ညှို့ဓာတ်ကိုလည်း ရရှိစေပါသည်။

ရှက်ရွံ့ခြင်းသည် မိန်းကလေးတို့၏ ကြီးမားသော စွမ်းအားလည်း **ဖြစ်ပါသည်။**

ရှက်ရွံ့မှုသည် နုနုညက်ကလေးဖြစ်သော်လည်း ပေါ့သေးသေး မဟုတ်။ မိန်းကလေးတို့၏ခွန်အားတွင် ကြီးမားသော စွမ်းပကားလည်း ဖြစ်နေပါသတည်း။

◆◆◆

# သူ့အမှားနှင့် ကိုယ့်အလွန်

သူ့အမှားကြောင့် ကိုယ့်အလွန်ဖြစ်သောအခါ သူ့အမှားမှာ မသိသာ၊ ကိုယ့်အလွန်မှာ ပေါ်လွင်ထင်ရှားဖြစ်နေသည်။

စတင်မှားသည်မှာ သူဖြစ်သည်။ ပထမအပြစ်ရှိသူမှာ သူဖြစ်သည်။ သို့သော် သူ့အမှား၊ သူ့အပြစ်ကို အကြောင်းပြုပြီး ကိုယ်က ဒေါသကြီး တုံ့ပြန်သောအခါ လွန်သွားတတ် သည်။ ထိုအခါ သူဆိုးသည်က မသိသာ။ ကိုယ်ကအဆိုး ဖြစ်သွားသည်။ သူ့အပြစ်က ပျောက်သွားသည်။ ကိုယ်က အပြစ်ရှိသူ ဖြစ်သွားသည်။

လောကတွင် ဤအဖြစ်မျိုး များစွာကြုံကြရ၏။

သူက လူဆိုးလူယုတ်မာ ပြဿနာကောင်။ ကိုယ့်ကို မခံချင်အောင် ရိသဲ့သဲ့လာပြောသည်။ ပြဿနာရှာမှန်းသိ၍ သည်းခံသည်။ ကိုယ်က လူကောင်း။ သူနှင့်တွဲပြီး ပြဿနာမဖြစ်ချင်။ ခံမှန်းသိ၍ သူက ဆဲရေး တိုင်းထွာအထိ လုပ်လာသည်။ မခံနိုင်သည့်အဆုံး တစ်ချက် ထရိုက်ပစ် လိုက်သည်။ သူ ထိပ်ပေါက်ခေါင်းကွဲဖြစ်ပြီး သူကတိုင်ပြီ။ ဘာမှ မတတ် နိုင်။ ကိုယ့်အလွန်ဖြစ်နေပြီ။

"သူကဆဲလို့" ဟု ပြောလျှင်လည်း သူဆဲသည်က ပြဿနာမကြီး။ ထိုသို့ဆဲစဉ်က ဘာကြောင့်မတိုင်သလဲမေးလျှင် ကိုယ့်ဘက်မှာအားနည်း ချက် ဖြစ်နေပြီး ကိုယ်လွန်သည့်အတွက် ကိုယ်ကအပြစ်ဒဏ်ခံလိုက်ရသည်။

အတိတ်ဖြစ်ရပ်တစ်ခုတွင် ယုတ်မာသူတစ်ဦးသည် ရထားပေါ်မှာ မိန်းမပျိုလေးတစ်ယောက်ကို ခုံတစ်ခုတည်းမှာ ကပ်ထိုင်ပြီး ပွေ့လိုက်ဖက်လိုက် ယုတ်ယုတ်မာမာ ကိုယ်ထိလက်ရောက် ထိပါးသည်။ ခြိမ်းခြောက်စကားပြောပြီး အနိုင်ကျင့် စော်ကားခြင်းဖြစ်သည်။

မိန်းကလေးက သူ့ဖခင်ကို ပြန်တိုင်သည်။ သူ့ဖခင်က မြို့နယ်အဆင့် အရာရှိတစ်ဦးဖြစ်သည်။ သမီးကိုစော်ကားခြင်းမို့ မခံမရပ်နိုင်ဖြစ်ကာ စော်ကားသူကို သွားရောက်တွေ့ဆုံ၍ ထိုးကြိတ်ပစ်သည်။ ထိုမျှသာမက ထိုပုဂ္ဂိုလ်နှင့် ပတ်သက်ဆက်စပ်နေသူများကို အမည်ထုတ်ဖော်၍ ပြင်းထန်သော ရှုတ်ချစကားများ လူအများကြားအောင် အော်ဟစ်ပြောဆိုသည်။ ထိုပုဂ္ဂိုလ်များမှာ ထိုအချိန်အခါက တာဝန်အကြီးကြီးမှာ အရေးပါ အရာရောက်သူများဖြစ်သည်။

မကြာခင်မှာပင် ပြဿနာကြီးစွာကြုံရလေသည်။ ထိုးရုံ ကြိတ်ရုံအထိ မလွန်သေးပါ။ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော အရေးပါ အရာရောက်သူများကိုပါ ဒေါသအလျောက် ထိခိုက်စော်ကားမိသည်မှာ ကိုယ့်အလွန်ဖြစ်သွားပြီ။

ဖြေရှင်းရသည်မှာ ပြောင်းပြန်ဖြစ်သွားသည်။ သူ့အပြစ်ကို ခွင့်လွှတ်ကျေအေးပြီး ကိုယ့်အလွန်အတွက် ခွင့်လွှတ် သက်ညှာပါရန် တောင်းပန်နေရပြီ။ သူ့အမှားထက် ကိုယ့်အလွန်အတွက် အခက်ကြုံရခြင်းဖြစ်သည်။

ဖြစ်ရပ်တစ်ခုတွင်လည်း အရာရှိကြီးတစ်ဦးသည် လက်အောက်မှ ဝန်ထမ်းတစ်ဦး၏ရုံးခန်းသို့ ဖုန်းဆက်တိုင်း ဖုန်းမကိုင်၊ ဖုန်းမှာ ဘေးချထားသည့်ပုံမျိုးဖြစ်နေသည်။ အရေးကြီး၍ ဆက်တိုင်းမရ။ နောက်ဆုံးမှာ သံသယရှိ၍ ထိုရုံးခန်းရှိရာသို့ ကိုယ်တိုင်လိုက်သွားသည်။ အခန်းတံခါးကို ဖွင့်ပြီး ဝင်သွားသည်။ မှန်သည်။ ရှိပါလျက် ဖုန်းကိုဘေးချထားပြီး သတင်းစာဖတ်နေသည်။ လက်ပူးလက်ကြပ်မိခြင်းဖြစ်သည်။

ထိုအပြစ်နှင့် ထိုဝန်ထမ်းကို ထိရောက်စွာ အရေးယူနိုင်သည် ဖြစ်ပါလျက် ဒေါသအလျောက် ဆင်ခြင်ထိန်းချုပ်နိုင်ခြင်းမရှိ၊ ထိုဝန်ထမ်းကို ရုံးခန်းအတွင်းမှာပင် ထိုးပစ်သည်။ ပါးနား ပိတ်ရိုက်ပစ်သည်။

ကိုယ့်အလွန်အတွက် ဝန်ထမ်းက တိုင်သောအခါ ခုံဖွဲ့ စစ်ဆေးခံရပြီ။ တစ်ဆင့်မြင့်ရာထူး တိုးခါနီးမှာ ပြဿနာကြုံရပြီ။ ကိုယ်လွန်သွားသည်ကို ကျေအေးပါရန် ပြန်လည်ညှိနှိုင်း တောင်းပန်နေရပြီ။

သူ့အမှား၊ သူ့အပြစ်ကို အသေအချာမိသည့်အလျောက် ထိရောက်စွာ အရေးယူလျှင် အပြစ်ရှိသူမှာ အပြစ်ခံရမည်။ ကိုယ်က အပေါ်စီးမှ အပြစ်ပေးနိုင်သူဖြစ်သည်။ ဒေါသကို မထိန်းနိုင်၍ ကိုယ်က လွန်သွားသောအခါ ကိုယ့်အလွန်အတွက် ကိုယ်က အပြစ်ရှိသူဖြစ်နေပြီ။

ဒေါသကြီးတတ်၍ ဒေါသအလျောက် မဆင်မခြင်ပြုမိလျှင် သူ့အမှားကြောင့် ကိုယ့်အလွန်ဖြစ်တတ်သည်။

လွန်လျှင် နာပြီ။ မလွန်ခင်က ဆင်ခြင်သတိထားသင့်သည်။

◆◆◆

## တကယ့်အရေးတွင် ဝီရိယသမားကို ဉာဏ်သမားလိုက်၍မမီချေ

ဖြစ်ချင်သောဆန္ဒ ရည်မှန်းချက်များ အောင်မြင်စေရန် ဝီရိယသည် အရေးကြီးသော အထောက်အပံ့ကောင်းဖြစ်၏။

'ဝီရိယဝတော ကိံနာမကမ္မံ နသိဇ္ဈတိ' ဝီရိယနှင့် ပြည့်စုံသော သူသည် အဘယ်မည်သော အမှုကိစ္စကို မအောင်မြင်ရှိအံ့နည်း။ အောင်မြင်မည်သာဖြစ်ပါ၏။

ဝီရိယမရှိ၊ မကြိုးစားလျှင် လွယ်ကူသောကိစ္စပင် မအောင်မြင်နိုင်။

ဉာဏ်ကောင်းခြင်းသည် ကုသိုလ်ပါရမီထူးခြင်းဖြစ်၏။ အထူးသဖြင့် ပညာသင်ရာတွင် ဉာဏ်ကောင်းသူတို့သည် ထူးချွန်စွာ အောင်မြင်ရန် အခွင့်အလမ်း တစ်ပန်းသာလျက်ရှိ၏။

သို့သော် ဉာဏ်ကောင်းသူတို့သည် 'ငါ ဉာဏ်ကောင်းသည်ပဲ' ဟု ဉာဏ်ကိုအားကိုး၍ ဝီရိယလျော့နည်းတတ်သည်။

ဉာဏ်သင့်ရုံမျှသာရှိသူတို့သည် မိမိဉာဏ်အားနည်းမှုကြောင့် ဝီရိယ ပိုတတ်ကြသည်။ ထို့ကြောင့် ဉာဏ်သင့် ဝီရိယကောင်းသူသည် ဉာဏ်ကောင်း ဝီရိယနည်းသူကို ကျော်လွန်သွား၏။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုရှိ ဟားဗတ်တက္ကသိုလ်ကြီး ဖွင့်လှစ်သင်ကြားပေးနေသော ဆရာတော်ကြီးက သူ၏ အတွေ့အကြုံ အသိအမြင်များကို အခြေပြု၍ 'တကယ့်အရေးတွင် လိုက်မမီချေ' ဟု မိန့်ကြားခဲ့သည်။ ဉာဏ်ကောင်းသူတို့ ဆင်ခြင်သတိထားစရာဖြစ်၏။

ရထားသည် လှည်းဘီးတစ်ခုတည်းဖြင့် မပြေးနိုင်သကဲ့သို့ ကံကောင်းသူပင်လျှင် ဝီရိယမရှိလျှင် အကျိုးမပေးနိုင်။ 'ဝီရိယမထုတ် ကံမပွင့်' ဟူသော စကားရှိသည်။

ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးလုံးစုံလျှင်ကား မည်သူမျှ လိုက်၍မမီအောင် ထူးချွန်သူအဖြစ် တံခွန်ထူလေသည်။

ကံရှိသော်လည်း ဝီရိယမရှိလျှင် ကံအကျိုးပေး မကောင်းနိုင်။ ဉာဏ်ရှိသော်လည်း ဝီရိယမရှိလျှင် မအောင်မြင်။ ဝီရိယချည်းရှိလျှင်ပင် ဝီရိယအကျိုးကို ကြိုးစားသလောက် ခံစားရ၏။ ကံချည်းရှိ၊ ဉာဏ်ချည်းရှိပြီး ဘာမျှမလုပ်၊ ဘာမျှမကြိုးစား သူထက်များစွာ သာလွန်မည်ဖြစ်၏။

ဝီရိယအတွက် တွန်းအားမှာ ဆန္ဒဖြစ်၏။ ဆန္ဒ၏ ဦးတည်ရာမှာ ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။

လူတိုင်းသည် အလုပ်လုပ်ရာတွင် ရောက်ရှိချင်၊ ပြီးမြောက်ချင်၊ အောင်မြင်ချင်သည့် ရည်မှန်းချက်ပန်းတိုင် တစ်ခုခုထားရှိသင့်သည်။ ထိုရည်မှန်းချက်ကို ပေါက်မြောက်၊ ရောက်ရှိအောင်မြင်လိုသော ဆန္ဒလည်း ကြီးမားရမည်။ ထိုအခါ ဝီရိယရှိလိမ့်မည်။

ရည်မှန်းချက် ဦးတည်ရာမရှိသူတို့သည် ဝေဝေဝါးဝါးနှင့် အားလျော့နေတတ်၏။ ဘာဖြစ်ချင်မှန်းမသိလျှင် ဘာလုပ်ရမှန်းမသိ။ ထိုအခါ ဝီရိယမရှိ။

အတန်းထဲမှာ ပထမရချင်သူ၊ ဆယ်တန်းမှာ ဂုဏ်ထူးများစွာနှင့် ထူးချွန်စွာ အောင်မြင်လိုသူမှာ ရည်မှန်းချက်ရှိသူဖြစ်၏။ ထိုရည်မှန်းချက်ကို

ရရှိရန် ဆန္ဒကြီးမားဖို့လိုသည်။ ဆန္ဒကြီးမားလေ ဝီရိယရှိလေဖြစ်သည်။ မည်သည့်အခက်အခဲရှိရှိ ဖွဲလုံ့လဝီရိယနှင့် ကြိုးစားလိမ့်မည်။ ကြိုးစားသည်နှင့်အမျှ ကံဉာဏ်ရှိသလောက် အထွတ်အထိပ်သို့ ရောက်လိမ့်မည်။

လောကီစီးပွားရှာရာတွင်လည်း ရည်မှန်းချက်ထားပြီး အောင်မြင်လိုသော ဆန္ဒကြီးမားရမည်။ ထိုအခါ ဝီရိယနှင့်ကြိုးစားခြင်းဖြင့် အောင်မြင်လိမ့်မည်။

လောကုတ္တရာတရားရှာသူတို့မှာလည်း အနည်းဆုံး ယခုဘဝမှာ တစ်မဂ်၊ တစ်ဖိုလ်ရလိုသော ရည်မှန်းချက်ရှိသင့်သည်။ ရည်မှန်းချက်ကို ရရှိအောင် ဆန္ဒပြင်းပြသည်နှင့်အမျှ ဝီရိယထားကြိုးစားလျှင် တရားထူး၊ တရားမြတ်ကို ရနိုင်မည်ဖြစ်၏။

လောကီ၊ လောကုတ္တရာ ပညာရှာ၊ စီးပွားရှာ၊ တရားရှာရာတွင် ဖြစ်ချင်သည့် ရည်မှန်းချက်ထားပြီး ဆန္ဒကြီးမားရမည်။ ဆန္ဒကြီးမားသည်နှင့်အမျှ ဝီရိယထားကြိုးစားလျှင် အောင်မြင်မည်ဖြစ်သည်။

လူတိုင်း ဝီရိယထား ကြိုးစားခြင်းဖြင့် အောင်မြင်ကြပါစေ။

◆ ◆ ◆

# တပည့်လိမ္မာ ဆရာအာပတ်လွတ်

ရွှေဥမင်ဆရာတော်ကြီး အနန်းပင်တောရမှာ သီတင်းသုံး နေထိုင်စဉ်က သွားရောက်ဖူးမြော်ကန်တော့ရင်း ရဟန်းသံဃာတော်များအား စားသောက်ဖွယ်တို့ကို လှူဒါန်းရာတွင် ဘုဉ်းပေးသုံးဆောင်ရန် သင့်မသင့် ကိစ္စများအကြောင်း ပြောကြားရာမှ ဆရာတော်ကြီးက 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဆိုသောစကားနှင့်စပ်လျဉ်း၍ ဟောကြား ဆုံးမတော်မူခဲ့သည်။

တပည့်က ဝိနည်းအရာတွင် ကျွမ်းကျင်လိမ္မာ၍ ဝိနည်းတော်နှင့်အညီ စီစဉ်ဆက်ကပ်မှ ဘုဉ်းပေးသုံးဆောင်သော ဆရာဖြစ်သူ ရဟန်းသည် အာပတ်လွတ်၍ အပြစ်ကင်းကြောင်း ဆရာတော်ကြီးက ရှင်းလင်း ပြောကြားသည်။

ကျွန်တော်ငယ်စဉ်က အလှူတစ်ခုတွင် ညတရားပွဲ ကျင်းပစဉ် သံဃာတော်များကို ကြက်သွန်သုပ်ကပ်သည်။ ကြက်သွန်သုပ်မှာ ဘုဉ်းပေးကောင်းသည်ဟု ကပ်လှူကြခြင်းဖြစ်၏။ သို့သော် ကြက်သွန်သုပ်တွင် ပဲမှုန့်များ၊ ပုစွန်ခြောက် မှုန့်များထည့်၍ စားကောင်းအောင် လုပ်ထားသည်။ သံဃာတော်များကို ကြည်ညို၍ ကောင်းစေလိုသော စေတနာဖြစ်သည်။

သံဃာတော်တစ်ပါးက တစ်ဇွန်းမျှ ဘုဉ်းပေးပြီး "ဒကာ ကြီးတို့ ကြက်သွန်သုပ်မှာ ပဲမှုန့်တွေ၊ ပုစွန်ခြောက်မှုန့်တွေ ပါသလား" ဟု မေးသည်။

"မပါပါဘူးဘုရား"

ဒကာကြီးတစ်ယောက်က လိမ်ညာ၍ဖြေလိုက်သည်။

သံဃာတော်များ ဘုဉ်းပေးသုံးဆောင်ကြပါသည်။

"တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုတာ ဒါမျိုးပြောတာကွ"

လိမ်ညာလျှောက်ထားသူက နောက်ဘက်မှာ ပြောဆိုနေပါသည်။

"ငါက မပါဘူးလို့ လျှောက်လိုက်တော့ ဘုန်းကြီးတွေက မပါဘူးဆိုပြီး ဘုဉ်းပေးကြတာ ဘာအပြစ်မှမရှိဘူး။ ဒကာက လျှောက်ထားတာ လိမ္မာပါးနပ်ဖို့ လိုတယ်"

ဂုဏ်ယူကျေနပ်စွာ ပြောဆိုနေပါသည်။

ထိုအကြောင်း ဆရာတော်ကြီးကို လျှောက်ထားမိသည်။ ဆရာတော်ကြီးက ပြုံးသည်။

မြတ်စွာဘုရားက ဝိနည်းပညတ်ခြင်းသည် ကောင်းကျိုး ဆက်ရှိကြောင်း၊ မပြုကို မပြုကြစေရန် တားမြစ်ခြင်းဖြစ်ကြောင်း၊ ထို တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းသည် မလုပ်သင့်သည်ကို ပြုလုပ်မိခြင်းဖြစ်ကြောင်း ဆရာတော်ကြီးက ရှင်းလင်းပြောကြားသည်။

ထို့ကြောင့် ဝိနည်းနှင့်အညီ ကျွမ်းကျင်လိမ္မာသော တပည့်ဖြစ်ရန်လိုကြောင်း၊ သို့မှသာ ဆရာရော တပည့်ပါ အပြစ်ကင်းမည်ဖြစ်ကြောင်း မိန့်ကြားပါသည်။

အပြစ်ကိုသိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ မသိချင်ယောင် ဆောင်၍ဖြစ်စေ ကျူးလွန်လျှင် အပြစ်ရှိမည်ဖြစ်သည်ဟု နားလည်ရပါသည်။ လျှပ်စစ်စီးနေသော ဓာတ်ကြိုးကိုင်မိလျှင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဓာတ်လိုက် ခံရမည်ဖြစ်သည်။

လက်တစ်လုံးခြား နည်းပရိယာယ်နှင့် လှည့်စား၍ အပြစ်ကို ကျူးလွန်လျှင်လည်း အပြစ်သည် အပြစ်သာဖြစ်၏။ 'ဘယ်သူမပြု မိမိမှု'

ဆိုသကဲ့သို့ ကောင်းမှုပြုလျှင် ကောင်းကျိုးရမည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးရမည်။

အချို့က 'ဝိနည်းတတ် ကြက်သတ်' ဟုပင် မိုက်မိုက်မဲမဲ ပြောကြသည်။ မည်မျှပင် ဝိနည်းတတ်စေကာမူ ကြက်သတ်လျှင် ကြက်သတ်သော အပြစ်ဖြစ်မည်။ ဝိနည်းတတ်၍ ကြက်သတ်သောကြောင့် ပါဏာတိပါတာကံမှ လွတ်မြောက်စရာ မရှိပါ။ အမှန်တကယ်ဖြစ်သင့်သည်မှာ ဝိနည်းကို သိနားလည်သည်နှင့်အမျှ ဝိနည်းကို ရိုသေလေးစားစွာ လိုက်နာခြင်းသာ မှန်ကန်သော သဘောထားခံယူမှုဖြစ်သည်။ အပြစ်လည်းကင်း၍ ကြည်ညိုလေးမြတ်စရာဖြစ်သည်။ ဘုရား၏စကားသံကို လေးစားသည့် ဘုရား၏ သားတော်အစစ်ဖြစ်သည်။ တရားတော်နှင့်ညီ၍ မျက်မှောက်ကောင်းကျိုး သံသရာ ကောင်းကျိုးကိုလည်း ဧကန်ရရှိပေလိမ့်မည်။

လူ့ဘောင်လူ့လောကတွင်လည်း လူတို့သည် 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဆိုသော စကားကို ခုတုံးပြု၍ ဥပဒေနှင့်မညီ၊ အမှန်တရားနှင့် မညီညွတ်သည်တို့ကို လက်တစ်လုံးခြား နည်းပရိယာယ်များနှင့် ကျူးလွန်တတ်ကြသည်။

တပည့်ကလည်း 'ဖြစ်လျှင် သူခံသွားမည်။ ဆရာနှင့် မပတ်သက်စေရ' ဟု အာခံဂန်တာခံကြသည်။ ဆရာ့အတွက်လည်း လုပ်ပေးသည်။ ကိုယ့်အတွက်လည်း များများရယူသည်။ ဘာမျှမဖြစ်သေးသမျှ ကောင်းလေစွ ထင်ကြသည်။

တရားမျှတမှုဆိုသည့်အတိုင်း မျှတမှ တရားသည်။

'တရားကိုနတ်စောင့်သည်' ဆိုသော စကားလည်းရှိသည်။ မတရားလျှင် မတရားမှု၏ အပြစ်ဒဏ်ကို တစ်နည်းနည်းဖြင့် ခံရတတ်၏။ ထိုအခါ တပည့်လည်း မကယ်နိုင်၊ ဆရာလည်း မကယ်နိုင်။ တပည့်ရော ဆရာပါ ဒုက္ခဖြစ်တတ်သည်။

ဆရာက တပည့်ကို ဝိနည်းနှင့်အညီ ဥပဒေနှင့်အညီ တရားမျှတမှုနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် သွန်သင်ဆုံးမ သတိပေးရသည်။ တပည့်ကလည်း ဆရာကို ဝိနည်းနှင့်အညီ ဥပဒေနှင့်အညီ တရားမျှတမှုနှင့်အညီ ပြုစုစောင့်ရှောက် လုပ်ကိုင်ပေးသင့်သည်။

တပည့်ရောဆရာပါ အန္တရာယ်ကင်း ကောင်းကျိုးရရုံမက လောကကောင်းကျိုးကိုပါ မျှတစွာ အလှူဆင်နိုင်ကြပါစေသတည်း။

◆◆◆

## ဆန္ဒနှင့်အောင်မြင်မှု
## ဆန္ဒကြီးမားခြင်းသည်ပင် အောင်မြင်မှုအတွက် အခြေခံကောင်းဖြစ်၏

ဟောပြောပွဲတစ်ခုတွင် ပြန်လည်မေးမြန်းခွင့်ပြုသည့် အစီအစဉ်မှာ လူငယ်တစ်ယောက်က မေးပါသည်။

သူသည် အောင်မြင်ကျော်ကြားပြီး ငွေကြေးချမ်းသာ ကြွယ်ဝသူ တစ်ယောက်ဖြစ်ချင်သည်။ လောလောဆယ် သူ့မှာ အလုပ်အကိုင်မရှိ။ ငွေကြေးအရင်းအနှီးလည်းမရှိ။ နေစရာပင် သူများအိမ်မှာ ကပ်နေရသည်။ ဘွဲ့တစ်ခုတော့ ရထားပြီ။ သူဖြစ်ချင်သည့် ဆန္ဒအတိုင်း အောင်မြင်နိုင်ပါ့မလား။ အောင်မြင်အောင် မည်သို့လုပ်သင့်သည်ကို အကြံပြုပေးပါ ခင်ဗျာ ဟူ၍ဖြစ်သည်။

သူ့ဆန္ဒမှာ ကောင်းပါသည်။ အောင်မြင်မှုနှင့် ငွေကြေးချမ်းသာမှု တွဲလျက်ဖြစ်သည်။ အချို့မှာ အောင်မြင်ကျော်ကြားသည်။ ငွေကြေး မချမ်းသာ။ အချို့မှာ ငွေကြေးချမ်းသာသည်။ အောင်မြင်ကျော်ကြားမှုမရှိ။ သူ သတိပြုမိဟန်တူသည်။ အောင်မြင်ကျော်ကြားမှုရော ချမ်းသာကြွယ်ဝမှု ပါ တွဲလျက်ရချင်သည်။ ဤရလိုသောဆန္ဒသည်ပင် အထင်ကြီးလေးစား စရာ။

ယခုလောလောဆယ် ဘာမျှမရှိ။ သို့သော် ဘွဲ့ရထားပြီ။ ရလိုသော ဆန္ဒရှိနေပြီ။ ဆန္ဒသည် ဖြစ်မြောက်အောင်မြင်မှုတို့အတွက် အခြေခံကျသော အချက်ဖြစ်၏။ ရလိုသောဆန္ဒကြီးမားလေ ရဖို့အကြောင်း ခိုင်မာလေ ဖြစ်သည်။ ဆန္ဒ မရှိမှာသာ စိုးရိမ်ရသည်။ ဘာမျှ ဆန္ဒမရှိလျှင် ဘာမျှ ဖြစ်မည်မဟုတ်။

ကိုယ်ဖြစ်ချင်သည့်ဆန္ဒကို ခိုင်မာစေရမည်။ ဖြစ်ရမည်ဟု ယုံကြည်ရမည်။ အောင်မြင်တဲ့အထိ ကြိုးစားမည်။ အောင်ရမည်မှာ ကေန်တရားဟု အောင်စိတ် မွေးရမည်။

တကယ်ဖြစ်ချင်သည်ကို တကယ်ကြိုးစားပါ။ အသေအချာ အောင်မြင်ပါလိမ့်မည်။

သို့သော် စလျှင်စချင်း ဘာမျှမရှိသေးသောဘဝ။ ဘာမျှ မအောင်မြင်သေးသောဘဝမှာ ဘာကစ၍လုပ်ရမှန်းမသိ။ ရည်မှန်းချက်အောင်မြင်ဖို့နှင့် ဝေးကွာလွန်းလှသည်။ စိတ်အားပျက်စရာဟု ထင်ချင်စရာ။ တောင်ထိပ်သို့ ရောက်ရန်အတွက် မော့ကြည့်ပြီး စိတ်မောနေမည့်အစား အောက်ခြေမှ လှေကားထစ်ပေါ်သို့ ရောက်အောက် တက်လိုက်ပါ။

တောင်ထိပ်သို့ရောက်နေသူတိုင်း လှေကားတစ်ထစ်ချင်း တက်လာခဲ့ရသည်ချည်းသာဖြစ်ပါ၏။

အခွင့်အရေးများသည့် လူတိုင်းအတွက် ရှိနေကြပါ၏။ ရခြင်း မရခြင်းမှာ ရအောင်ယူသူနှင့် ရအောင်မကြိုးစားသူသာကွာပါသည်။

ချမ်းသာပြည့်စုံသောမိဘမှ မွေးဖွားသူနှင့် ဆင်းရဲသော မိဘမှ မွေးဖွားသူ နှစ်ဦးလုံးမှာ ကံဆိုးခြင်းနှင့် ကံကောင်းခြင်း အသီးသီးရှိနေကြပါသည်။

ချမ်းသာသောမိဘမှ မွေးဖွားသူသည် အရာရာပြည့်စုံနေ၍ ကောင်းပါသည်။ ဘဝအောင်မြင်ရေးအတွက် ကြိုးပမ်းမည်ဆိုလျှင် အခွင့်အလမ်း

များ အဆင်သင့်ဖြစ်နေသည်။ သို့သော် ထိုသို့ပြည့်စုံ၍ပင် ပေါ့လျော့တတ်သည်။ ကြိုးစားချင်စိတ်မရှိဖြစ်တတ်သည်။ အခွင့်ထူးခံဘဝမှာ သာယာ၍ ပေါ့ပျက်သူဖြစ်တတ်သည်။ သူ့မှာ ဘာမျှပူပင်စရာမရှိ။ မအောင်မြင်၍လည်း အခက်အခဲမရှိ။ ကောင်းသည့်အခြေအနေကြောင့် မကောင်းဖြစ်ရသည်။ ပိုဆိုးသည်မှာ အရာရာ ပြည့်စုံမှုကြောင့် ပျက်စီး၍ပင် သွားနိုင်သည်။ အပျော်အပါးလိုက်စားလွန်းသူများ၊ မူးယစ်ဆေးဝါးမှီဝဲသူများ၊ အနိုင်ကျင့်သူများ၊ အခွင့်ထူးခံ အခွင့်အရေးသမားများစသည်တို့မှာ ချမ်းသာကြွယ်ဝသူတို့၏ သားသမီးများဖြစ်နေတတ်ကြသည်။

ဆင်းရဲသူများသည် ဘဝအောင်မြင်ရေးအတွက် ကြိုးပမ်းရာမှာ အခက်အခဲ များစွာကြုံရသည်။ ကျောင်းနေရန်ခက်၊ ပညာသင်ရန်ခက်၊ စားရေးခက်၊ နေရေးခက်၊ သွားလာရေးခက်၊ အသုံးအဆောင်ရုပ်ဝတ္ထုပစ္စည်း မပြည့်စုံ၍ခက်သည်။ ကွန်ပျူတာ သင်ချင်သည်။ ကွန်ပျူတာ လေ့ကျင့်ချင်သည်။ ကွန်ပျူတာမရှိ၍ ခက်သည်။ ကွန်ပျူတာ အလွယ်ရှိသူကျတော့ လွယ်လွန်း၍ပင် စိတ်မဝင်စားဖြစ်ရသည်။ သို့သော် မည်သူမဆို ကြိုးစားလျှင် လိုလျှင်ကြံဆနည်းလမ်းရ ဖြစ်နိုင်ကြသည်။ ဖြစ်ချင်သည့် ဆန္ဒနှင့် ကြိုးစားမှုရှိကြဖို့သာ အရေးကြီးပါသည်။

ကျွန်တော့်ဝန်းကျင်မှာ တွေ့မြင်နေရသော လူငယ်တစ်ယောက် ရှိသည်။ မိဘများက အညာဒေသ ရွာတစ်ရွာမှ လယ်သမားများ။ ရန်ကုန်မှာ အဒေါ့်အိမ်တွင်နေ၍ ကျောင်းတက်ရသည်။ အဒေါ်ကလည်း ချမ်းသာသူ မဟုတ်။

သူတို့အားလုံးက အညာသားဟု ခေါ်ကြသည်။ အညာသားက သိတတ်သည်။ အဒေါ့်အိမ်မှာ လုပ်စရာရှိသမျှ ကူညီလုပ်ကိုင်ပေးသည်။ သူ့ဘဝအတွက်လည်း ပညာတတ်အောင် ကြိုးစားသည်။

ဆယ်တန်းအောင်သည်နှင့် စာပေးစာယူ အဝေးသင်နှင့် ဘွဲ့ရအောင်

ဖြေသည်။ ဤကြားကာလတွင် အင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ တက်သည်။ အင်္ဂလိပ်လိုပြောနိုင်အောင် ကြိုးစားသည်။ အညာသား အင်္ဂလိပ်စကားပြောတတ်လာသည်။

ဘွဲ့ရသောအချိန်မှာ အင်္ဂလိပ်စကားပြောကျွမ်းနေပြီ။ ကွန်ပျူတာလည်းဟုတ်နေပြီ။ ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်သည်။ ယှဉ်ပြိုင်ရသည်။ ကြိုးစားပြင်ဆင်ထားသော အညာသား အရွေးခံရသည်။ ဒေါ်လာစားဖြစ်လာသည်။ ပို၍ ကြိုးစားသည်။ လုပ်ငန်းတွင် အလုပ်သမားများကို ခေါင်းဆောင်ကြီးကြပ်ရသည်။

နိုင်ငံခြားသို့ ပညာသွားသင်ရသည်။ ပြန်လာသောအခါ လစာ ပိုမြင့်လာသည်။ ကျွမ်းကျင်သူဖြစ်လာသည်။ အင်္ဂလိပ်လိုပြောဆိုခြင်းလည်း ပို၍ကျွမ်းလာသည်။

အကြောင်းအားလျော်စွာ သူတို့ကုမ္ပဏီလုပ်ငန်း ရပ်နားလိုက်သည်။ အညာသား အလုပ်လက်မဲ့ဖြစ်သွား၏။ သို့သော် ကြိုးစား၍ အရည်အချင်းပြည့်ဝသော အညာသားအတွက် ပို၍ကြီးသော လုပ်ငန်းကြီးတစ်ခုမှာ အလုပ်ရသည်။ ဒေါ်လာစားပင်ဖြစ်သည်။ လစာလည်းပိုရသည်။ လုပ်ပိုင်ခွင့်လည်း ပိုရှိလာသည်။ အညာသား ပို၍ကြိုးစားပြန်သည်။ နိုင်ငံခြားသို့ မကြာခဏ သွားနေရသည်။ လုပ်ငန်းသင်တန်းတစ်ခုလည်း ထပ်တက်ရပြန်သည်။ အရက်မသောက်၊ ဖဲမရိုက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ မိန်းမ အပျော်မလိုက်။ အညာသားအတွက် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်နေပြီ။ အိမ်ထောင်လည်းကျနေပြီ။ ကိုယ်ပိုင်အိမ်နှင့် ကိုယ်ပိုင်ကားနှင့် ဖြစ်နေပြီ။ လူက ငယ်သေးသည်။ သုံးဆယ်ကျော်ရုံသာ ရှိသေး၏။

ရှေ့ဆက်ပြီး ကြိုးစားသည်နှင့်အမျှ တိုးတက်မည့် အခွင့်အလမ်းများ ကောင်းနေပြီ။ ဆက်၍လည်း ကြိုးစားနေဆဲ ဖြစ်သည်။

သင်တန်းတွင် မေးခွန်းမေးသော လူငယ်အတွက် အဖြေရပြီ ထင်ပါသည်။

အညာသားမှာ ဘာမျှမရှိ။ အဒေါ်အိမ်မှာ မှီခိုနေရသည်။ ဆယ်တန်းပင် မအောင်သေးရာမှ ဘွဲ့ရအောင် ကြိုးစားသည်။ ခေတ်ကာလ အခြေအနေ၏ လိုအပ်ချက်အရ အင်္ဂလိပ်စကားပြော ကျွမ်းကျင်အောင် သင်သည်။ ကွန်ပျူတာ ကျွမ်းကျင်အောင်လုပ်သည်။ ဘွဲ့လည်းရပြီ၊ အလုပ်လည်း ရှိပြီ။ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်နေပြီ။

ရည်မှန်းချက်ထား အောင်စိတ်မွေး၊ ယုံကြည်ချက်နဲ့ ကြိုးစား စိတ်အားပျက်စရာမရှိ။ လူငယ်တိုင်းအတွက် အောင်မြင်ရန် အခွင့်အလမ်း ကောင်းများ အပြည့်။

ဆန္ဒမြင့်မြင့်ထား
အောင်စိတ်မွေး၍ကြိုးစား
အောင်မြင်ကြပါစေ။

◆◆◆

# နွားပျိုသန်လှ နွားအိုပေါင်ကျိုးဆိုသည်မှာ

ယေ်သူမှာ လူငယ်အားမာန်ရှိသကဲ့သို့ အသက်ကြီးသော ဇရာအရွယ်မှာလည်း ဇရာအားမာန်ရှိသည်။ ငယ်သူဘက်က သာသည်ရှိသလို အသက်ကြီး၍ တစ်နည်းသာသည်လည်း ရှိပါသည်။ သဘာဝတရားက အဘက်ဘက်မှာ မျက်နှာသာပေးမှုရှိပါ၏။

'ငါအိုပြီ' ဟု အားပျက်ရန်မရှိ။ ကြီးရင့်ခြင်းနှင့်တွဲလျက် အတွေ့အကြုံများပြားခြင်း၊ အသိအမြင်ကျယ်ပြန့်ခြင်း၊ ပိုင်းခြား ဝေဖန်တတ်ခြင်း၊ ဉာဏ်ပညာကြီးမြင့်ခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိခြင်း၊ တည်ငြိမ်အေးဆေးခြင်း၊ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်မှု ကောင်းမွန်ခြင်း စသည့် အရည်အချင်းများစွာတို့ကိုလည်း စုမိဆောင်းမိဖြစ်နေပါသည်။

ကာယအားလျော့ပါးသော်လည်း ဉာဏအား ကြီးမားလာသည်။ အားစိုက် ခွန်စိုက်လုပ်ရသည်ထက် ဦးစီးခေါင်းဆောင် လုပ်နိုင်လာသည်။ မိမိမှာ မရှိသောအားကို သိရန်လိုသကဲ့သို့ ရှိသောအားကိုလည်း သိရန်လိုသည်။

'နွားပျိုသန်လှ နွားအိုပေါင်ကျိုး' ဆိုသည်မှာ နွားအိုက ပို၍သန်မာသည်ဟု ဆိုလိုခြင်းမဟုတ်။ ရှန်းတတ်သောကျွမ်းကျင်မှုကို ဆိုလိုသည်။

နေရာတိုင်းမှာ ခွန်အားကြီးတိုင်း ပြီးမြောက်သည်မဟုတ်။ အတွေ့အကြုံများ၍ လုပ်ငန်းကျွမ်းကျင်ခြင်းသည် ပြီးမြောက်မှုအတွက် အထောက်အပံ့ကောင်းဖြစ်၏။

'ငါမအိုသေး' ဆိုသောစကားသည် ရုပ်ကိုညွှန်းလိုသည် မဟုတ်။ စိတ်ထားကို အားမြှင့်ရန်ဖြစ်သည်။

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ဗိုလ်ရှုခံရာတွင် လက်ရုံးကို ဆန့်တန်းကြုံးဝါးရာ အသက်အရွယ်ကြီးပြီမို့ လက်ပျဉ်းကျသည်ကို အမတ်များရယ်ခိုးကြသည်။ အလောင်းစည်သူမင်းကြီး သိမြင်သတိထားမိ၏။ မသိကျိုးကျွန်ပြုလျှင် 'ကြောင်အိုတော့ ကြွက်မလေး၊ လူအိုတော့ လူမလေး'ဖြစ်မည်။ မင်းကို မှူးမတ်တို့ မလေးလျှင် တိုင်းရေးပြည်ရာပျက်ချေမည်။

တစ်နေ့တွင် မင်းကြီးက တူရွင်းတောင်ခြေမှာ နေဝင်လျှင် ဦးပေါင်းကျား နှင့် မြင်းကျားရှင်တစ်ယောက် လုယက် သောင်းကျန်းနေသည်ကို အမတ်တို့ ရအောင်ဖမ်းခိုင်းသည်။ မဖမ်းနိုင်လျှင် မျက်အံ့ဟု မိန့်တော်မူလိုက်သည်။

အမတ်တို့ မြင်းကိုယ်စီ၊ ဆောင်ဓားကိုယ်စီနှင့် ထွက်ကြသည်။ တူရွင်းတောင်ခြေမှာ ဦးပေါင်းကျားနှင့် မြင်းကျားရှင်ကို တွေ့သည်။ မြင်းကျားရှင်က ပူးတုံခွာတုံ မြင်းရေးအမျိုးမျိုးကစားသည်။ ဝိုင်းထားသော အမတ်တို့၏ မြင်းများကို ဖောက်ထွက်သည်။ အမတ်တို့ ပင်ပန်းကြီးစွာ ကြိုးစား၍ ဖမ်းသော်လည်း မမိ။ မြင်းကျားရှင်ကဝ လွတ်သွားသည်။

နောက်တစ်နေ့ညီလာခံမှာ ဘုရင်မေးသောအခါ အမတ်များက "မြင်းကျားစီးသူမှာ လူမည်ကာမဟုတ်။ နတ်ဘီလူး ဖြစ်ရာသည်။ လူဖြစ်လျှင်လည်း အလွန်အစွမ်းထက်သော ဘုန်းတန်ခိုးရှင်ဖြစ်ရာသည်။ ကျွန်တော်တို့ အမတ်များကိုထား၍ တစ်နိုင်ငံလုံးမှ မြင်းသည်တော်အပေါင်းဝိုင်း၍

ဖမ်းသော်လည်း မမိနိုင်" ဟု လျှောက်တင်ကြသည်။

ထိုအခါကျမှ အလောင်းစည်သူမင်းကြီးက "ဟယ်. . အမတ်တို့။ နင်တို့ ငါ့ကို အိုပြီထင်ကြသည်။ ငါမအိုသေး" ဟု မိန့်တော်မူလိုက်၏။

အမတ်တို့လည်း ဦးပေါင်းကျားနှင့်မြင်းကျားရှင်မှာ အလောင်းစည်သူမင်းကြီးကိုယ်တိုင်ဖြစ်သည်ကိုသိ၍ ကြောက်ရွံ့တုန်လှုပ်ခြင်းကြီးစွာ ဖြစ်ကြသည်။

အလောင်းစည်သူမင်းကြီး လက်ပျဉ်းတော်ကျသည်မှာ အိုမင်းယိုယွင်းလာသောဇရာဖြစ်၏။ 'ငါမအိုသေး' ဆိုသည်မှာ စိတ်ထား အားမာန်ဖြစ်၏။

အသက်အရွယ်ကြီးသည့်တိုင် လူအများကောင်းကျိုး၊ လူ့ဘောင်ကောင်းကျိုး စွမ်းဆောင်နိုင်သည်တို့မှာ များလှပါ၏။ စွမ်းဆောင်၍လည်း နေကြပါသည်။ အထူးသဖြင့် ခေါင်းဆောင်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင် ကြပါသည်။ ထို့ကြောင့် လုပ်ငန်းဆိုင်ရာ မန်နေဂျာကြီးများ၊ ကုမ္ပဏီဒါရိုက်တာကြီးများ၊ နိုင်ငံ့ခေါင်းဆောင်ကြီးများတွင် အသက်အရွယ်ကြီးရင့်သူများ အောင်မြင်စွာ တာဝန်ယူဆောင် ရွက်နေကြသည်ကို နိုင်ငံတကာမှာပင် များစွာတွေ့မြင်နေရပါသည်။

လူ့အဖွဲ့အစည်းက အသက်အရွယ်ကြီးရင့်သူကို မှီခို အားပြု၍ပင် နေကြရပါ၏။ အသက်ကြီး၍ စိတ်အားပျက်စရာမရှိပါ။ အသက်ကြီးသည့်အတွက် ပို၍ပင်အားမာန်ရှိနေကြပါသည်။

သို့သော် ဉာဏအား၊ အတွေ့အကြုံအား၊ ဗဟုသုတအား၊ ဆင်ခြင်တုံအား၊ တည်ငြိမ်ရင့်ကျက်မှုအား၊ အကြံကောင်း ဉာဏ်ကောင်းအား၊ ခေါင်းဆောင်မှုအားတို့ကို ဆိုလိုခြင်းဖြစ်သည်။ ကာယအား၊ ကျန်းမာကြံ့ခိုင်ခြင်းအား၊ ခံနိုင်ရည်အားတို့မှာ ဆုတ်ယုတ်လျော့ပါးသွားသည်ကိုကား သတိထား၍ မှန်ကန်စွာ နားလည်ရပါမည်။

အချို့က မိမိကိုယ်ကို 'အသက်ကြီးသော်လည်း မပျက်စီးသေး' ဟု လိမ်ညာ အမှတ်မှားနေကြ၏။ နုအောင်၊ ပျိုအောင်လည်း ခြယ်သည်၊ သသည်၊ ပြုပြင်သည်။ 'စိတ်ပျိုလျှင် ကိုယ်နုသည်' ဟု သဘောထား၍ စိတ်ရော၊ ရုပ်ပါ နုပျိုအောင် ကြိုးစားတတ်ကြပါသည်။ သို့သော် ဖြစ်ပျက်ပြောင်းလဲနေသော ဇရာ၏နိယာမကို ဟန့်တားနိုင်သည်မဟုတ်ပါ။ စိတ်ပိုင်းဆိုင်ရာ ဆန္ဒတဏှာက မအိုချင်သေးသော်လည်း ရုပ်ပိုင်းဆိုင်ရာ ဇရာက မလိုက်နိုင်တော့ပါ။ အချို့က ဆေးဝါးအကူအညီယူ၍ ငယ်မူငယ်သွေး ဖြစ်ချင်ကြသေးသည်။

အမှန်ဆိုသော် အသက်အရွယ်အရ ရုပ်ပိုင်းဆိုင်ရာ ယိုယွင်းလျော့ပါးလာသည်တို့ကို သဘာဝကျစွာ ခံယူရပါမည်။ သဘာဝကို ဆေးဝါးဖြင့် ပြုပြင်ကျော်လွန် ကြိုးပမ်းခြင်းမှာ နိယာမတရားကို လွဲမှားစွာ ဆန့်ကျင်ခြင်းဖြစ်သည်။ သဘာဝကို နားလည်၍ နိယာမနှင့် လိုက်လျောညီစွာနေနိုင်ခြင်းသာ ပို၍သင့်လျော်ပါသည်။

ဥပမာအားဖြင့် ကျွန်တော်တို့ အသက်(၂၀)ခန့်က တောင်ပေါ်ကို ပြေးလွှားခုန်ပေါက်တက်နိုင်သည်။ လှေကားထစ်များကို ကျော်လွှား၍ပင် သွားလိုက်သေးသည်။ သို့သော် အသက်(၆၀)ကျော်အရွယ်မှာ ထိုသို့ မလုပ်နိုင်တော့ပါ။ စိတ်ကရှိလျှင်လည်း ရုပ်ကမစွမ်းပါ။ ဆေးဝါးအကူအညီ ယူ၍ ပြေးပြေးလွှားလွှားတက်နိုင်အောင် ကြိုးစားလျှင် သဘာဝကျမည် မဟုတ်ပါ။ ထိုသို့ပြုခြင်းသည် ဇရာ၏အားမာန်လည်း မဟုတ်ပါ။

ဇရာအရွယ်မှာ ကာယအားထက် ဉာဏအားကို ပို၍ အသုံးပြုရမည် ဖြစ်ပါသည်။

မိမိမှာမရှိသည်ကို မရှိသည့်အလျောက် သိမြင်ဆင်ခြင်၍ ရှိသည်ကို မှန်ကန်စွာအသုံးချလျှင် ဇရာမှာလည်း အားမာန် ရှိပါသည်။

◆◆◆

# ဓားကိုဖျက်ဝါးမျက် လူကိုဖျက်အရက်

ဓားကောင်းဖြစ်ပါလျက် ဝါးမျက်ကို ခုတ်မိလျှင် ထက်သောဓား သွားပဲ့ကြွေပျက်စီးရာ၏။ လူကောင်းပင် ဖြစ်ပါလျက် အရက်သေစာ သောက်စားလျှင် မူးယစ်မေ့လျော့၍ အမှားများကို ကျူးလွန်ပျက်စီးရာ၏။

အရက်သည် မူးယစ်မေ့လျော့စေရုံမက အမှားကိုပြုစေ၏။ မိုက်မဲမှု များကို ကျူးလွန်စေ၏။ ရာဇဝတ်မှုများစွာတို့သည် အရက်ကြောင့် ဖြစ်စေ ကြသည်။

အရက်သည် များများသောက်လေ မူးယစ်လေ ဆင်ခြင်တုံတရား လျော့ပါးလေဖြစ်သည်။

အရက်သောက်လျှင် လူ၏အစာအိမ်မှတစ်ဆင့် သွေးထဲသို့ ရောက် သည်။ ဦးနှောက်သို့ ရောက်သည်။ မူးယစ်သည်။ ရီဝေသည်။ အသားအရေ ထူပိန်းပိန်း ဖြစ်လာသည်။ ပါးပြင် နားရွက်တို့ကို စမ်းကြည့်လျှင် ပိုသိသာ သည်။ ဆက်သောက်လျှင် မျက်နှာနီမြန်းလာသည်။ လူက စိတ်ကြွနေသော် လည်း မျက်နှာကညှိုးနွမ်းနေသည်။ ပို၍မူးလျှင် ပို၍ဆိုးသည်။ ခေတ်စကား နှင့် ပြောရလျှင် “ရွဲ” နေသည်။ မူလရှိသည့် ကြည်လင်သော ဥပဓိရုပ် ပျက်စီးသွားလေပြီ။

ဆက်သောက်လျှင် အမြင်အာရုံဝေဝါးလာသည်။ စကားပြောလျှင် အသံကျယ်လောင်ကျယ်လောင်ဖြစ်နေပြီး အရက်ကြောင့် အကြားအာရုံ လျော့ပါးသောကြောင့် စကားပြောရာတွင် အသံကျယ်လာခြင်း ဖြစ်သည်။

ဆက်သောက်လျှင် အာလေးလျှာလေးနှင့် စကားပြောရာတွင် ဗလုံးဗထွေး ဖြစ်လာသည်။ မပီမသကြိုးစားပြောနေသည်။ သို့သော် စကားအလွန် ပြောချင်သည့်စကားများသူဖြစ်နေသည်။ လမ်းလျှောက်လျှင် ခြေလှမ်းမမှန် ယိမ်းယိုင်နေပြီ။

ထိုအချိန်တွင် အရက်အကြောက်နည်းပါးလာပြီး လမ်းဘေးမှာလည်း ဟော့ရမ်းစွာ အပေါ့သွားရဲသည်။ ခါးဝတ်ပုဆိုးလည်း ကောင်းစွာ မမြဲတော့ပါ။ လမ်းလုံးပြည့် သိုင်းကွက်နင်းသလိုလမ်းလျှောက်ရင်း ဟိုဆဲဒီယမ်း လုပ်လာသည်။ မူးမူးရူးရူး ဆိုသကဲ့သို့ မူး၍ရူးသွားခြင်းဖြစ်သည်။ ပုံမှန်မဟုတ်ပါ။ လူမပြောနှင့်ခွေးများပင် ကြည့်၍မရဖြစ်လာသည်။ အရက်သမားသွားရာ လမ်းတစ်လျှောက်မှာ ခွေးဟောင်သံတစ်ညံညံ ဖြစ်နေသည်။ အရက်သမားက ခွေးများကို ဆဲရေးတိုင်းထွာသည်။ ကြည့်ချင်စရာ မကောင်းရုံ မက ကြားချင်စရာပါ မကောင်းဖြစ်လာသည်။

ထိုအချိန်မှာ မြင်သမျှလူတိုင်းအရက်သမားကို ကြည့်မရသကဲ့သို့ အရက်သမားကလည်း အားလုံးကို မုန်းတုန့် ပြန်၍ ရန်လိုလာသည်။

ထိုအချိန်တွင် ရာဇဝတ်မှုများကို ကျူးလွန်ရန် ဝန်မလေးတော့ပါ။

သူများက ကြည့်သည်ပင်မခံချင်။ "ဘာကြည့်တာလဲ ချချင်လို့လား" ဟု ရန်လိုလာသည်။ အများစုကတော့ အမူး အရူးပဲဟု ရှောင်ခွာသွား ကြလိမ့်မည်။ မခံချင်သူစိတ်ဆတ်သူ နှင့်တွေ့လျှင် "ချချင်တယ်ကွာ" ဟု တုံ့ပြန်လိမ့်မည်။ ထိုအခါ ခိုက်ရန်ပွား၍ ရာဇဝတ်များလိမ့်မည်။

အရက်သည် "မူးယစ်" စေသည့်အတိုင်း အတူတူ အရက်သောက် သူချင်းပင် မူးလျှင်ယစ်လာကြသည်။ တိုက်ကျွေး ညှော့်ခံသူကိုပင် ရန်စကား ပြောရန် ဝန်မလေးတော့ပါ။

"သူငယ်ချင်းများနေပြီ၊ တော်လောက်ပြီထင်တယ်။" ကျွေးမွေးသူက စေတနာနှင့် ပြောခြင်းဖြစ်သည်။ "ဘာလဲ မင်းတိုက်ရတာဆိုပြီး ငါ့ကို

တားနေတာလား . . . ငါ ဘာမှမဖြစ်ဘူး။ ဆက်သောက်ဦးမယ်။ မင်း စေတနာမရှိရင် အစကတည်းက ခေါ်မလာနဲ့။"

တစ်ဖက်ကလည်းမူးနေလျှင် စေတနာကို စော်ကား ရမည်လားဟု အချီအချပြောဆိုရာမှ ရန်ထဖြစ်ကြ၍ ထိပ်ပေါက် ခေါင်းကွဲဖြစ်သည်တို့ များလှ၏။

ကိုယ်တွေ့ကြုံခဲ့ဖူးသောဖြစ်ရပ်တစ်ခုတွင် ရွာနှစ်ရွာမှ သူငယ်ချင်း များ ထန်းတောတစ်ခုမှာချိန်း၍ ထန်းရည်သောက်ကြသည်။ သူရောကိုယ်ပါ မူးနေကြပြီ။ မျက်နှာနီရဲ၍ မျက်လုံးများရီဝေကြပြီး စကားသံတွေ ကျယ် ကျယ် လောင်လောင်ဖြစ်နေကြပြီ။

ထိုအချိန်တွင် တစ်ယောက်ကယူလာ၍ ဘေးမှာချထားသော ဓားကို လှမ်းကြည့်ပြီး "ဘယ်သူ့ဓားလဲ ဘယ်လောက်ပြတ်သလဲ" တစ်ယောက်က မေးသည်။ "သိပ်ပြတ်တာပေါ့၊ မနက်ကမှ သွေးထားတာ" မူးနေသော ဓားပိုင်ရှင်ဖြေပုံက ခပ်မာမာခပ် ကြွားကြွား "ငါ တန်ဆောင်မုန်းလပြည့် နေကစပြီး ဆေးထိုးထားတယ်။ ငါ့ဆရာက နက္ခတ်စုံချိန်မှာ ပွဲပေးပြီး ထိုးထားတာ၊ ဓားပြီးတယ်ပြောတယ် စမ်းမကြည့်ရသေးဘူး . . . စမ်းချင် တယ်၊ မင်း ဓားပြတ်တယ်ဆိုရင် ခုတ်ကြည့်စမ်း။

ထန်းရေမူးပြီး သွေးဆူနေ၍ သင့်၏မသင့်၏ ဆင်ခြင်စဉ်းစားနိုင် ခြင်းမရှိပါ။ အန္တရာယ်ကိုလည်း ကြောက်ရမှန်း မသိပါ။ ဝါချင်ကြွားချင် စိတ်ဖြင့် မိုက်မဲစွာ လက်ကိုတန်းပေးလိုက်သည်။

ကျန်လူများမှာလည်းမူးနေ၍ "မတော်ဘူး မသင့်ဘူး၊ မလုပ်နဲ့" တားမြစ်မည့်သူမရှိ။ အော်ကာဟစ်ကာ အားပေးကြ၊ မြှောက်ပင့်ကြ၊ ပွဲကြီးပွဲကောင်း တောင်းဆိုကြသည်။

ဓားပိုင်ရှင်ကလည်း မူးနေသည်။ စဉ်းစားဉာဏ်မရှိ။ အန္တရာယ်မသိ၊ သူ့ဓားကို အစွမ်းပြချင်သည်။

အခုတ်ခံမည့်သူမှာ စွတ်ကျယ်ဝတ်ထား၍ အဝတ်မပါ၊ ဗလာဖြစ်နေသော လက်မောင်းကို သူ့လက်မှဓားဖြင့် အားပါးတရ ခုတ်လိုက်သည်။ ဓားကလည်းထက် ခုတ်အားကလည်း ပြင်း၍ လက်မောင်းမှာ ပြတ်ကျသွားသည်။

ဘာလုပ်ရမှန်းမသိ။ အိမ်ကိုလည်း မပြန်ရဲ၊ လူကြီးများ သိမှာစိုးသည်။ ပြတ်သွားသောလက်မောင်းကို ရရာအဝတ်များ နှင့်စည်းကြသည်။ သွေးထွက်အားက များလှသည်။ သွေးရပ်သွားအောင် လုပ်၍မရ။ နောက်ဆုံးမှ လူကြီးများသိပြီး ဆေးရုံပို့ကြသည်။ နောက်ကျသွားလေပြီ။ သွေးထွက်လွန်၍ လမ်းမှာပင် သေဆုံးသွားလေသည်။ ခုတ်သူလည်း အဖမ်းခံရပြီး ထောင်ကျသွားလေသည်။ ထန်းရည်အရက်ကြောင့် အသက်ပေးရသည်။ မဖြစ်သင့်သော ရာဇဝတ်မှုများဖြစ်ပွားရသည်။

နှစ်ဖက်မိဘဆွေမျိုးများ ဝမ်းနည်းကြေကွဲ ပူဆွေးကြရသည်။ သေရည် သေရက်ကို မသောက်ဘဲနေခြင်းသည် အကောင်းဆုံးဖြစ်၏။ သောက်လျှင်လည်း မူးအောင်ရူးအောင် ဆင်ခြင်တုံတရားကင်းအောင် မသောက်သင့်ပါ။ အရက် အလွန်အကျွံသောက်လျှင် မူးယစ်မေ့လျော့၍ ဖြစ်မှုများကို ကျူးလွန်မိတတ်သည်။

◆◆◆

# ယောကျ်ားကိုစေသော်မပြီးနိုင်၊ မိန်းမကိုစေသော်မခံနိုင်

မြန်မာအမျိုးသမီးဖြစ်ရသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်၏။ မြန်မာတို့တွင် အမျိုးသမီး၊ အမျိုးသား အဆင့်အတန်းခွဲခြားခြင်းမရှိ။ သူ့နေရာနှင့်သူ့အရေးပါ အရာရောက်သည်ဟု ခံယူ၏။

'ယောကျ်ားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော် မခံနိုင်'၊ မိန်းမကိုစေသော် မပြီးနိုင်၊ ယောကျ်ားကိုစေသော် မခံနိုင်' ဟူသော အပြန်အလှန်စကားရှိ၏။

သားသမီးကိစ္စတွင် အဖေနှင့်အမေနှစ်ဦးရှိသည့်အနက် အမေသည် ပို၍ကျေးဇူးကြီးသည်ဟု ခံယူ၏။

မိခင်သည် သားသမီးကို ကိုယ်ဝန်ဆောင်ရသည်။ နို့ချို တိုက်ကျွေးရသည်။ သက်စွန့်ဆံဖျားမွေးရသည်။ အိမ်ထောင်မှုကို ထိန်းသိမ်းစီမံရင်းချက်ပြုတ်ကျွေးရသည်။ နေမကောင်း ထိုင်မသာဖြစ်သည်မှစ၍ ဖခင်ထက်ပိုပြီး အနီးကပ်ပြုစုစောင့်ရှောက်ရသည်။ ဖခင်က မိသားစုအတွက် စီးပွားရှာရသည်။ သားသမီးများ စားဝတ်နေရေးအတွက် အိမ်အပြင်ထွက်ပြီး ပြေးရလွှားရ ကြံစည်ကြိုးပမ်းရသည်။ မိခင်ရော၊ ဖခင်ပါ သားသမီးတို့၏ကျေးဇူးရှင်များဖြစ်ကြသည်မှာ အတူတူပင်ဖြစ်ပါ၏။ သို့သော် ကိုယ်ဝန်ဆောင်ရခြင်း၊ သက်စွန့်ဆံဖျားမွေးရခြင်း၊ နို့ချို တိုက်ကျွေးရခြင်း၊ အနီးကပ်ပြုစုစောင့်ရှောက်ရခြင်းတို့မှာ မိခင်က ဖခင်ထက်ပိုသည်ဟု မြန်မာအများက မိခင်၏ကျေးဇူးကို ပို၍အလေးပေးကြသည်။ ထို့ကြောင့် ခေါ်ဝေါ်သုံးနှုန်းရာမှာပင် 'ဘမိ' ဟုမခေါ်။ မိခင်ကို ရှေ့မှာထားပြီး 'မိဘ' ဟု ခေါ်သည်။

မြန်မာ့ဓလေ့ထုံးစံ ရှင်ပြုသည့်အခါ မဏ္ဍပ်တွင်းမှာ ဘိသိက်ဆရာက ရှင်လောင်းများ၊ နားဖောက်သည်များကို ဘိသိက်သွန်းလောင်းသည်။ ကျေးဇူးရှင်များအား ကန်တော့ခန်း၌ ဘိသိက်ဆရာက ရှင်လောင်းနှင့် နားဖောက်သည်တို့အား မိခင်ကို အရင်ကန်တော့ခိုင်းသည်။

ဘာကြောင့် မိခင်ကို အရင်ကန်တော့ရကြောင်း ယောကျ်ားကြီးဖြစ်သော ဘိသိက်ဆရာက မိခင်၏ကျေးဇူးကို တခမ်းတနားအမွှမ်းတင်၍ ပြောပါသည်။ ဖခင်ဖြစ်သူကလည်း သားသမီးများ မိခင်ကို အရင်ကန်တော့သည်ဟု မကျေမနပ်မရှိ။ ကျေနပ်စွာကြည့်၍ ပီတိဖြစ်၏။ မြန်မာတို့တွင် မဟာပုရိသဝါဒအယူအဆ မရှိကြောင်း ထင်ရှားသောသာဓကေ ဖြစ်ပါသည်။

ကလေးတို့သည်လည်း မိခင်၏အရေးကြီးပုံကို ငယ်စဉ်ကတည်းက စွဲမြဲစွာ နားလည်ထားကြသည်။

မြန်မာ့ဓလေ့မှာ ယောကျ်ားနှင့်မိန်းမ အဆင့်အတန်း ခွဲခြားခြင်းမရှိ။ ယှဉ်တွဲ၍ နားလည်ခံယူကြသည်။ 'မောင်တစ်ထမ်း မယ်တစ်ရွက်' ဟူသော စကားအရ စွမ်းအားအလိုက် အတူတကွ တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည်ဟု ခံယူသည်။

အနောက်တိုင်းမှာလည်း အမျိုးသမီးများကို ငဲ့ညှာဦးစား ပေးခြင်း ရှိပါ၏။ သို့သော် Weaker Sex အားနွဲ့သူများဖြစ်သည်ဟူသော သဘောထားဖြင့် ဦးစားပေးခြင်းဖြစ်ပါသည်။

မြန်မာတို့၏ ခံယူပုံမှာ ထို့ထက်ပို၍ကောင်းပါသည်။ အမျိုးသမီးများကို အားနည်းသူဟူ၍ အဆင့်နိမ့်ကြည့်မြင်ပြီး ကြင်နာသနားခြင်း မဟုတ်ပါ။ သူနေရာနှင့်သူ အရေးပါသည့်၊ အရေးကြီးသည့် တာဝန်များကို ခွဲဝေထမ်းရွက်နေသည်။ အချို့ကိစ္စများတွင် သူတို့ကပင် ပို၍စွမ်းဆောင်နိုင်သည်ဟူသော အမြင်မျိုးဖြစ်သည်။ တန်းတူရည်တူ ချစ်ခင်ကြင်နာခြင်းနှင့် ယှဉ်တွဲလျက် အပြန်အလှန်မြတ်နိုးလေးစားမှု ပါဝင်သည်။

အိမ်ထောင်တစ်ခုတွင် ယောကျ်ားသည် အိမ်ထောင် ဦးစီးဖြစ်သည်။ အိမ်ထောင်၏ စားဝတ်နေရေးကို ရှာဖွေကျွေးမွေးလျက် အိမ်ထောင်တစ်ခုလုံး၏ လုံခြုံရေးကိုလည်း တာဝန်ယူရသည်။ ထို့ကြောင့် လင်ယောကျ်ားကို အိမ်ဦးနတ်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

သို့သော် မိခင်ကို အိမ်ရှင်မဟုခေါ်သည်။ အိမ်ထောင်၏ အရှင်သခင်မဖြစ်သည်။ အိမ်ထောင်တစ်ခုလုံး၏ စီမံခန့်ခွဲရေးကိစ္စအဝဝကို မိခင်က တာဝန်ယူရသည်။ ယောကျ်ားမှာ စီးသည့်ရေဖြစ်၍ မိန်းမမှာ ဆည်သည့်ကန်သင်းဖြစ်သည်။ စီးသည့်ရေရှိမှ အိမ်ထောင်အတွင်းသို့ စီးပွားဥစ္စာ ဝင်ရောက်သည်။ ဆည်သည့်ကန်သင်းရှိမှလည်း စီးသည့်ရေသည် သိုလှောင်သိမ်းဆည်း အဖတ်တင်သည်။

'ဥစ္စာဖြို စားဖိုက'ဟူသော စကားရှိသည်။ အိမ်ရှင်မသည် မီးဖိုချောင်ထိန်းသိမ်းမှုညံ့လျှင် စီးပွားဥစ္စာပျက်တတ်သည်။ သေချာစွာ သိမ်းထုပ်မှုမရှိသော အိမ်ရှင်မကို 'မိန်းမ ကြက်လာ'ဟု ခေါ်သည်။ ဆန်စပါးမျိုးစေ့မှစ၍ အယိုယိုအဖိတ်ဖိတ်ဖြစ်သောကြောင့် ကြက်လာစေသောမိန်းမဟူ၍ ရှုတ်ချ ခြင်းဖြစ်သည်။ မိန်းမသည် အိမ်တစ်အိမ်လုံး၏ စီးပွားရေး၊ လင်နှင့်တကွ သားသမီးများ၏ စားဝတ်နေရေးအပါအဝင် အပြင်လူများနှင့် ဆက်သွယ်ရေးအထိ သင့်လျော်အောင်ဖြန့်ဝေရသော တာဝန်ကိုလည်း ယူရသည်။ ထို့ကြောင့် အိမ်ထောင်ဦးစီး အရေးကြီးသလို အိမ်ရှင်မလည်း အရေးကြီးသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်း အိမ်ထောင် တစ်ခုမှာ လင်နှင့်မယား သာတူညီမျှတကွ တာဝန်ထမ်းဆောင်ကြသည်ဟု သတ်မှတ်ထားသည်။ လင်မယားကွဲလျှင် ရှိသမျှပစ္စည်းဥစ္စာကို သရက်စေ့ ထက်ခြမ်းခွဲနည်းဖြင့် တစ်ယောက်တစ်ဝက်စီ ခွဲယူရသည်။ စီးပွားရှာသောယောကျ်ား အရေးကြီးသကဲ့သို့ ထိုစီးပွားကို မယိုမဖိတ်အောင် သိမ်းဆည်းသော မိန်းမလည်း တူညီစွာ အရေးကြီးသည်ဟုခံယူ၏။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် မြန်မာလူမျိုးတို့၏ ကျား/မ အဆင့်အတန်း မခွဲခြားမှုအတွက် ထင်ရှားသောပြယုဂ်ဖြစ်၏။ အမွေဆက်ခံခွင့်တွင် လင်နှင့်မယား ကွာခြားခြင်းမရှိသည့်နည်းတူ သားနှင့်သမီးလည်း ခြားနားမှုမရှိပါ။ သားမမွေး၍ လင်က မယားကို ကွာခွင့်မရှိပါ။ သားကြီး ဩရသရှိသကဲ့သို့ သမီးကြီးဩရသရှိသည်။

သားကြီးဩရသဆိုသည်မှာ အကြီးဆုံးသည် သားဖြစ်၍ ဖခင်က မိခင်အရင် ကွယ်လွန်သောကြောင့် အကြီးဆုံးသားသည် ဖခင်ကိုယ်စား အိမ်ထောင်ဦးစီးတာဝန်ကို ထမ်းရွက်ရသည်။ ထို့ကြောင့် အမွေဆက်ခံရာတွင် သားကြီးဩရသက အခွင့်ထူးကိုရရှိသည်။

ထိုနည်းတူစွာပင် သမီးကြီးဩရသဆိုသည်မှာ အကြီးဆုံးသည် သမီးဖြစ်၍ မိခင်က ဖခင်ထက် အရင်ကွယ်လွန်သောကြောင့် အကြီးဆုံးသမီးသည် အိမ်ရှင်မတာဝန်ကို မိခင်ကိုယ်စား ဆက်လက်ထမ်းရွက်ရသည်။ ထို့ကြောင့် အမွေဆက်ခံရာတွင် သမီးကြီးဩရသ အခွင့်ထူးကို ရရှိသည်။

လင်ယောကျာ်းသည် အင်အားကြီးမားသူဖြစ်သည်၊ အိမ်ထောင်ဦးစီးဖြစ်သည်ဟု ဇနီးမယားအပေါ်မှာ မထေမဲ့မြင်ပြုခွင့်မရှိပါ။ လင့်တာဝန် ငါးပါးတွင် 'မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ အိမ်ရာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင့်ကျင့်ရာ'ဟု ဖော်ပြထားသည်။

အပြန်အလှန်ပင် မယားဖြစ်သူမှာလည်း လိုက်နာရန် ဝတ္တရားငါးပါး ရှိသည်။ 'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ'ဟု ဖော်ပြထားပါသည်။

မြန်မာတို့သည် လင်နှင့်မယား ထမင်းတစ်ဝိုင်းတည်းမှာ အတူတကွ လက်ဆုံစားကြသည်။ ဘုရားသွား၊ ကျောင်းတက်အတူပြုကြသည်။ 'ကယုကယင် ချစ်တုံ့တင်'ဆိုသော စကားနှင့်အညီ အပြန်အလှန် ချစ်ခင်ကြင်နာစွာ ဆက်ဆံကြသည်။

စာရေးဆရာမင်းကျော် ဂျပန်ပြည်သို့ရောက်သွားသော အခါ ဂျပန်-မြန်မာယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဆကိုင်းသည် သူ့အိမ်သို့ ဖိတ်ခေါ်၍ ကျွေးမွေးဧည့်ခံသည်။ မစ္စတာဆကိုင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံမှာ ကာလအတော်ကြာအောင် နေခဲ့ရ၍ မြန်မာစကားကို ကောင်းစွာပြောတတ်၏။ မြန်မာနိုင်ငံမှာပင် အင်္ဂလိပ်တို့၏ စစ်သုံ့ပန်းဘဝတွင် မော်တော်ယာဉ်မောင်းအဖြစ် ဆောင်ရွက်ရာမှာ အစားအသောက်ဆင်းရဲ၍ မြန်မာတို့က စောင့်ရှောက် ကျွေးမွေးခဲ့၏။ နောင်တွင် သုံ့ပန်းဘဝမှ လွတ်မြောက်သော အခါမှာလည်း ဝမ်းရောဂါကို သေလုနီးပါး ခံစားရသည်။ မြန်မာတို့က ဆေးဝါးကုသ ပြုစုလာကြ၍ အသက်မသေဘဲ မိခင်ဂျပန်မြေသို့ ပြန်ရောက်ခဲ့ရသည်။ မြန်မာတို့၏ကျေးဇူးကိုသိ၍ မြန်မာများကို မြတ်နိုးသူဖြစ်သည်။

သူ့အိမ်တွင် ဧည့်ခံကျွေးမွေးရာ၌ မစ္စတာဆကိုင်းသည် သူ့ဇနီးနှင့် မိတ်ဆက်ပေးသည်။ ဇနီးနှင့် ထမင်းအတူစားသည်။ ဇနီးနှင့် စားပွဲတစ်ခုမှာ အတူထိုင်၍တီဗီဇာတ်လမ်းကြည့်သည်။ ဇနီးကို ချစ်ခင်ကြင်နာစွာ ဆက်ဆံသည်။

ထိုမြင်ကွင်းများမှာ ဆရာမင်းကျော်အတွက် အထူးအဆန်း ဖြစ်နေ၏။ ဆရာမင်းကျော်သိထားသည်မှာ ဂျပန်တို့သည် ဇနီးနှင့် ထမင်းအတူမစား။ လင်ယောကျ်ားထမင်းစားလျှင် ဘေးမှာဒူးတုပ်ထိုင်၍ လိုအပ်သည်များကို ကူညီပြုစုပေးရသည်။ လင်ယောကျ်ား ရေချိုးလျှင်လည်း ဘေးမှနေ၍ ရေပူ၊ ရေအေး စပ်ပေးသည်မှအစ ချေးတွန်းပေးသည်အထိ ပြုစုစောင့်ရှောက်ရသည်။ အတူထမင်းစားခြင်း၊ တန်းတူရည်တူ ဆက်ဆံခြင်း မရှိဟု သိထားသည်။ ယခု မြင်တွေ့ရသည်မှာ ထူးခြားနေ၍ ဂျပန်လူမျိုးတို့၏ ထုံးစံမဟုတ် ဖြစ်နေသည်။ ထို့ကြောင့် ဆရာမင်းကျော်က မေးကြည့်ရာ မစ္စတာဆကိုင်းက သူသည် မြန်မာပြည်မှာ အတော်ကြာအောင် နေလာခဲ့

သော ဂျပန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ မြန်မာပြည်မှာ နှစ်အတော်ကြာအောင် နေခဲ့ဖူး၍ မြန်မာတို့၏ ဓလေ့စရိုက်ကို သဘောကျ အတုယူပြီး ယခုကဲ့သို့ လင်မယား ကြင်ကြင်နာနာ ရှိရသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ယခုအခါ ဂျပန်လူမျိုးများ တိုးတက်ပြောင်းလဲလာကြသည်ဆိုသည့်တိုင် မိန်းမကိုကူညီလုပ်ကိုင်ပေးရသည်ကို သူတစ်ပါးအမြင်မှာ ရှက်နေကြကြောင်း ဒေါက်တာဒေါ်မြမြဝင်း ရေးသားသည့် 'ချစ်တတ်ကြရဲ့လား' ဆောင်းပါးမှာ ဖတ်ရသည်ကို သတိထားမိပါသည်။

သူတို့ဆီမှာ ဇနီးလျှော်ထားသောအဝတ်ကို ကူလှမ်းပေးရသည်ပင် ယောကျ်ားဖြစ်သူက ရှက်နေသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် အဝတ်လျှော်ခြင်းမှာ ယေဘုယျအားဖြင့် မိန်းမအလုပ်ဟု ခံယူပါ၏။ သို့သော် မိန်းမအဝတ်လျှော်သည်ကို ရေကူခပ်ပေးသည်။ လျှော်ပြီးသား အဝတ်ကို ရေညှစ်ပြီး သွားလှမ်းပေးသည်။ ဤသို့ကူညီရသည်ကို ရှက်စရာဟု မထင်ရုံမက ကြည်နူးစရာအဖြစ် ဂုဏ်ယူကြသည်။ မြင်သူများကလည်း မည်သူကမျှ လူညံ့ဟုမထင်ကြ။ သားမယားကို ကြင်နာတတ်သူဟုပင် ချီးကျူးလေးစားကြသည်။ မြန်မာလူမျိုးတို့၏ လင်နှင့်မယားဆိုင်ရာ လှပသော အတွေးအမြင်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာမှာ ခေတ်မီစွာ တိုးတက်ပြောင်းလဲလာပါသည်ဆိုသော လင်နှင့်မယားဆိုင်ရာ အတွေးအခေါ် အယူအဆများသည်ပင် မြန်မာတို့၏ အရိုးအစဉ် အတွေးအမြင်ကို အထင်ကြီးလေးစားရမည်ဖြစ်ပါသည်။

မြန်မာတို့သည် ယောကျ်ားနှင့်မိန်းမ ကိုယ်ခန္ဓာ တည်ဆောက်ပုံ သဘာဝချင်း မတူသည်ကိုလည်း အမှန်အတိုင်း ကြည့်မြင်လက်ခံပါသည်။ ယောကျ်ားနှင့်မိန်းမ အတူတူပင်ဖြစ်သည်ဟု ထပ်တူပြုအယူအဆမျိုးကို

မျက်စိစုံမှိတ်၍ လက်ခံခြင်းမဟုတ်ပါ။ သူ့နေရာနှင့်သူ အရေးပါသည်၊ အရေးကြီးသည်ဟုသာ မှန်ကန်စွာလက်ခံခြင်းဖြစ်သည်။ 'ယောကျ်ားစားသွေး၊ မိန်းမသားမွေး' ဆိုသော မြန်မာမှုဆိုရိုးစကား ရှိပါသည်။

ယောကျ်ားသည် ကျားကျားလျားလျားရှိသည်။ အားခွန်ဗလနှင့် ပြည့်စုံသည်။ ခုခံရေး၊ တိုက်ခိုက်ရေးအတွက် စားသွေးရမည့်သူ၊ ဆောင်စားဖွေးဖွေးကိုင်၍ နိုင်ငံကိုကာကွယ်ရသူဖြစ်သည်။ မိန်းမသည် မျိုးနွယ်ဆက် ပြန့်ပွားထွန်းကားရေးအတွက် သားမွေးပေးရသူဖြစ်သည်။ စားသွေးသော ယောကျ်ား အရေးကြီးသကဲ့သို့ သားမွေးသောမိန်းမလည်း အရေးကြီးသည်။

မြန်မာအမျိုးသမီးများသည် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာနှင့် မည်သို့ပင်နှိုင်းယှဉ်စေကာမူ ဂုဏ်ယူဖွယ်ရာ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး အပြည့်အဝခံစားခွင့် ရသူများဖြစ်သည်။ ယောကျ်ားတို့၏ ပစ်ပယ်မှု၊ နှိမ့်ချမှု၊ အဆင့်အတန်းခွဲခြားမှုကို မခံရရုံမက သူ့နေရာနှင့်သူ ယောကျ်ားထက်ပင် အရေးပါ အရာရောက်သည်များရှိကြောင်း အသိအမှတ်ပြု တန်ဖိုးထား၍ လေးစားခံရသူများလည်းဖြစ်သည်။ ကိုယ်နှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များမှာ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့် ရရှိသူများလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီး ဖြစ်ရသည်မှာ ဂုဏ်ယူဖွယ်ရာကောင်းလေစွ။

◆◆◆

# သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့

လူ့ဘောင်ဆိုသည်မှာ လူများနှင့်ဖွဲ့စည်းထားခြင်းဖြစ်၏။ ထိုလူများတွင် အသက်အရွယ် အမျိုးစုံပါဝင်သည်။ ကလေးငယ်မှစ၍ လူငယ် လူလတ်၊ လူကြီးလူအိုပါဝင်သည်။

ငယ်လွန်းသောကလေးတို့သည် မှီခိုသူများဖြစ်ကြ၏။ နို့စို့ကလေးဘဝမှာ နို့ချိုမှစ၍ တိုက်ကျွေးရသည်။ ယုယပိုက်ထွေး၍ ပိုးမွေးသလို မွေးရသည်။ ဤကလေးများသည် အဆင့်ဆင့်ကြီးလာသည်နှင့်အမျှ ကာယအား၊ ဉာဏအား တည်ဆောက်ကြမည်။ ပညာသင်ကြသည်။

လူ့အဖွဲ့အစည်း၏ သမိုင်းပေးတာဝန်ကို ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြမည်။ လူ့လောက လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းများစွာတို့ကို စွမ်းစွမ်းတမံ ဖန်တီးကြလိမ့်မည်။ ဤသို့ လှုပ်ရှားရုန်းကန်ဖန်တီးရင်း နုရာမှပျို၊ ပျိုရာမှကြီး၊ ကြီးရာမှရင့်၊ ရင့်ရာမှအို အဆင့်ဆင့်ပြောင်းလဲလာကြလိမ့်မည်။

အသက် (၆၀) ကျော်သည်နှင့် သက်ကြီးစာရင်းဝင်လိမ့်မည်။ သို့သော် ကျန်းမာနေသမျှ လူ့အဖွဲ့အစည်းအကျိုးကို ဆက်လက်ထမ်းရွက်နေကြသည်သာဖြစ်သည်။ (၆၀) ကျော်တို့၏လုပ်အားနှင့် ဖန်တီးနိုင်စွမ်းမှာကြီးမားနေဆဲပင် ရှိပါသည်။ ကျန်းမာရေးကောင်းသူတို့မှာ (၇၀)ကျော်အထိပင် လူများစွာတို့ မှီခိုအားကိုးနေရဆဲ၊ လူ့ဘောင်အကျိုး သယ်ပိုးနေကြဆဲဖြစ်သည်။ မကျန်းမာသူတို့ခမျာမှာတော့ လူ့အဖွဲ့အစည်း၏ အဆင့်ဆင့်သော စောင့်ရှောက်မှု အမျိုးမျိုးကို ခံယူနေကြရပါသည်။

ကျွန်တော်တို့သည် အသက်အရွယ်အမျိုးစုံ၏ စွမ်းဆောင်နိုင်မှုကို လေးစားရမည်။ တန်ဖိုးထားရမည်။ အသိအမှတ် ပြုကြရမည်။ လူပိုအဖြစ် ဘေးဖယ်ထားခြင်း မပြုသင့်။ ညာတာသောစိတ်ထားဖြင့်ပင် ဘေးဖယ်ထား၍ ပိတ်ပင်တားမြစ်ခြင်းမပြုသင့်။

မသုံးဘဲထားသောဓားသည် မထက်။ မလည်ပတ်ရသော စက်သည် သံချေးတက်ဖြစ်လိမ့်မည်။ အသက်ကြီးသော်လည်း သူတို့လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခွင့်ရှိသင့်သည်။ လူသည် မိမိကိုယ်ကိုလူပိုဖြစ်မနေချင်ပါ။ လူ့အဖွဲ့အစည်းအတွက် အသုံးဝင်သည်။ အရေးပါ အရာရောက်သည်ဟု ထင်ချင်သည်။ ထိုအထင်သည် လူတစ်ယောက်၏ ရှင်သန်မှုအတွက် အလွန်အရေးကြီးပါသည်။

အိမ်မှာရှိသော အဘွားသည် ကလေးပုခက်လွှဲနိုင်သည်။ လွှဲချင်သည်။ လွှဲပါစေ။ သန့်ရှင်းရေး အမှိုက်လှဲနိုင်သေးသည်။ ရေတော်လဲ၊ ပန်းတော်ကပ်နိုင်သေးသည်။ ဈေးသွား ငါးဝယ်လုပ်နိုင်သေးသည်။ အသင့်အတင့် ချက်ပြုတ်နိုင်သေးသည်။ လုပ်နိုင်သမျှ လုပ်ချင်သမျှ လုပ်ပါစေ။ ခိုင်းချင်၍မဟုတ်ပါ။ လုပ်နိုင်စွမ်းနှင့် လုပ်ချင်စိတ်ကို အလေးအမြတ်ထားခြင်းဖြစ်ပါသည်။

“မလုပ်နဲ့. . မလုပ်နဲ့။ ဘာမှမလုပ်နဲ့။ လူကြီးပီပီ အေးအေးဆေးဆေးနေ။ လူငယ်တွေလုပ်လိမ့်မယ်။ အချိန်တန်ရင် ထမင်းကို လက်ဆေးစား. . ” ဟူ၍ ဘေးဖယ်ထားလျှင် လူအိုကို လူပိုဘဝသို့ပို့ခြင်းဖြစ်သည်။ စေတနာနှင့်ပင်ဖြစ်သော်လည်း ဒုက္ခရောက်အောင် မစသည်နှင့်တူပါသည်။ ဘာမှမလုပ်ရ၍ လှုပ်ရှားခွင့်မရသည်နှင့်အမျှ အစားအသောက်ပျက်မည်။ သန်စွမ်းမှုပျက်မည်။ မကျန်းမမာနှင့် မြန်မြန်ခန္ဓာစဲအောင် ပြုရာရောက်ပါလိမ့်မည်။

လူဆိုသည်မှာ သူ့အရွယ်နှင့်သူ စွမ်းဆောင်နိုင်ကြပါသည်။ ကျေးရွာ

လူနေမှုဘဝကိုကြည့်လျှင် ပို၍သိသာထင်ရှား၏။ ရွာမှာ ရှင်ပြုအလှူပွဲရှိလျှင် အားကောင်းမောင်းသန် ယောကျ်ားများက မဏ္ဍပ်ဆောက်ကြသည်။ ထင်းပေါက်ကြ၊ ထင်းဖြတ်ကြ၊ ရေထမ်းကြသည်။ ကာလသားများက အလှူမဏ္ဍပ်မှ လက်ဖက်ရည်ပွဲချသည်။ ရှင်လောင်းလှည့်ရာမှာ မြင်းထိန်းကြ။ ရွှေထီးဆောင်းကြ၊ ရွဲတိုက်ကြသည်။ အပျိုများက လက်ဖက်ပွဲချသည်။ ရှင်လောင်းလှည့်ရာမှာ ကွမ်းတောင် ပန်းတောင်ကိုင်သည်။ နားဖောက်သည်၏ အရန်လုပ်သည်။

လူလတ်ပိုင်းက ထမင်းကျွေးသည်။ လူကြီးများက အလှူမဏ္ဍပ်ဆောက်ရာမှာ ချည်တုပ်ရန် လျှော်သပ်ပေးသည်။ သံဃာစင်ကို အလှဆင်သည်။ တံခွန်ကုက္ကားကိုက်ညှပ်ပေးသည်။ လှူဖွယ်ပစ္စည်းများ ခင်းကျင်းပြင်ဆင်သည်။ ရှင်လောင်းလှည့်ရာမှာ ကြေးစည်တီးလျက် စိ[illegible]ုးလိုက်ပါသည်။ အသက်ကြီးသော အဒေါ်ကြီးအဘွားကြီးများက ကန်တော့ညွှန့် ထိုးသည်။ ကွမ်းတောင် ပန်းတောင်လုပ်သည်။ မုန့်ဖြူ မုန့်နီကြော်သည်။ ရှင်လောင်းလှည့်လျှင် ကန်တော့ပွဲရွက်၊ ဆန်ပွဲရွက်၊ လှူဖွယ်ပစ္စည်းများကိုရွက်၍ လိုက်ပါသည်။ လူပိုမရှိ၊ သူ့နေရာနှင့်သူ အသုံးဝင်ကြသည်။

သက်ကြီးရွယ်အိုတို့ကို ပစ်ပယ်ထား၍မရ။ သူ့နေရာနှင့်သူ အသုံးကျပါသည်။ သက်ကြီးရွယ်အိုဘဝတွင် ပျော်ပျော်ရွှင်ရွှင်လည်း ရှိသင့်သည်။ စိတ်ပျော်ရွှင်ခြင်းသည် ရုပ်ကျန်းမာခြင်းအတွက် အထောက်အပံ့ပြု၏။

"ပျော်ရမယ့်အရွယ်မဟုတ်တော့ဘူး။ ကိုယ့်အသက် အရွယ်ကိုဆင်ခြင်ဦး" ဆိုသောစကားများဖြင့် ချုပ်ချယ်ခြင်း မပြုသင့်။ သင့်တင့်သော စိတ်ပျော်ရွှင်ခြင်း ရှိသင့်သည်။

ကျွန်တော်နှင့်အတူနေ အဘွားရှိသည်။ အသက် (၈၀) ရှိပြီ။ သင်္ကြန်ကျလျှင် ကလေးများပျော်သည်ကိုကြည့်၍ အဘွားလည်း ပျော်သည်။ ရေပက်ချင်သည်။ သူငယ်ပြန်ခြင်းမဟုတ်ပါ။ အဘွားကျန်းမာရေး ကောင်း

ပါသည်။ ပျော်ရွှင်စိတ်နှင့် ရေပက်လိုခြင်းဖြစ်သည်။ အိမ်ရှေ့လမ်းမှ ဖြတ်သွားသည့် ရင်းနှီးသူများကို ရေပက်ချင်သည်။ သမီးများ၊ မြေးမများက မပက်ရ။ ဆူကြ၊ ပြောကြသည်။ "အမေကလည်း ကိုယ့် အသက်အရွယ်နဲ့ မလုပ်ပါနဲ့" "အမေကြီးကလည်း အသက်ကြီးမှ ရေမပက်ပါနဲ့" တားမြစ်ကြသည်။ အမေကြီးခမျာ အပြစ်ကင်းသော ပျော်ရွှင်ခွင့်လေးပင်မရရှာ။ ယူလာသော ရေခွက်ကလေးကို ပြန်ချထားရသည်။

ကျွန်တော်က အမေကြီးကို ပျော်စေချင်သည်။ "ပက်ပါစေ. . အမေကြီး. . ပက်. . ပက်" အမေကြီး ဝမ်းသာအားရ ရေပက်ပါသည်။ အလွန်ပျော်ရှာသည်။ ရေပက်ပြီး၍ ဥပုသ်ကျောင်းသွားချိန်ရောက်တော့ လည်း တဘက်ကလေးပခုံးတင်၊ သီလပွဲလေးကိုကိုင်၍ သွားပါသည်။ တစ်နေ့လုံး ဘုန်းကြီးကျောင်းမှာနေပါသည်။

သက်ကြီးရွယ်အိုတို့မှာ တစ်ခါက ငယ်ခဲ့၊ နုခဲ့၊ အရေးပါခဲ့ကြသည်။ နုစဉ်ပျိုစဉ်က သူတို့ဘဝ သူတို့ဇာတ်လမ်းမှာ အဓိကဇာတ်ဆောင်များ ဖြစ်ခဲ့ကြသည်။ အိုမင်းလာသောအခါ သူတို့သည် ဇာတ်ရံများ ဖြစ်သွားကြသည်။ ပျော်စရာလည်း နည်းလာကြပြီ။ ကျွန်တော် အားလပ်သည့်အချိန်များတွင် အဘွားငယ်စဉ်ကအကြောင်းများကို မေးရသည်။ အဘွားကို ငယ်ဘဝသို့ ပြန်ပို့ပေးခြင်းဖြစ်သည်။ အဘွားခမျာ အလွန်ပျော်ရှာသည်။ ပြောရင်းနှင့်ပင် စိတ်ပျိုကိုယ်နုဖြစ်နေသည်။ သူတို့၏ကျေးဇူးကို နားလည်စွာနှင့် သက်ကြီးရွယ်အိုတို့၏ဘဝကို စိုပြည်အောင် စောင့်ရှောက်သင့်ကြသည်။ ကိုယ် ကျန်းမာရေးသာမက စိတ်ချမ်းသာရေးပါ ဖြည့်ဆည်းပေးသင့်သည်။

လူဆိုသည်မှာ ငယ်ရာမှကြီး၊ ကြီးရာမှရင့်၊ ရင့်ရာမှ အိုရမည်မှာ ဓမ္မတာဖြစ်သည်။ ဖြစ်ပျက်ပြောင်းလဲနေသော သဘာဝကို မှန်ကန်စွာ နားလည်လက်ခံရမည်သာဖြစ်ပါသည်။ သို့သော် "ငါ အိုပြီ။ ကိုယ်လည်း လက်ချ အသုံးမကျ" ဟု စိတ်ဓာတ်မကျသင့်ပါ။ တရားသဘောကို မှန်ကန်စွာ

သိနားလည်ခြင်းနှင့် စိတ်ခတ်ကျခြင်းမှာ ခြားနားပါသည်။ တတိယ အရွယ်တွင် ဘာဝနာရှာရမည်မှာ အဓိကအလုပ်ဖြစ်ပါသည်။ ဤကြားမှ ပင် မိမိ၏ ကျယ်ပြန့်သောအသိအမြင်၊ ရင့်ကျက်သောအတွေးအခေါ်တို့ဖြင့် ငယ်ရွယ်သူတို့ကို ကူညီ စောင့်ရှောက်နိုင်သေးသည်။

မြန်မာမှုတွင် ဆိုစကားတစ်ခုရှိသည်။ "ဦးခေါင်းသုံးလုံး နှင့်လူကို တိုင်ပင်ပါ" ဟူ၍ဖြစ်သည်။ ဒူးနှစ်လုံးကြား ဦးခေါင်းထား၍ ထိုင်နေသည့် အဘိုးအိုကို ရည်ညွှန်းခြင်းဖြစ်သည်။ အိုကြီးအိုမ ဖြစ်သည့်တိုင်အောင် ငယ်သူတို့ကို အကြံကောင်း ဉာဏ်ကောင်းပေး၍ လူ့ဘောင်အကျိုး သယ်ပိုး ဆောင်ရွက်နိုင်ပါသေးသည်။

အသက်အရွယ်ကြီးရင့်သူများသည် အိုမင်းမစွမ်း၊ နာမကျန်း၍ လူ့ အဖွဲ့အစည်း၏ စောင့်ရှောက်မှုကို ခံယူရမည့်အချိန်မှာပင် မိမိတို့ အချင်းချင်းအပေါ်မှာလည်းကောင်း၊ မိမိတို့ကို ကူညီစောင့်ရှောက်ကြသူ များအပေါ်မှာလည်းကောင်း၊ တွေ့ကြုံဆက်ဆံရသမျှ လူများအပေါ်မှာ လည်းကောင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ကြင်နာတရားနှင့် စောင့်ရှောက် ခြင်း၊ စေတနာကောင်းနှင့် ဆုတောင်းမေတ္တာပို့ခြင်းတို့ဖြင့် ကူညီစောင့် ရှောက်နိုင်ကြပါစေသတည်း။

◆◆◆

# ခြေနှစ်ချောင်းလည်း ကယ်လိုက်ပါ
# မင်းလှေမျောလည်း ဆယ်လိုက်ပါ

'ခြေနှစ်ချောင်းလည်း မကယ်နှင့်။ မင်းလှေမျောလည်း မဆယ်နှင့်' ဆိုသောစကားကို ငယ်စဉ်ကပင် ကြားဖူးပါ၏။ သဘောမကျပါ။ မှတ်သားစရာထင်၍ မှတ်သားခဲ့ရသော်လည်း ဘဝင်မကျ။ မြန်မာ့စိတ်သဘောထားနှင့် ကိုက်ညီသည်မထင်။ မြန်မာ့အတွေးအမြင်မှ ဟုတ်ပါလေစ သံသယဖြစ်မိ၏။

နောင်တွင် 'တစ်ထောင့်တစ်ည' ပသီပုံပြင်မှာပါဝင်သော ပုံပြင်တစ်ပုဒ်ကို ဖတ်ရ၏။ တိရစ္ဆာန်များက လူကို ခြေနှစ်ချောင်းနှင့် နားရွက်တိုဟု ခေါ်ကြသည်။ ခြေနှစ်ချောင်းရှိ၍ နားရွက်တိုသောလူသည် တိရစ္ဆာန်များနှင့်မတူ။ ဉာဏ်ပညာရှိသလောက် ကောက်ကျစ်စဉ်းလဲကြောင်း တိရစ္ဆာန်များအပေါ် အနိုင်ကျင့်ခိုင်းစေတတ်၍ ကြောက်စရာကောင်းကြောင်း၊ လေအဟုန်ကဲ့သို့ လျင်မြန်စွာ ပြေးနိုင်သောမြင်းကို ဖမ်းယူ၊ ဇက်ကြိုးတပ်၍ ကျောပေါ်ခွထိုင်စီးနင်းကြောင်း၊ မြင်းခမျာ လူ၏အစီးအနင်းကို သေသည်အထိ တစ်သက်လုံး ခံယူသွားရကြောင်း၊ ဦးချိုရှိသော နွားကိုလည်း နဖားကြိုးတပ်၍ လှည်းအဆွဲခိုင်း၊ ထွန်ထည်အဆွဲခိုင်းကြောင်း၊ ခွန်အားအကြီး ဆုံးဖြစ်သော ဆင်ကိုပင် ယဉ်ပါးအောင်ပြု၍ စီးနင်းခိုင်းစေတတ်ကြောင်း။

ထို့ကြောင့် ခြေနှစ်ချောင်းနှင့် နားရွက်တိုဖြစ်သော လူကို ဒုက္ခဖြစ်နေလျှင်လည်း မကယ်သင့်ကြောင်း၊ ကယ်မိလျှင် သူ၏အစေအပါး ဘဝသို့ရောက်၍ သူခိုင်းသမျှ လုပ်ရမည်။ သူအနိုင်ကျင့်သမျှ ဒုက္ခခံရမည် ဖြစ်ကြောင်း တိရစ္ဆာန်များဘက်မှ အတွေးအမြင်နှင့် ရေးသားထားသော ပုံပြင်ဖြစ်သည်။

အမှန်ဆိုသော် တိရစ္ဆာန်များ၏ အတွေးအမြင်မဟုတ်။ ဉာဏ်ပညာရှိသောလူကပင် တိရစ္ဆာန်များဘက်မှ စဉ်းစားဆင်ခြင်၍ တွေးမြင်ထားခြင်းဖြစ်သည်။ လူတို့၏ ကောက်ကျစ်စဉ်းလဲပုံ၊ အနိုင်ကျင့်တတ်ပုံ၊ ကျေးဇူးမသိတတ်ပုံကို ရှု့ချထားခြင်းဖြစ်ပါသည်။

သို့သော် ထိုစကားကို ယေဘုယျအမှန်တရားအဖြစ် ခံယူရန် သင့်မသင့် ချင့်ချိန်သင့်သည်။ မြန်မာ့စိတ်ရင်း သဘောထား၊ မြန်မာ့အတွေးအမြင်နှင့် ဆင်ခြင်သင့်သည်။

ထိုစကားကို အမှန်ပြု၍ မှတ်သားခံယူလျှင် ခြေနှစ်ချောင်း ဖြစ်သောလူအချင်းချင်း ကူညီရိုင်းပင်းမပြုအပ်။ ဒုက္ခရောက်နေသောသူကိုလည်း မကူညီအပ်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ မေတ္တာတရား၊ အကြင်နာတရား၊ ကရုဏာတရား နည်းပါးရုံသာမက ကင်းမဲ့စေရန်ပါ သင်ကြားပေးခြင်း ဖြစ်၏။ စိတ်ကောင်းရှိစေသော သင်ကြားမှုမဟုတ်ပါ။

မြန်မာမှုနယ်ပယ်တွင် 'တစ်ဦးမေတ္တာတစ်ဦးမှာ' ဟူသော ဆိုရိုးစကားရှိ၏။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မေတ္တာထားရန်ဖြစ်သည်။ 'သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်' ဆိုသော စကားလည်းရှိသည်။

လူအချင်းချင်း 'ကိုယ်နှင့်နှိုင်း မရိုင်း' 'ကိုယ်ချင်းစာ မနာ' ဟူသော ဆိုရိုးစကားများလည်းရှိသည်။ ဒုက္ခဖြစ်သူကို ကိုယ်နှင့်နှိုင်းသင့်သည်။ ကူညီရန်၊ ကယ်ဆယ်ရန် လိုအပ်သူတွေ့လျှင်လည်း ကိုယ်ချင်းစာနာ

သင့်သည်။ စိတ်ကောင်းရှိသူတိုင်း ကိုယ်ချင်းစာတရားရှိသည်။ ကိုယ်ချင်းစာတရားရှိသူတိုင်း ကူညီတတ်ကြသည်။

ကူညီခံရသူ ကယ်ဆယ်ခံရသူကလည်း ကျေးဇူးတင်မည်။ အခွင့်သာသည်နှင့် ကျေးဇူးပြန်ဆပ်မည်ဖြစ်သည်။ 'တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး' ဆိုသောစကားရှိသည်။ သူ၏ ကျေးဇူး မထိမ်မြုံနှင့် ထိမ်မြုံသောသူ မီးလိုပူဟူ၍လည်း ခံယူထားကြပါသည်။

ကျေးဇူးပြုလျှင် ကျေးဇူးဆပ်ခြင်းကိုပင် ရရှိနိုင်သည်။ သို့သော် ကျေးဇူးအဆပ်ခံချင်ကြ၍မဟုတ်။ ဒုက္ခဖြစ်နေသူတွေ့လျှင် ကိုယ်တတ်နိုင်သမျှ ကူညီရမည်။ ကယ်ဆယ်ရမည်မှာ စိတ်ကောင်းရှိသူတိုင်း၏ တာဝန်ဖြစ်သည်။ လူတစ်ယောက် ဒုက္ခရောက်နေသည်ကိုတွေ့ပါလျက် 'ခြေနှစ်ချောင်းလည်း မကယ်နှင့်' ဟုပြောပြီး မျက်နှာပြောင်ပြောင်နှင့် ရှောင်သွားရမည်မှာ ရက်စက်ရာကျသည်။ ကိုယ်ချင်းစာတရား ကင်းမဲ့လွန်းသည်။ လူအချင်းချင်း ကူညီပါ။ ကယ်ဆယ်ပါ။ ခြေနှစ်ချောင်းလည်း ကယ်လိုက်ပါဟု ပြောချင်ပါသည်။

ထိုနည်းတူစွာပင် ဒုက္ခရောက်နေသူတွေ့လျှင် မင်းဖြစ်ဖြစ်၊ ရိုးရိုးလူဖြစ်ဖြစ် ကူညီသင့်ပါသည်။ ရေစီးမှာ လှေမျောပြီး ဒုက္ခရောက်နေသူတွေ့ပါလျက် မင်းဖြစ်သည်ဟူ၍ မကယ်ဘဲ လျစ်လျူရှုရမည်မှာ သဘာဝမကျပါ။ ဒုက္ခရောက်သူ အကူအညီလိုသူတွေ့လျှင် ဒုက္ခသည်အဖြစ်သာသဘောထား၍ ကူညီသင့်ပါသည်။ မင်းကိုကူညီမိ၍ ဒုက္ခရောက်သောအဖြစ်ရှိသကဲ့သို့ ကောင်းသွားသော အဖြစ်လည်း များစွာရှိပါသည်။ သို့ဖြစ်လျက် အဆိုးကိုသာကြည့်မြင်ပြီး တစ်ဖက်သတ် ကောက်ချက်ချလျှင်မျှတသောအတွေးအမြင်မဟုတ်ပါ။

အမှန်စင်စစ် ရိုးသားစွာ ဆင်ခြင်စဉ်းစားလျှင် ကူညီခြင်း၊ ကယ်ဆယ်ခြင်းသည် စိတ်ကောင်းဖြစ်၏။ ကိုယ်ချင်းစာတရားဖြစ်၏။ လုပ်ထိုက်သော

အလုပ်ဖြစ်၏။ ခြေနှစ်ချောင်းသည် လူဖြစ်သည်။ မင်းဆိုသည်မှာလည်း လူဖြစ်သည်။ လူကို လူလိုသဘောထားပြီး ကူညီသင့်သည်။ ကိုယ်ချင်းစာတရားထား၍ ဒုက္ခရောက်သူကို ကယ်ဆယ်သင့်သည်။ ထိုသို့ ကူညီကယ်ဆယ်၍ ကောင်းခြင်းဆိုးခြင်းမှာ နောက်ဆက်တွဲဖြစ်သည်။ မိမိကုသိုလ်ကံနှင့်လည်းဆိုင်သည်။ ဆိုးချင်မှလည်း ဆိုးမည်။ ကောင်းသည်လည်း အများကြီးရှိနိုင်သည်။

သေချာသည်ကတော့ ကူညီခြင်း ကယ်ဆယ်ခြင်းသည် စိတ်ကောင်းဖြစ်၏။ မွန်မြတ်၏။ ခြေနှစ်ချောင်းလည်း ကယ်သင့်သည်။ ခြေလေးချောင်းလည်း ကယ်သင့်သည်။ သတ္တဝါအများကို ကရုဏာထား၍ ကူညီခြင်း၊ ကယ်တင်ခြင်းသည် ကောင်းမြတ်သည်။

ဖြစ်ရပ် အကြောင်းအချက်အချို့ကို အခြေပြု၍ ဘယ်သူမကူနှင့်၊ ဘယ်ဝါမကယ်နှင့်ဟုပြောလျှင် ယေဘုယျ အမှန်ကို မရနိုင်ပါ။ ပို၍ဆိုးသည်မှာ စိတ်ကောင်းမရှိဘဲ နိမ့်ကျသောသွန်သင်မှုဖြစ်သည်။ မကောင်းသော ခံယူချက်ကို ဖြစ်စေသည်။

စိတ်ကောင်းရှိမှ ကြီးမြတ်ပါသည်။

ထို့ကြောင့် စိတ်ကောင်းရှိစေချင်သော စေတနာကောင်းနှင့် တင်ပြခြင်းဖြစ်ပါသည်။

'ခြေနှစ်ချောင်းလည်း ကယ်လိုက်ပါ။ မင်းလှေမျှောလည်း ဆယ်လိုက်ပါ' ဟူ၍. . ။

◆◆◆

**လယ်တွင်းသားစောချစ်**

# လယ်တွင်းသားစောချစ်

# ဘဝလမ်းညွှန်စကားမွန်

